# ကားတိုင်တော်အား ဆန်းစစ်ခြင်း

# နှင့်


# ကားတိုင်တော်အား

# တွေ့ဆုံခြင်း

ယေရှုခရစ်ကားတိုင်တော်၏

အကျိုးသက်ရောက်ပုံနှင့်

အနက်အဓိပ္ပါယ်



Adrian Ebens

# ကားတိုင်တော်အား ဆန်းစစ်ခြင်း

နှင့်

# ကားတိုင်တော်အား တွေ့ဆုံခြင်း

Adrian Ebens

# ကားတိုင်တော်အား ဆန်းစစ်ခြင်း
# နှင့်
# ကားတိုင်တော်အား တွေ့ဆုံခြင်း

ယေရှုခရစ်ကားတိုင်တော်၏ အကျိုးသက်ရောက်ပုံနှင့် အနက်အဓိပ္ပါယ်

ကျွန်ုပ်၏ ချစ်မိတ်ဆွေများဖြစ်ကြသော
Tor နှင့် Azadeh တို့အား ရည်စူးသောအားဖြင့်၊

ပုံနှိပ်ထုတ်ဝေသူ

fatheroflove.info

ဩဂုတ်လ ၂၀၁၉

https://maranathamedia-myanmar.com/

© Adrian Ebens, 2019
adrian@life-matters.org

# မာတိကာ

၁။ သူတို့အားခွင့်လွှတ်တော်မူပါ အဖ

၂။ သူ့ကို ကားတိုင်မှာရိုက်ထားပါ။

၃။ သူတို့ ညှဉ်းဆဲခံရလေရာရာ၌ ကိုယ်တော်သည် ညှဉ်းဆဲခံရလေ၏။

၄။ သင်တို့သည် တနာရီခန့်မျှ ငါနှင့်အတူ စောင့်၍နေခြင်းငှါ မစွမ်းနိုင်သလော။

၅။ ကိုယ်တော်သည် ယဇ်နှင့် ပူဇော်သက္ကာကို အလိုတော်မရှိ။

၆။ အကျွန်ုပ်တို့၌ရှိသော ဓမ္မသတ်

၇။ မောရှေသည် တော၌မြွေကို မြှောက်ထားသကဲ့သို့

၈။ အိုဘုရားသခင်၊ ကိုယ်တော်၏လမ်းသည် သန့်ရှင်းရာဌာနတော်၌ရှိပါ၏။

၉။ နိဂုံးချုပ်ဆုတောင်း (Selah)

# ၁။ သူတို့အားခွင့်လွှတ်တော်မူပါ အဖ

စိတ်နှလုံးထဲက ထင်ဟပ်လာသည့် ပုံရိပ်များကြောင့် ကျွန်ုပ်အကြီးအကျယ် ပူဆွေးဝမ်းနည်းမိသည်။ ရင်းနှီးဆုံးလူများအား ဒုက္ခပေးမိပြီဟူသော အစုလိုက်အပြုံလိုက် အတွေးများက ကျွန်ုပ်၏စိတ်တွင် လွှမ်းမိုးဖိစီးလာခဲ့သည်။ သို့နှင့် စိတ်ငြိမ်သက်ခြင်းကို ကျွန်ုပ် အလေးအနက် ဖွေရှာမိလေတော့ သည်။ ယခင်ပြုမိခဲ့သော စိတ်လိုက်မာန်ပါလုပ်ရပ်တချို့ကို ပြန်လည်ဆင်ခြင်နေခဲ့ရာ၊ ကျွန်ုပ်ကိုယ်ကျွန်ုပ် ရွံ့မုန်းမိ၍ လက်ရှိအနေအထားမှ ထူးခြားပြောင်းလဲသူတစ်ဦးဖြစ်ရန် ကျွန်ုပ်တောင်းတနေမိ ခဲ့သည်။ ထိုစဉ်၊ စိတ်ထဲမှ ပုံပေါ်လာခဲ့သော စကားလုံးတစ်လုံးမှာ "ခွင့်လွှတ်ခြင်း" ပင်ဖြစ်ပြီး၊ ထိုခွင့်လွှတ်ခြင်းကို ကျွန်ုပ်လိုလားတောင်းတနေမိလေတော့သည်။

သင်၏ လက်ရှိအသက်ရှင်ရပ်တည်မှုပုံစံကို သင် မနှစ်သက်။ သို့သော် မိမိကိုယ်ကိုပြောင်းလဲရန် သင် အကြိမ်ကြိမ်ကြိုးစားသော်လည်း ဖိစီးမှုပေးသော နဂိုခံစားမှုများအောက်သို့သာ သင်ပြန်ရောက်သွားသည်။ ထိုခံစားမှုအဆင့်အထိ သင်ရောက်ခဲ့ဖူးပါသလား။ သင့်ကိုယ်၌ သင်ပြန်မြင်နေရသည့် စိတ်အနှောက်အယှက်ပေးသော ထိုပုံရိပ်ထဲမှ သင်အဘယ်သို့ လွတ်မြောက်နိုင်ပါမည်နည်း။

ကျမ်းစကားများ မှန်ကန်ကြောင်း ဤအတွေ့အကြုံက ထောက်ခံပြနေပါသည်။

> ……၊ဖြောင့်မတ်သောသူမရှိ၊ တယောက်မျှမရှိ။ (၁၁) နားလည်သောသူမရှိ၊ ဘုရားသခင်ကို ရှာသော သူမရှိ။ (၁၂) လူအပေါင်းတို့သည်လမ်းလွှဲကြပြီ။ တညီတညွတ်တည်း အသုံးမရသောသူဖြစ်ကြပြီ။ ကောင်းသောအကျင့်ကို ကျင့်သောသူမရှိ၊ တယောက်မျှ မရှိ။ ရောမသြဝါဒစာ ၃း၁၀-၁၂

မိမိ၏ စာရိတ္တပျော့ကွက်ကို မျက်ကွယ်ပြုလျက် အခြားသူတို့၏ အမှားများကို အာရုံစိုက်ကာ မိမိကိုယ်ကို လူကောင်းဟန်ဆောင်ထားသူ အများအပြားရှိနေပါသည်။ လူသားတိုင်းတွင် စာရိတ္တပျော့ကွက်များ အသီးသီးရှိနေကြသည်ဖြစ်ရာ၊ မိမိတို့ကြုံနေရသည့် ခဲယဉ်းသော အခြေအနေတစ်ခုအတွက် အခြားသူတစ်စုံတစ်ယောက်၌ ပြစ်ချက်ရှာတွေ့ရန် လွယ်ကူလှပေသည်။ ဤနည်းဖြင့် စိတ်ငြိမ်သက်မှု ကြိုးပမ်းရှာဖွေနေခြင်းသည် အခြားသူများနှင့် ပေါင်းသင်းဆက်စံရေးကို

ကေန်မှုချ ပျက်ယွင်းစေသည်သာမက၊ အဆုံးတွင် သာ၍ဆိုးသော ဝမ်းနည်းအထီးကျန်ခြင်းများကို တွေ့ကြုံခံစားမိစေပါသည်။

ငြိမ်သက်ခြင်းနှင့် လွတ်မြောက်ခြင်းသို့သွားသော တစ်ခုတည်းသောလမ်းကား မိမိကိုယ်ပိုင်ပြဿနာများကို ကိုယ်တိုင်တာဝန်ယူပြီး ဖန်ဆင်းရှင်ထံပါးမှ ခွင့်လွှတ်ခြင်းကို ဖွေရှာရန်သာဖြစ်သည်။

> ထိုအခါ နှုတ်တော်ကိုဖွင့်၍ တပည့်တော်တို့အား ဆုံးမဩဝါဒပေးတော်မူသည်မှာ၊ စိတ်နှလုံးနှိမ့်ချသောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား ကောင်းကင်နိုင်ငံတော်သည် ထိုသူတို့၏ နိုင်ငံဖြစ်၏။ (၄) စိတ်မသာညည်းတွားသောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား ထိုသူတို့သည် သက်သာခြင်းသို့ ရောက်ကြလတံ့။ မသဲ ၅း၂-၄

အမှန်တကယ်ပင် ထိုအဆင့်အထိ ကျွန်ုပ်ရောက်ရှိသွားခဲ့ပါသည်။ မိမိ၏အတ္တစိတ်များနှင့် အခြားသူများ၌ ပေးခဲ့မိသောနာကျင်မှုများအတွက် ကျွန်ုပ်ညည်းတွားနေခဲ့မိပါသည်။

ခရစ်ယာန်အိမ်ထောင်မိသားစုမှ ကျွန်ုပ်ပေါက်ဖွားကြီးပြင်းခဲ့ပြီး ယေရှုခရစ်၌ထင်ရှားတော်မူသည့် ဘုရားသခင်၏မေတ္တာတော်အကြောင်းကို ကျွန်ုပ် သင်ယူလာခဲ့ရသည်။ ကလေးဘဝတွင် ကျွန်ုပ်အကြိမ်ကြိမ်ကြားခဲ့ဖူးသည့် စကားတစ်ခွန်းရှိသည်။

> ဝန်လေး၍ ပင်ပန်းသောသူအပေါင်းတို့၊ ငါထံသို့လာကြလော့။ ငါသည် ချမ်းသာပေးမည်။ မသဲ ၁၁း၂၈

စိတ်ငြိမ်သက်ခြင်းနှင့် စိတ်ပေါ့ပါးခြင်းအခွင့်ကို ရှာတွေ့ရန် ယေရှုထံသို့လာနိုင်သည် ဆိုသည့်အတွေးကြောင့် ကျွန်ုပ်ခွန်အားရလာခဲ့သည်။ ယေရှု၏အသက်တာနှင့် အထူးသဖြင့် သူ၏သေဆုံးခါနီး နောက်ဆုံးမြင်ကွင်းများကို ကျွန်ုပ် ပြန်လည်ဆင်ခြင်နေမိခဲ့သည်။ မိမိကိုယ်ကို အဖတ်မဆယ်နိုင်တော့သည့် ကျိုးပဲ့နေသောနှလုံးသားတစ်စုံအတွက် ကြီးမားသည့် တန်ခိုးခွန်အားတစ်ခုကို ကားတိုင်တော်ပုံဝတ္ထုတွင် တွေ့ရှိရသည်။ ကားတိုင်တော်သည် သန်းပေါင်းများ စွာသောသူ တို့၏ အသက်တာကို ပြောင်းလဲစေပြီး၊ သူတို့အား စိတ်ငြိမ်သက်ခြင်းနှင့် မျှော်လင့်ခြင်းများ ပေးစွမ်းနေပြီးဖြစ်ပါသည်။ သို့ရာတွင် ထိုကားတိုင်တွင် ပဟေဠိဆန်သည့် ပုစ္ဆာအမေးတစ်ခုရှိနေသည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀၀ ခန့်က သစ္စာအဖေါက်ခံ၊ အညှင်းဆဲခံ၊ အသေသတ်ခံခဲ့ရသည့် အပြစ်မဲ့

ပုဂ္ဂိုလ်တစ်ဦး၏ ပုံဝတ္ထုတစ်ပုဒ်က ကျွန်ုပ်စိတ်ဝိညာဉ်အဖို့ မည်သို့ စိတ်ငြိမ်သက်ခြင်း ပေးနိုင်ပါမည်နည်း။ ဒီကနေ့တွင် ယင်းပုံဝတ္ထုက ကျွန်ုပ်နှင့် အဘယ်သို့ဆက်စပ်နေပါသနည်း။

အစပိုင်းတွင် ဤပုံဝတ္ထုအား အသိစိတ်ထဲမှ လက်မခံနိုင်ခဲ့ပါ။ မွေးရန့်များထုံသင်းလျက် ငြိမ်သက်ခြင်းတေးသံစဉ်များနှင့်ပြည့်လျှံနေသည့် သဘာဝအလှတရားများဝန်းရံထားရာ တိတ်ဆိတ်သောအရပ်တစ်ခုသို့ တိုးဝင်ခြင်းဖြင့် ငြိမ်သက်ခြင်းကိုရှာဖွေလျှင် ပိုပြီးအဓိပ္ပါယ်ရှိလိမ့်မည်ဟု ကျွန်ုပ်တွေးမိခဲ့သည်။ သို့သော်၊ ကျွန်ုပ်စိတ်နှလုံး၌ ကားတိုင်တော်၏ပုံဝတ္ထု သက်ဝင်လှုပ်ရှားလာသောအခါ၊ စစ်သားတို့၏ အော်သံများ၊ ယေရှု၏ ကျောပြင်ပေါ်သက်ရောက်ခဲ့သည့် ကျာပွတ်ရိုက်သံများနှင့် လေးလံသော သစ်တိုင်အောက်တွင် ကယ်တင်ရှင်လဲကျသွားခဲ့စဉ် မြေပေါ်သို့ သစ်တိုင်ကြီးဘုတ်ခနဲကျသွားခဲ့သည့် အသံများကို ကျွန်ုပ်တို့ ကြားယောင်လာမိသည်။ လူထုကြီး၏ လောင်ရယ်သံများကို ကြားယောင်မိပြီး၊ လူမဆန်သည့်မြင်ကွင်းအပေါ် နှစ်ထောင်းအားရနေကြသည့် မျက်နှာပြောင်များကို ကျွန်ုပ်တို့ မြင်တွေ့လာရပါသည်။

ဤပဟေဠိပုစ္ဆာ၏ လျို့ဝှက်ချက်ကား အဘယ်နည်း။ ဤပုံဝတ္ထုက ကျွန်ုပ်အား မည်သို့ ငြိမ်သက်ခြင်း ပေးနိုင်ပါမည်နည်း။ စိတ်အေးချမ်းမှုကို လူသတ်ပွဲတစ်ခုမှ အဘယ်သို့ရရှိနိုင်ပါမည်နည်း။

သင့်စိတ်တွင် ဤလူသတ်မြင်ကွင်းကို မျက်နှာလွှဲပစ်ထားလိုငြားသော်လည်း၊ ဤဇာတ်လမ်းအားရှုမြင်လိုသည့်စိတ်ဆန္ဒရှိရာဆီသို့ သင့်ကို ဆွဲခေါ်နေသည့် ဆွဲနိုင်သောတန်ခိုးတစ်ခုရှိနေပါသည်။ အကြင်နာကင်းမဲ့သော ဤဖြစ်ရပ်ကို ကျွန်ုပ်တို့ ထူးခြားစွာသိကျွမ်းနေကြသည့်တစ်ချိန်တည်းမှာပင် ဤဖြစ်ရပ်ကြောင့် ကျွန်ုပ်တို့တုန်လှုပ်ရပါသည်။ ဦးခေါင်းခွံ (ခေါ်) ဂေါလဂေါသအရပ်သို့ ကျွန်ုပ်တို့ ရောက်ရှိသွားကြသည်။ နှိပ်စက်ခြင်းသစ်တိုင်ပေါ်တွင် မညည်းမညူပဲ ယေရှုလဲလျောင်းနေတော်မူသည်။ ဦးခေါင်းတော်ထက်ဝယ် လူထုကြီး ဆူးနှစ်ဝင်ရောက်စေခဲ့သည့် လောင်ရယ်ခြင်းဆူးရစ်သရဖူကြောင့် ယေရှု၏ မျက်နှာတော်မှ သွေးများစီးကျနေလျက်ရှိသည်။ ထိုစဉ်၊ ဤကံကြမ္မာကို ယေရှုနှင့်အတူ နာကျင်ခံစားကြမည့်သူများ ကြိရာမရဖြစ်သွားကြသည်။ ရှောင်လွှဲမရနိုင်သည့် ထိုနာကျင်မှုကို ခေတ္တလွှဲရှောင်နိုင်ကြဖို့ သူတို့ကြိုးပမ်းခဲ့ကြသည်။ ရိုက်နှက်ခံထားရသည့် ဒဏ်ချက်တော်များကြောင့် ကယ်တင်ရှင်၏ကျောပြင်တော် ရုပ်ဆင်းသဏ္ဍာန်ကင်းမဲ့သွားခဲ့ရသည်။ သို့ရာတွင် ဤဆံခံရမှုမျိုးနှင့် ထိုက်တန်လောက်သည့် မည်သည့်အမှုမျိုးကို ဤပုဂ္ဂိုလ်ကြီး လွန်ကျူးဘိသနည်း။

ခရစ်ဝင်ကျမ်းတွင် ဖော်ပြထားသည့် ထိုပုံဝတ္ထုကို ရှာဖွေဖတ်ရှုနေခဲ့စဉ်၊ သနားကြင်နာခြင်းနှင့် ပြည့်ဝသော အသက်တာနှင့် အကြင်နာမေတ္တာရှင် ကောင်းကင်အဖခမည်းတော်၏ အလှပဆုံး သောရုပ်ပုံလွှာများကို ကျွန်ုပ်တွေ့မြင်လာခဲ့ရပါသည်။ ဤမျှ ရိုင်းစိုင်းသောဆက်ဆံရေးမျိုးကို ဤပုဂ္ဂိုလ်ကြီး တွေ့ကြုံခံစားနေရသည့်အမှုသည် အဘယ်သို့ဖြစ်နိုင်ပါသနည်း။

များစွာသောသူတို့အား ကောင်းချီးပေးတော်မူခဲ့သည့် သိမ်မွေ့သောလက်တစ်စုံသည် သံမှိုနှင့် ရိုက်သွင်းခြင်းခံနေရစဉ်၊ သံမှိုနှင့် တူ ရိုက်မိသည့်တချွင်ချွင်မြည်သံက ကျွန်ုပ်တို့၏ စိတ်အာရုံကို ဖမ်းစားထားခဲ့ပါသည်။ ဖုံထူသော ဂါလိလဲပြည်လမ်းများပေါ်တွင် လျှောက်လှမ်းလာခဲ့သည့် အဖိုးထိုက်သော ခြေတော်တစ်စုံသည် ယခုအခါ သစ်တိုင်ပေါ်တွင် ရိုက်ထားခြင်းခံရသည်။ ထို့နောက် တလောကလုံး တွေ့ဆုံနိုင်အံ့သောငှါ ကားတိုင်တော်သည် အရှိန်ပြင်းစွာ စိုက်ထူ ခြင်းခံခဲ့ရသည်။ ဤအဖြစ်အပျက်ကို သန်းပေါင်းများစွာသောသူများ ပြောဆိုနိုင်ရန်နှင့် လေ့လာ ဖတ်ရှုနိုင်ကြရန် ကျမ်းစာတော်မြတ်တွင် မှတ်တမ်းတင်ထားပေးခဲ့ပါသည်။

အပြစ်ရှိသည့်ခံစားမှုမှ လွတ်ခြင်းငှါ ဤကားတိုင်တော်အဖြစ်အပျက်ကို ကျွန်ုပ်ဆင်ခြင်အောက် မေ့နေခဲ့စဉ် ဘုရားသားတော်ဖြစ်တော်မူသည့် အပြစ်မဲ့ပုဂ္ဂိုလ်ကြီးကို ကျွန်ုပ်ဂရုဏာသက်မိလာ သည်။ ဂေသရေမန်ဥယျာဉ်မှ ကရာနီကုန်းထက်သို့ လှမ်းသွားခဲ့သည့် ထိုသူ၏ခြေတော်ရာများကို ကျွန်ုပ် စိတ်တွင် လိုက်လံခြေရာခံမိခဲ့သည်။ ပိလတ်မင်းပြောသောစကားကို ကျွန်ုပ် ဆင်ခြင်နေမိ ခဲ့သည်။

သူ့ကိုကြည့်ကြလော့။ ယောဟန် ၁၉း၅

ကြီးစွာသော နာကျင်ဝမ်းနည်းခြင်းနှင့်တကွ ချွေးစက်များအစား သွေးစက်များစီးကျလျက် ဥယျာဉ်တော်တွင် ဒယိမ်းဒယိုင်နှင့် ယေရှုလဲကျသွားသည်ကို ကျွန်ုပ်ကြည့်နေခဲ့သည်။ တပည့် တော်များ ထွက်ပြေးပြီး၊ မိမိတို့သခင်အား လူအုပ်ကြီး၏လက်ထဲသို့ သူတို့ ဝကွက်အပ်ထားခဲ့ ကြသည်ကို ကျွန်ုပ် သတိပြုမိခဲ့သည်။ ဗာရဗ္ဗကို လွတ်ပေးရန်နှင့် ဘုရားသားတော်ကို ကားတိုင် တင်ရန် လူထုကြီး အဘယ်သို့ရွေးချယ်မိကြသည်ကို ကျွန်ုပ်အံ့အားသင့်မိသည်။ အဘယ်ကြောင့် သူတို့ ဤသို့ပြုကြသနည်း။ ဤသို့ ခံစားထိုက်သည်တိုင်အောင် မည်သည့်မကောင်းမှုတို့ကို ယေရှုပြုဘိသနည်း။ ယေရှု အလောင်ခံရ၍ အနိုင်ကျင့် အရိုက်နှက်ခံရသည်ကို ကျွန်ုပ်ကြည့်ရှု နေခဲ့သည်။

> အဝတ်တော်ကို ချွတ်၍ နီသောဝတ်လုံကို ခြုံစေကြ၏။ (၂၉) ဆူးပင်နှင့်ရက်သော ဦးရစ်ကို ခေါင်းတော်၌တင်ကြ၏။ ကျူတလုံးကိုလည်း လက်ျာလက်တော်နှင့် ကိုင်စေပြီးလျှင် ရှေ့တော်မှာဒူးထောက်လျက် ယုဒရှင်ဘုရင်၊ ကိုယ်တော်သည် မင်္ဂလာရှိစေသတည်းဟူ၍ ကိုယ်တော်ကို ပြက်ယယ်ပြုကြ၏။ (၃၀) ကိုယ်တော်ကို တံတွေးနှင့်ထွေး ကြ၏။ ကျူလုံးကို ယူ၍ ခေါင်းတော်ကိုရိုက်ကြ၏။ (၃၁) ထိုသို့ ကိုယ်တော်ကို ပြက်ရယ်ပြုသည်နောက်၊ မင်းဝတ်လုံကို ချွတ်၍ အဝတ်တော်ကို ဝတ်ပြန်စေပြီးလျှင် လက်ဝါးကပ်တိုင်မှာ ရိုက်ထားခြင်းငှါ ထုတ်သွားကြ၏။ ရှင်မဿဲခရစ်ဝင် ၂၇း၂၈-၃၁

ဤဖြစ်ရပ်မှန်ဇာတ်လမ်းတွင် ပါဝင်ခဲ့ကြသည့် နှလုံးသားမဲ့ ဇာတ်ကောင်များကို ကျွန်ုပ် အပြစ်တင်လိုခဲ့သည်။ သို့သော်၊ အခြားသူများအပေါ်လွန်ကျူးခဲ့မိသည့် ကျွန်ုပ်၏ နှလုံးသားမဲ့ လုပ်ရပ်များကို ပြန်စဉ်းစားကြည့်သော်၊ ထိုဇာတ်ကောင်များနည်းတူ ကျွန်ုပ်အပြစ်ရှိသည်ကို ကျွန်ုပ်နားလည်လာခဲ့သည်။ ကျွန်ုပ်အတွေးထဲတွင် ဝင်ရောက်လာခဲ့သည့် ခရစ်တော်၏ စကားတော်ကား၊

> ငါအမှန်ဆိုသည်ကား၊ သင်တို့သည် ဤသူတည်းဟူသော ငါ့ညီတို့တွင် အငယ်ဆုံးသောသူတယောက်အား ပြုကြသမျှတို့ကို ငါ့အား ပြုကြပြီ။ ရှင်မဿဲခရစ်ဝင် ၂၅း ၄၀။

အခြားသူများအား ကျွန်ုပ် လောင်ပြောင်ကဲ့ရဲ့ခဲ့ဖူးသည် မဟုတ်ပါလော။ လူမဆန်မှုများကို သရုပ်ဖော်ပြထားသည့် ရုပ်ရှင်ဇာတ်လမ်းများကို ကြည့်ရှုစဉ်တွင် လူဆိုးဟုထင်ရသောသူများ သေပွဲဝင်သွားရသည့် ဇာတ်သိမ်းမျိုးကို ကျွန်ုပ်နှစ်သက်အားရမိဖူးသည် မဟုတ်ပါလော။ ကျွန်ုပ်အပေါ် အပြစ်ပြုမိကြသူများကို နှုတ်အားဖြင့် ကျွန်ုပ်ကျိန်ဆဲမိခဲ့ဖူးသည် မဟုတ်ပါလော။ ကျမ်းစာကို ဆက်လက်ဖတ်ရှုနေခဲ့စဉ် ကျွန်ုပ်အပြစ်ကို ကျွန်ုပ်ပိုမြင်မိလာခဲ့သည်။ ယေရှု၏နံဘေးတွင် သေလုမျှော ပါးဖြစ်နေသည့် ပုဂ္ဂိုလ်နှစ်ဦးအကြောင်းကို ဆင်ခြင်အာရုံပြုစဉ်၊ တစ်ဦးသောသူ၏ စကားသံကို ကျွန်ုပ် ကိုယ်တွေ့ခံစားမိလိုက်သည်။

> ငါတို့သည် ကိုယ်ပြုမိသောအပြစ်နှင့်အလျောက်ခံရသည်ဖြစ်၍ တရားသဖြင့် ခံရကြ၏။ ဤ သူမူကား အဘယ်အပြစ်ကိုမျှ မပြု။ ရှင်လုကာခရစ်ဝင် ၂၃း၄၁

ကားတိုင်ထက်ကယေရှုကို မျှော်ကြည့်နေခဲ့စဉ် ကျွန်ုပ်အား စိတ်အနှောက်ယှက်ပေးခဲ့ဖူးသူများ၏ ခေါင်းပေါ်၌ ယခင် ကျွန်ုပ်တင်ထားခဲ့မိသည့် စီရင်မှုသည်၊ ယခုအခါ ကျွန်ုပ်ခေါင်းပေါ်သို့ အရှိန်အဟုန်နှင့် ပြန်လည်သက်ရောက်လာခဲ့သည်။ အောက်ပါစကားလုံးများကို ကျွန်ုပ် ခံစားမိလာခဲ့သည်။

> သင်တို့သည် အကြင်တရားအတိုင်း သူတပါးကိုစီရင်ကြ၏ ထိုတရားအတိုင်းစီရင်ခြင်းကို ခံရကြမည်။ အကြင်ချိန်၊ တင်းပမာဏနှင့် သူတပါးအားပေး၏။ ထိုပမာဏအတိုင်းကိုယ်ခံရကြမည်။ ရှင်မသဲခရစ်ဝင် ၇း၂

ကားတိုင်ကို ကြည့်မျှော်ရင်း တဘဝလုံးစာ ကျွန်ုပ်မှင်တက်မိသွားခဲ့သည်။ နှစ်ပေါင်း ၂၀၀၀ ခန့်က ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်တစ်ခုဖြစ်သော်လည်း ထိုအဖြစ်အပျက်ဇာတ်လမ်းတွင် မျက်မြင်သက်သေတစ်ဦးအဖြစ် ပါဝင်ရသကဲ့သို့ ကျွန်ုပ်ခံစားမိခဲ့သည်။ ဘုရားသားတော်ကို မျှော်ကြည့်ရင်း လှပသော သူ၏မျက်နှာတော်ကို စေ့စေ့ကြည့်ရှုနေခဲ့စဉ် ကျွန်ုပ် စိတ်လေးလံ ထိုင်းမိုင်းလာခဲ့သည်။ ထိုစဉ် ကားတိုင်တော်ပတ်လည်၌ရှိသော ဆူညံသံများနှင့် ရုတ်ရုတ်သဲသဲဖြစ်မှုများ ငြိမ်ကျသွားခဲ့သည်။ ထိုစဉ်အခါ ယေရှု၏နှုတ်တော်ထဲမှ ထွက်လာသောစကားသံကား၊

> အိုအဘ၊ သူတို့၏ အပြစ်ကိုလွှတ်တော်မူပါ။ သူတို့သည် ကိုယ်ပြုသောအမှုကို မသိကြဟု မြွက်ဆိုတော်မူ၏။ ရှင်လုကာခရစ်ဝင် ၂၃း၃၄

စိတ်ထဲသို့ ထိုစကားလုံး၏အဓိပ္ပါယ်များ ထိုးခွင်းဝင်ရောက်လာခဲ့ရာ၊ ကျွန်ုပ်နှလုံးသား၌ မျှော်လင့်ခြင်းမီးပွားတစ်ခု ထွန်းလင်းသွားခဲ့သည်။ ထိုစဉ်၊ အချိန်ကြာမြင့်စွာ တောင်းတမျှော်လင့်ခဲ့ရသည့် ခွင့်လွှတ်ခြင်းတရားလည်း ကျွန်ုပ်ရှေ့တွင် သိသိသာသာ ရောက်ရှိလာခဲ့လေတော့သည်။ ပါးထက်မှစီးကျသည့် မျက်ရည်များတို့ဖြင့် ဖန်ဆင်းရှင်ရှေ့တွင် ဒူးထောက်လိုက်စဉ်၊ မေတ္တာနှင့်ပြည့်ဝသော ထိုအရှင်၏မျက်နှာတော်ကို မျှော်ကြည့်ရင်း ကျွန်ုပ်နှလုံးသား အရည်ပျော်သွားခဲ့သည်။ ထိုမျက်နှာတော်တွင် စီရင်ခြင်းလက္ခဏာ တစိုးတစိမျှမရှိ။ ဒုစရိုက်နှင့်ပြည့်နှက်သော ကျွန်ုပ်၏အသက်တာကြောင့် ကားတိုင်ပေါ်တွင် သူနာကျင်နေခဲ့ရသော်လည်း ကျွန်ုပ်အပေါ် အဘယ်စီရင်မှုကိုမျှ သူပြုတော်မမူ။ ချစ်ခြင်းနှင့် ခွင့်လွှတ်ခြင်းများကိုသာ သူပေးတော်မူသည်။

ကျွန်ုပ် ပေးခဲ့မိသည့် နာကျင်ခြင်းဝေဒနာအတွက် ကျွန်ုပ်အား သူအပြစ်မတင်။ ကျွန်ုပ်ကို သူအလျှင်းခွင့်လွှတ်တော်မူသည်။ မေးခွန်းကား၊ ထိုခွင့်လွှတ်မှုကို ကျွန်ုပ်လက်ခံယူမည်လော။ ခွင့်လွှတ်ခံရကြောင်း ကျွန်ုပ်ယုံကြည်မည်လော။ ထိုခွင့်လွှတ်မှုကို လိုလားတောင့်တစွာ ကျွန်ုပ်လက်ခံယူခဲ့ပြီး အမွေတော်တည်းဟူသော ထာဝရအသက်ကို ကျွန်ုပ်တောင်းဆိုခဲ့သည်။ ပြုမိခဲ့သောအရာများအတွက် ယေရှုအား တောင်းပန်ခဲ့ပြီးနောက် ကျွန်ုပ်ဘဝ၏ အရှင်သခင်ဖြစ်ပေးရန် သူ့အား ကျွန်ုပ်တောင်းဆိုခဲ့သည်။ ချက်ချင်းဆိုသလိုပင် ကျွန်ုပ်အပေါ်သို့ စိတ်ငြိမ်သက်ခြင်း၊

အနာငြိမ်းခြင်း၊ ငြိမ်းချမ်းခြင်းနှင့် စိတ်ပေါ့ပါးခြင်းများ သက်ရောက်လာခဲ့လေသည်။ ကျွန်ုပ်အပေါ် လွှမ်းမိုးဖိစီးနေခဲ့သည့် အပြစ်ဝန်ထုတ်ကြီး ပျောက်လွင့်သွားခဲ့ပြီး၊ လက်တွေ့အားဖြင့်သာ တွေ့ကြုံခံစားနိုင်သည့် နှုတ်ဖြင့်မြွက်ဆိုမမှီနိုင်သော ဝမ်းမြောက်ခြင်းမျိုးကို ကျွန်ုပ်ခံစားလာခဲ့ရသည်။

အသက်စမ်းရေတွင်းတစ်ခုနှယ်၊ ကျွန်ုပ်၏မျက်ဝန်းထဲမှ ကျေးဇူးတင်မျက်ရည်များ ယိုဖိတ်စီးကျလာခဲ့သည်။ ကျွန်ုပ်ရှာဖွေခဲ့သည့် စိတ်ငြိမ်သက်မှုကို နောက်ဆုံးတွင် ကျွန်ုပ်ပိုင်ဆိုင်သွားခဲ့ရသည်။ ကျွန်ုပ်၏ကယ်တင်ရှင်အား ဝမ်းသာအားရစွာဖြင့် ကျွန်ုပ်ကျေးဇူးတင်ချီးမွမ်းနေခဲ့ပါသည်။

ဤသည်ကား ကားတိုင်တော်နှင့် တွေ့ဆုံရခြင်း၏ ကောင်းကြီးနှင့် အလှတရားပေတည်း။ ထို ကားတိုင်နှင့်ပတ်သက်ပြီး မေးစရာမေးခွန်း အများအပြားရှိပါသည်။ အလွန် လှပတင့်တယ်သော အရာတစ်ခုသည် အလွန် ထိတ်လန့်စရာကောင်းသော အမှုအရာတစ်ခုထဲမှ အဘယ်သို့ ပေါ်ထွက်လာနိုင်သနည်း။ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀၀ ခန့်က ဖြစ်ခဲ့သည့်အဖြစ်အပျက်ကို ဒီကနေ့ဖြစ်နေသည့် အဖြစ်အပျက်တစ်ခုနှယ် ခံစားမိခြင်းကား အဘယ်သို့နည်း။ ထိုသို့သောခံစားမှုမျိုးကို ယူဆောင်ပေးသည့် အဓိကသော့ချက်များကားအဘယ်နည်း။ ကားတိုင်တော်နှင့် ၎င်းနှင့် သင်ကိုယ်တိုင်တွေ့ကြုံရမှုကို အဘယ့်ကြောင့် သင်ဂရုပြုသင့်သနည်း။ ကားတိုင်တော်အကြောင်းကို စူးစမ်းရင်း ကျွန်ုပ်တို့ အဖြေရှာကြည့်ကြပါစို့။

## ၂။ သူ့ကို ကားတိုင်မှာရိုက်ထားပါ။

.........လူသားသည် ယဇ်ပုရောဟိတ်အကြီး၊ ကျမ်းပြုဆရာတို့လက်သို့ ရောက်လိမ့်မည်။ ထိုသူတို့သည် သေပြစ်ကို စီရင်ကြလိမ့်မည်။ (၁၉)လူသားအား ပြက်ရယ်ပြုခြင်း၊ ရိုက်ပုတ်ခြင်း၊ လက်ဝါးကပ်တိုင်မှာ ရိုက်ထားခြင်းကို ပြုစေခြင်းငှါ တပါးအမျိုးသားတို့လက်သို့ အပ်နှံကြလိမ့်မည်။ ရှင်မဿဲခရစ်ဝင် ၂၀း၁၈-၁၉

ယေရှုအား ဣသရေလခေါင်းဆောင်များ အဘယ့်ကြောင့် လွန်စွာမုန်းတီးနေခဲ့ကြသနည်း။ သူ့အား သူတို့ အဘယ့်ကြောင့် အလွန်ဖျက်စီးချင်ခဲ့ကြသနည်း။ ပျော်ရွှင်ဝမ်းမြောက်ခြင်းများကို ဤလောကသို့ ယူဆောင်ခဲ့သောသူက အဘယ်သို့ ဤမျှလောက် ကြောက်လန့်စရာ ကောင်းရပါမည်နည်း။

ဟုတ်မှန်သောအလင်းမူကား၊ ဤလောကသို့ကြွလာလျက် ခပ်သိမ်းသောလူအပေါင်းတို့အား အလင်းကို ပေးသောသူဖြစ်သတည်း။ (၁၀) ထိုသူသည်ဤလောက၌ရှိတော်မူပြီ။ ဤလောကကိုလည်း ဖန်ဆင်းတော်မူပြီ။ သို့သော်လည်း ဤလောကသည် ထိုသူကို မသိ။ (၁၁) သူသည်မိမိဒေသအရပ်သို့ကြွလာသော်လည်း၊ မိမိလူမျိုးတို့သည် သူ့ကို လက်မခံဘဲနေကြ၏။ ရှင်ယောဟန်ခရစ်ဝင် ၁း၉-၁၁

ဘုရားသားတော်တည်းဟူသော ဘိသိက်ခံသူအပေါ် ထားရှိသည့် ဤခေါင်းဆောင်များ၏ သဘောထားကား လူသားမျိုးနွယ်တစ်ခုလုံး၏ သဘောထားပြရုပ် တစ်ခုပင်ဖြစ်ပါသည်။

ထာဝရဘုရား၏ကျွန်သည် အညွန့်ကဲ့သို့၄င်း၊ သွေ့ခြောက်သောမြေ၌ ပေါက်သောအတက်ကဲ့သို့၄င်း၊ ရှေ့တော်၌ ကြီးပွား၏။ ပမာဏပြုစရာ အဆင်းတင့်တယ်ခြင်းမရှိ။ ချစ်လိုဘွယ်သော မျက်နှာလက္ခဏာနှင့် မပြည့်စုံ။ (၃) **မထီမဲ့မြင်ပြုခြင်းကို ခံ၍၊ လူတို့ တွင် အယုတ်ဆုံးသောသူဖြစ်၏** ငြိုငြင်သောသူ၊ နာကြည်းခြင်းဝေဒနာနှင့် ကျွမ်းဝင် သောသူဖြစ်၏။ သူတပါးမျက်နှာလွှဲခြင်းကိုခံရသော သူကဲ့သို့ဖြစ်၏။ **မထီမဲ့မြင်ပြုခြင်း ကို ခံလျက်ရှိ၍၊ ငါတို့သည် မရိုသေကြ။** ဟေရှာယအနာဂတ္တိကျမ်း ၅၃း၂-၃။

> လောကီရှင်ဘုရင်တို့သည် ထကြ၍၊ မှူးမတ်အရာရှိတို့လည်း၊ ထာဝရဘုရားနှင့် ခရစ်တော်ကို ရန်ဘက်ပြုလျက်၊ (၃) သူတို့ချည်နှောင်ခြင်းကို ဖြေကြကုန်အံ့။ ချည်နှောင်သောကြိုးတို့ကို ဖယ်ကြကုန်အံ့ဟု သင်းဖွဲ့ကြ၏။ ဆာလံကျမ်း ၂း၂-၃

အာဒံမှ အလိုအလျောက်အမွေရထားသော ဘုရားသားတော်အပေါ်ထားရှိသည့် ကျွန်ုပ်တို့၏ စုပေါင်းစိတ်နေသဘောထားတစ်ခုကို ကားတိုင်တော်ပုံဝတ္တုက အရှင်းလင်းဆုံး ဖေါ်ပြထားသည်။ အောက်ဖေါ်ပြပါ ပေါလု၏တင်ပြချက် မှန်ကန်ကြောင်းကို ဤပုံဝတ္တုမှ ထောက်ပြပေးနေပါသည်။

> အဘယ်ကြောင့်နည်းဟူမူကား၊ ဇာတိပကတိစိတ်သဘောသည် ဘုရားသခင်နှင့် ဆန့်ကျင်ဘက်ဖြစ်၏။ ဘုရားသခင်၏ တရားတော်အလိုသို့ မလိုက်တတ်။ ထိုမျှမက မလိုက်နိုင်။ ရောမဩဝါဒစာ ၈း၇

ဤရန်လိုစိတ် (ဆန့်ကျင်ဘက်စိတ်) အစပြုခဲ့သည့်နေရာကား အဘယ်နည်း။ အစအဦးတွင်၊ ဥယျာဉ်အလယ်၌ စားစရာအဖို့မဟုတ်သည့် သစ်ပင်တစ်ပင် တည်ရှိနေကြောင်းကို အာဒံနှင့်ဧဝတို့အား မေတ္တာဖြင့် ဘုရားသခင်သွန်သင်ညွှန်ပြထားပေးခဲ့ပါသည်။ ထိုအပင်၏အသီးကို ယူစားလျှင် သူတို့ သေဆုံးရလိမ့်မည်ဖြစ်ပြီး သူတို့၏ဖြစ်တည်မှု အဆုံးသတ် သွားရလိမ့်မည်ဖြစ်သည်။ ဖန်ဆင်းရှင်ကို အစေခံခြင်းငှါ အာဒံနှင့် ဧဝတို့ ရွေးချယ်နိုင်မည်အကြောင်း ထိုအပင်အား ဥယျာဉ်တော်တွင် ထားရှိတော်မူခဲ့ခြင်းဖြစ်သည်။ ဥယျာဉ်တွင် ဤနည်းဥပဒေသ မရှိခဲ့ပါလျှင် မိမိတို့၏ရွေးချယ်ပိုင်ခွင့်ကို သူတို့ လက်တွေ့အသုံးချနိုင်မည်မဟုတ်ချေ။ သို့ရာတွင် ဘုရားကို ဆန့်ကျင်ပြီး ရွေးချယ်မှုပြုခြင်းသည် အသက်၏အရင်းအမြစ်မှ မိမိကိုယ်ကို ဖြတ်တောက်ပစ် ခြင်းပင်ဖြစ်ပေသည်။

ဘုရားရှင်၏ နှုတ်ထွက်စကားများကို မည်သို့ နားလည်ထားသင့်ပါသနည်း။ ၎င်းတို့အား အာဒံနှင့်ဧဝတို့၏ ကောင်းစားရေးအတွက် အဆုံးမဲ့သောချစ်ခြင်း ဆောင်မခြင်းများတို့ဖြင့် ပေးအပ်တော်မူခဲ့သည် မဟုတ်ပါလော။ ထိုနှုတ်ထွက်စကား၏ ရည်ရွယ်ချက်ကို တလွဲနားလည်လက်ခံထားဖို့ မြွေအယောင်ဆောင်လျက် ဧဝအား စာတန်သိမ်းသွင်းအကြံပြုခဲ့ပါသည်။

> မြွေကလည်း သင်တို့သည် ဧကန်အမှန် သေရမည်မဟုတ်၊ (၅) အကြောင်းမူကား၊ ထိုအသီးကိုစားသောနေ့၌ သင်တို့သည် မျက်စိပွင့်လင်းလျက် ကောင်းမကောင်းကို သိ၍၊

ဘုရားသခင်ကဲ့သို့ ဖြစ်ကြလတံ့သည်ကို၊ ဘုရားသခင်သိတော်မူသည်ဟု မိန်းမအား ဆို၏။ ကမ္ဘာဦးကျမ်း ၃း၄၊၅

ဘုရားသခင်သည် အတ္တကြီးပြီး မိမိပညတ်အားဖြင့် အာဒံနှင့် ဧဝတို့၏စွမ်းရည်ကို ကန့်သတ်ရန် ကြိုးစားနေပါသည်ဟု စာတန်အယုံသွင်း ချဉ်းကပ်လာခဲ့သည်။ ဘုရားသခင်၏ နှုတ်ထွက်စကားတော်အပေါ် ဤသဘောထားဖြင့် ခံယူခြင်းခဲ့အရာက ဘုရားသခင်မိန့်ကြားခဲ့သည့် ဖြစ်ပေါ်လာမည့် အကျိုးဆက်၏ အနက်အဓိပ္ပါယ်ကို လုံးလုံးမှောက်လှန်သွားစေခဲ့ပါသည်။ ပြောင်းပြန်ကြိုးကြောင်းဆက်နွယ်မှုကို အသုံးပြုပြီး စာတန် အခိုင်အမာတင်ပြပြောဆိုခဲ့ပါသည်။ "သင်တို့သည် ဧကန်အမှန်သေရမည်မဟုတ်။" သူတို့အား "ဘုရားကဲ့သို့ဖြစ်"ရန် ဘုရားရှင် အလိုမရှိသောကြောင့် သူတို့သေရမည်ဟု တကိုယ်ကောင်းစိတ်ဖြင့် ဘုရားရှင်မှာထားခဲ့ခြင်းဖြစ်ကြောင်း ဤတင်ပြချဖြင့် စာတန်စွပ်စွဲနေခဲ့သည်။ အဓိပ္ပါယ်မှာ အပင်၏အသီးကို ယူစားမိလျှင် မိမိတို့အပြစ်ကြောင့် သေရမည်ဟူသည့် သဘောထက်၊ ယူစားမိလျှင် မိမိတို့ကို ဘုရားကိုယ်တိုင် သတ်ပစ်မည်ဟူသည့် သဘောမျိုးနှင့် အာဒံနှင့် ဧဝတို့ နားလည်သွားခဲ့ကြပါသည်။ အလွန်တရာ လွဲချော်နေခဲ့ပါသည်။

မယားဖြစ်သူ လွန်ကျူးခဲ့မိသောအပြစ်များအတွက် သူမအား ဘုရားသခင်သတ်ပစ်တော့မည် ဆိုသည့်အတွေးဖြင့် အသီးကို အာဒံယူစားခဲ့သည်။ ဘုရားသခင်သည် အာဏာရှင် ဖြစ်သည်ဟူသည့် မှားယွင်းသောအယူကို ဆွဲကိုင်လျက် မုန်းတီးဆန့်ကျင်သောစိတ်တို့ဖြင့်၊ ဧဝ မည်သို့ပင်ဖြစ်နေပါစေ သူမဘက်၌သာရပ်တည်ပေးဖို့ အာဒံ ဆုံးဖြတ်ခဲ့သည်။ တချိန်တည်းမှာပင် မြွေပြောသောစကား မှန်ကောင်း မှန်နိုင်သည်ဟူသည့်အတွေးက သူ့အား အသီးကိုယူစားမိစေရန်နှင့် မြွေနှင့်ပူးပေါင်းပြီး ဘုရားသခင်ကို ဖီဆန်မိစေရန် သူ့အဖို့ ရဲဆေး တစ်ခွက် ဖြစ်လာခဲ့ပါသည်။

ဘုရားသခင်အပေါ်ထားရှိသည့် လူတို့၏ အမုန်းတရားပေါက်ပွားရာနေရာကို ဤနေရာ၌ ကျွန်ုပ်တို့တွေ့ရှိရသည်။ ဘုရားသခင်၏ စာရိတ္တနှင့်ပတ်သက်ပြီး အာဒံတွင် မှားယွင်းသော အယူအဆတစ်ခု ရှိနေခဲ့ပြီး ထိုအမှားအတိုင်း သူပြုမူနေခဲ့သည်။ အခြားသူများကို အသေသတ်ပစ်ခြင်းဖြင့် မိမိ၏ကိုယ်ကျိုးစီးပွားကို အတ္တကြီးစွာ ဘုရားသခင်ကာကွယ်တော်မူမည် ဟူသော ယုံကြည်ချက်ကြောင့် ဘုရားအပေါ် ချစ်စိတ်ပြယ်ပြီး အာဒံ ကြောက်စိတ်ဝင်လာခဲ့ရပါသည်။ ဤသဘောထားကို သူပြန်ဖြေကြားခဲ့သည့် အဖြေစကားထဲတွင် အတိုင်းသား ထင်ရှားပြသထားပေးသည်။

လူကလည်း ဥယျာဉ်၌ကိုယ်တော်၏ အသံကို ကျွန်တော်ကြားလျှင်၊ အဝတ်အချည်း စည်းရှိသောကြောင့်၊ ကြောက်၍ပုန်းလျက်နေပါသည်ဟု လျှောက်လေ၏။ (၁၁) ဘုရားသခင်ကလည်း၊ သင်၌ အဝတ်အချည်းစည်းရှိသည်ကို သင်အားအဘယ်သူ ပြောသနည်း။ မစားရဟု ငါပညတ်သော အပင်၏အသီးကို စားပြီလောဟု မေး တော်မူ၏။ (၁၂) လူကလည်း **ကျွန်တော်၌ အပ်ပေးတော်မူသော မိန်းမသည် ထိုအပင် ၏အသီးကို ပေး၍ ကျွန်တော်စားမိပါသည်ဟု** လျှောက်လေ၏။ ကမ္ဘာဦးကျမ်း ၃း၁၀-၁၂

မိမိအား သတ်ပစ်ရန် ဘုရားကြွလာပြီ ဟူသော မှားယွင်းသည့်ယူဆချက်ကြောင့် အာဒံ ကြောက် လန့်နေခဲ့ရသည်။ တားမြစ်သစ်ပင်၏အသီးကို စားပြီးလောဟု အမေးခံလိုက်ရသည့်အခါ မိမိ၏ ဇနီးသည်နှင့် ဘုရားသခင်အပေါ် သူအပြစ်လွဲချခဲ့သည်။ တနည်းအားဖြင့် "တစ်ယောက်ယောက် သေရမယ်ဆိုရင် ကျွန်တော့ဇနီးကိုယူပြီး ကိုယ်တော် သတ်သင့်တယ်။ သူမကို ဖန်ဆင်းခဲ့တဲ့ အတွက် ကိုယ်တော်ကိုယ်တိုင်လည်း အသေခံသင့်တယ်။" ဟု အာဒံပြောဆိုနေခြင်းပင်ဖြစ်သည်။

မိမိ၏အကျိုးစီးပွားကို ကာကွယ်ရန် ဘုရားသခင် လူအသက်သတ်မည်ဟူသော မှားယွင်းသည့် ထင်မြင်ချက်တစ်ခုအပေါ်တွင် ဤဖြစ်စဉ်အားလုံး အရင်းခံနေခဲ့ပါသည်။ တစ်ဦးတစ်ယောက် အသေသတ်ခံရခြင်းမှအပ အခြားနည်းလမ်းမရှိတော့ပါဟု အာဒံ တွေးဆနေမိခဲ့ရာ၊ မိမိ၏ ကိုယ်ကျိုးစီးပွားနှင့် လုံခြုံရေးအတွက် မိမိ၏ဇနီးမယားနှင့် ဘုရားသခင်အား အာဒံ သေပြစ် စီရင်ခဲ့လေတော့သည်။ အပြစ်တရား ဝင်ရောက်လာခဲ့သည်နောက် ဘုရားသားတော်အားဖြင့် လူသားများ အဆက်အသွယ် ပြန်ရကြသည်ကို စိတ်ဝင်စားဖွယ်ရာ ကျွန်ုပ်တို့တွေ့ရှိရသည်။ ထိုသားတော်သည် ဘုရားသခင်နှင့် လူသားစပ်ကြားရှိ တစ်ဦးတည်းသောအာမခံဖြစ်သည်။ ၁ တိ ၂း၅။ ဘုရားသခင့်ပညတ်ကို ချိုးဖေါက်ခြင်း၌ မိမိအား သွေးဆောင်ဖျားယောင်ခဲ့သည့် မိန်းမကို ဖန်ဆင်းပေးခဲ့ခြင်းအတွက် ဘုရားသားတော်အား အာဒံ သေပြစ်စီရင်ခဲ့သည်။ "ကျွန်တော်၌ အပ်ပေးတော်မူ သောမိန်းမ" ဟူသည့် စကားထဲတွင် နောက်နှစ်ပေါင်း ၄၀၀၀ ခန့်အကြာ၌ အပင်ပေါက်လာမည့် "သူ့ကို ကားတိုင်မှာရိုက်ထားပါ။"ဆိုသည့် ကြွေးကြော်ခြင်းမျိုးစေ့များ ပါဝင်နေပါသည်။

အာဒံ၏ စိတ်နှလုံးတွင် ဤမျိုးစေ့ နက်ရှိုင်းစွာ မြုပ်ဝင်နေလျက်ရှိပြီး၊ ထိုသို့မြုပ်ဝင်နေသည်ကို သူကိုယ်တိုင်ပင် သတိမထားခဲ့မိပါချေ။ ခရစ်တော်အား ကွပ်မျက်မည့်အကြံသည် အာဒံ၏

အကြံပင်ဖြစ်သည် ဆိုသည့်စွဲချက်မျိုးနှင့် အာဒံအား ဘုရားသားတော် တိုက်ရိုက်ပြောဆိုခဲ့မည်ဆို လျှင်၊ ထိုအကြံမှာ မိမိအကြံမဟုတ် မိမိ၏သားစဉ်မြေးဆက်များ၏အကြံသာဖြစ်သည် ဆိုသည့်ပုံစံမျိုး နှင့်သာ အာဒံ ပြန်ဖြေကြားခဲ့လိမ့်မည်ဖြစ်ပါသည်။

> ......ငါ့ကိုသတ်အံ့သောငှါ အဘယ်ကြောင့် ရှာကြံကြသနည်းဟု မိန့်တော်မူ၏။ (၂၀) လူအစုအဝေးကလည်း၊ သင်သည် နတ်ဆိုးစွဲသောသူဖြစ်၏။ သင့်ကို သတ်အံ့သောငှါ အဘယ်သူ ရှာကြံသနည်းဟု ဆိုကြ၏။ ရှင်ယောဟန်ဩဝါဒစာ ၇း၁၉၊ ၂၀

ဘုရားသားတော်၏ စွဲချက်ကို ပုံကြီးချဲ့သည့်လုပ်ရပ်တစ်ခုအဖြစ် အာဒံ လုံးလုံးငြင်းဆိုခဲ့လိမ့်မည် ဖြစ်ပေသည်။ ဤသေခြင်းမျိုးစေ့အား ဖယ်ရှားနိုင်သည့် တစ်ခုတည်းသော နည်းလမ်းကား ယင်း မျိုးစေ့အား ဖော်ထုတ်ဖို့နှင့် အာဒံကိုယ်တိုင် ဘုရားသားတော်အပေါ် မိမိပြုခဲ့မိသော မကောင်း မှုအတွက် နောင်တရဖို့သာဖြစ်သည်။

ဤသေခြင်းမျိုးစေ့ကို အမျိုးသမီး အမျိုးသားတိုင်း အမွေရထားခဲ့ကြသည်။ ဘုရားသခင်အား အလိုလို ပုန်ကုန်လိုသည့် သဘောထားနှင့် သားတော်အား ထိခိုက်နာကျင်စေလိုသည့် စိတ်ဆန္ဒ တစ်ခုသည် ကျွန်ုပ်တို့အထဲတွင် မသိမသာ တည်ရှိနေသည်။ ထို့ကြောင့် ကိုယ်တော်အား မထီမဲ့ မြင်ပြုလျက် ငြင်းပယ်နေကြသောသူများထဲတွင် လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀၀ က သူ့အား ကားတိုင်တင်ခဲ့ကြသူများသာမက ကျွန်ုပ်တို့လူသားများအားလုံးပါ ပါဝင်နေကြပါသည်။

သို့ဖြစ်ပါ၍၊ ကားတိုင်တော်တရားသည် လူသားသမိုင်းတွင် နေ့ရက် တစ်ရက်တည်းနှင့်သာ ဆိုင်သောတရား မဟုတ်ပဲ လူသားသမိုင်းတလျှောက်လုံး၏ နေ့ရက်တစ်ရက်စီတိုင်းနှင့် ထိစပ် ဆက်နွယ်နေသော တရားတစ်ခုဖြစ်သည်။

## ၃။ သူတို့ ညှဥ်းဆဲခံရလေရာရာ၌ ကိုယ်တော်သည် ညှဥ်းဆဲခံရလေ၏။

> **ကမ္ဘာဦးကပင် ကွပ်မျက်သောသိုးသငယ်**၏ အသက်စာစောင်၌ စာရင်းမဝင်သော မြေကြီးသား အပေါင်းတို့သည် သားရဲကို ကိုးကွယ်ကြ၏။ (အင်္ဂလိပ်ကျမ်းစာနှင့် ယှဉ်တွဲ ဖတ်ရန်) ဗျာဒိတ်ကျမ်း ၁၃း၈

ကားတိုင်အကြောင်းကို ပြောကြားတော်မူရာတွင် လူအများစု နားလည်ထားကြသည့် အဓိပ္ပါယ်ထက် ပိုမိုကျယ်ပြန့်သည့်အဓိပ္ပါယ်မျိုးနှင့် ယေရှုပြောကြားတော်မူခဲ့ပါသည်။

> ထိုအခါ ယေရှုက၊ ငါ၌ဆည်းကပ်လိုသောသူဖြစ်လျှင် **ကိုယ်ကိုကိုယ်ငြင်းပယ်ရမည်။ ကိုယ်လက်ဝါးကပ်တိုင်ကိုထမ်း၍** ငါ့နောက်သို့လိုက်ရမည်။ ရှင်မဿဲခရစ်ဝင် ၁၆း၂၄

ကားတိုင်တော်တရားသည် ကိုယ်ကိုကိုယ်ငြင်းပယ်ခြင်းတရား တစ်ခုဖြစ်သည်။ ကားတိုင်ပေါ်တင် သတ်ခံရသည်အထိ ဖြစ်ပျက်သွားခဲ့သည့် အဖြစ်အပျက်များတလျှောက်တွင် ထိုအရာကို ယေရှု ပြသပေးခဲ့သည်။ မိမိခံရသော ကဲ့ရဲ့ခြင်းနှင့် ရိုက်နှက်ခြင်းများအတွက် မိမိကိုယ်ကို သူ ခုခံကာကွယ်မှုမပြုခဲ့ပါ။ ပြင်းစွာ နာကျင်ခဲ့ရသော်လည်း သူ သည်းခံတော်မူခဲ့သည်။ စကြာဝဠာ တစ်ခုလုံး၏ စွမ်းအင် ရှိသမျှတို့သည် သူ၏အမိန့်တော်အောက်တွင် တည်ရှိနေခဲ့သည်။ မိမိခံရသော ဝေဒနာရှိသမျှတို့ကို သူချက်ချင်း ဖယ်ရှင်းပစ်နိုင်သည်။ သို့ရာတွင် မိမိအား ကိုယ်ထိလက်ရောက် ကျူးလွန်သူများ စိတ်နှလုံးပြောင်းလဲချိန်ရအောင် ထိုနာကျင်ခြင်းကို သူ ဆက်လက်ခံယူတော်မူခဲ့သည်။ နောက်နှစ်ပေါင်း ၄၀ တွင် ဖြစ်ပျက်လာမည့် ယေရုရှလင်မြို့ပျက်စီးခြင်းနှင့်အတူ သူတို့ ပျက်စီးမသွားစေခြင်းငှါ မိမိတို့၏လုပ်ရပ်များမှ နောင်တရကြဖို့ ထိုသူတို့အား ခရစ်တော် မျှော်လင့်တော်မူခဲ့သည်။

စကြာဝဠာတစ်ခုလုံးအား ဘုရားသားတော် ထိန်းချုပ်ထားသည်ကား အမှန်ပင်ဖြစ်၏။

> သားတော်(ခရစ်တော်) သည်လည်း ခပ်သိမ်းသောအရာ မဖြစ်မီ ဖြစ်တော်မူ၍ **ခပ်သိမ်း သောအရာတို့သည် တန်ခိုးတော်အားဖြင့်သာ တည်ကြ၏။** ကောလောသဲ ၁း၁၇

ထိုသားတော်သည် ဘုရားသခင်၏ ဘုန်းတော်ရောင်ခြည်နှင့် ဇာတိအဖြစ်တော်၏ ပုံသဏ္ဌာန်ဖြစ်၍၊ **တန်ခိုး နှင့်ပြည့်စုံသော မိမိအမိန့်တော်အားဖြင့် ခပ်သိမ်းသောအရာတို့ကို မစတော်မူသောသူဖြစ်လျက်၊** .......ဟေဗြဲဩဝါဒစာ ၁း၃

ကျွန်ုပ်တို့၏ ဖန်ဆင်းရှင်သခင်ခရစ်တော်သည် သိမ်မွေ့သော မိဘတစ်ဦးနှယ် ယောကျ်ား၊ မိန်းမနှင့် ကလေးရှိသမျှတို့ကို လွန်စွာသနားကြင်နာတော်မူသည်။ သားသမီး တစ်ဦး ချင်းစီတို့အား ပျော်ရွှင်ကျန်းမာပြီး ငြိမ်သက်ခြင်းရှိသည့် ပတ်ဝန်းကျင်တစ်ခုတွင် သူ ရှင်သန်ကြီးပြင်းစေလိုသည်။ သူ၏ အလိုဆန္ဒသည် ကျွန်ုပ်တို့အပေါ် ထားရှိသည့် ခမည်းတော်ဘုရား၏ အလိုဆန္ဒပင်ဖြစ်သည်။ မိမိ၏ သားသမီးတစ်ဦးဦး နာကျင်ခံစားရလျှင် ခရစ်တော် နာကျင်ခံစားရသည်။ လူသားများ ခံစားနေရသည့် ဝေဒနာများအားလုံးတို့အတွက် သူ နှလုံးတော်နာကျင်ရသည်။ ထိုအကြောင်းကို ပရောဖက်ဟေရှာယမှ အောက်ပါအတိုင်း ပြောဆိုတင်ပြထားပါသည်။

အမှုရောက်လေရာရာ၌ သူတို့ကို ညှဉ်းဆဲတော်မမူ-**<u>(အင်္ဂလိပ်ဘာသာပြန်ဆိုမှု - သူတို့ညှဉ်းဆဲခံရလေရာရာ၌ ကိုယ်တော် ညှဉ်းဆဲခံရလေ၏။)</u>** ရှေ့တော်မှ စေလွှတ်သော ကောင်းကင်တမန်သည် ကယ်တင်လျက်၊ မေတ္တာကရုဏာတော်ရှိသည်အတိုင်းရွေးနှုတ်တော်မူ၏။ ရှေးကာလပတ်လုံး သူတို့ကို ချီဆောင်တော်မူ၏။ ဟေရှာယ ၆၃း၉

တစ်ဦးတစ်ယောက်အနေဖြင့် ဖြစ်စေ လူမျိုးတစ်မျိုးအနေဖြင့် ဖြစ်စေ၊ ဣသရေလလူများ နာကျင်ခံ စားခဲ့ရသည့် အမှုအရာတစ်စုစီတိုင်းတွင် သူတို့နှင့်အတူ ခရစ်တော်နာကျင်ခံစားခဲ့ရသည်။ သို့ရာတွင် ဣသရေလလူမျိုးတစ်မျိုးတည်း အတွက်သာမဟုတ်ပဲ လောကီလူသားများအားလုံးတို့ အတွက်ပါ ခရစ်တော် နာကျင်ခံစားရသည်။

မိဘတို့၊ သင့်သား(သို့)သမီး အပြင်းအထန် နာကျင်ခံစားရသောအခါ သင်မည်သို့ ခံစားရသနည်း။ သူတို့ခံရသောနာကျင်မှုကြောင့် ရင်ကွဲပက်လက်ဖြင့် သင် လွန်စွာနာကျင်ဝမ်းနည်းရသည် မဟုတ်ပါလော။ သင့်သားသမီးအချင်းချင်း နာကျင်မိစေကြသောအခါ သင်မည်သို့ခံစားရသနည်း။ သင်ပိုမို ဝမ်းနည်းရသည်မဟုတ်ပါလော။ ဒဏ်ရာရသော သင့်ကလေးအတွက် သင်နာကျင်ခံစားရပြီး ဒဏ်ရာဖြစ်စေသော သင့်ကလေး အတွက် သင် အားလျော့စိတ်ပျက်ရပါသည်။

ကိုယ်သားသမီးအား မိသားစုဝင်မဟုတ်သည့် အပြင်လူတစ်ယောက် ထိခိုက်နာကျင်စေသည့်အခါ မိဘများ မည်သို့ခံစားရပါသနည်း။ နာကျင်စေခဲ့သောသူအား အလားတူသော နာကျင်မှုတို့ဖြင့်

လက်တုံ့ပြန်ရမည်ဟု လူအများအပြား ခံစားမိကြသည်။ ကိုယ်သားသမီး အစေမွပြုကျင့်ခံရသော အခါ ယေရှု မည်သို့ခံစားရသနည်း။ လူသား မိဘများထက် ယေရှု ပိုမိုနာကျင်ဝမ်းနည်းရပါသည်။ ကျူးလွန်သူအား ပြစ်ဒဏ်ပေးခြင်းဖြင့် လူသားများ တုံ့ပြန်တတ်ကြသည်။ ခရစ်တော်အဖို့မှာမူ၊ ထိုကျူးလွန်သူသည်လည်း သူ၏သားသမီး ဖြစ်နေပါသည်။ သူတို့၏ ဆိုးသောလုပ်ရပ်ကြောင့် ခရစ်တော် စိတ်ထိခိုက်ရသည်။ သို့သော် သူတို့ထံမှ အကွယ်အကာကို ရုတ်သိမ်းတော်မူလျှင် သူတို့ သေဆုံး သွားလိမ့်မည်ဖြစ်သည်။ သို့ရာတွင် အဘယ်သူကိုမျှ ခရစ်တော် အသက်မသေ စေလိုပါ။ ထို့ကြောင့် ယောကျ်ားများ၊ မိန်းမများနှင့် ကလေးများအချင်းချင်း နာကျင်မှုပေးနေ ကြစဉ်၊ မတရားပြုနေကြစဉ်၊ သတ်ဖြတ်နေကြစဉ် ခရစ်တော် တိတ်တဆိတ် နာကျင်နေရ ပါသည်။

ကျွန်ုပ်တို့ အပြစ်လွန်ကျူးကြသည့်အခါတိုင်း ဝိညာဉ်တော်၏ မေတ္တာရပ်ခံချက်ကို ကျွန်ုပ်တို့ ဆန့်ကျင်ငြင်းဆန်နေကြပါသည်။ သိလျက်နှင့် ကျွန်ုပ်တို့ အမှားကျူးလွန်နေကြသည့် အခါတိုင်း ခရစ်တော်ကို ကျွန်ုပ်တို့ အသဲခွဲနေကြခြင်းသာဖြစ်ပါသည်။

> **ရွှေ့လျော့ဖေါက်ပြန်သောသူတို့သည်၊ မိမိတို့တွင် ဘုရားသခင်၏သားတော်ကို လက်ဝါးကပ်တိုင်မှာ ကွပ်မျက်၍** အသရေတော်ကို ရှုတ်ချသောသူဖြစ်သောကြောင့်၊ နောက်တဖန်နောင်တရအံ့သောငှါ အသစ်ပြုပြင်ခြင်းသို့ မရောက်နိုင်ကြ။
> ဟေဗြဲသြဝါဒစာ ၆း၆

လူတစ်ယောက် ပါးအပုတ်ခံရတိုင်း ခရစ်တော် နာကျင်ခံစားရသည်။ ဖခင်ဖြစ်သူ၏ နှိပ်စက်မှုကြောင့် ကလေးငယ်တစ်ဦး တုန်လှုပ်နေရသည့်အချိန်တိုင်း ထိုသူနှင့်ထပ်တူ ခရစ်တော် ခံစားရသည်။ "အဘယ်ကြောင့် ခရစ်တော် တစ်စုံတစ်ရာ မပြုပဲနေသနည်း။" ဟု လူအများ မေးတတ်ကြသည်။ သို့ရာတွင် ထိုလုပ်ရပ်များကို ရပ်တန့်ပစ်ရန် လူသားများကို ခရစ်တော် ဖိအားပေးတော် မမူပါချေ။ အဘယ်ကြောင့်ဆိုသော်၊ ဖိအားပေးခြင်းဖြင့် မကောင်းမှုကျူးလွန်သူတို့၏ စာရိတ္တ ပြောင်းလဲမသွားနိုင်သောကြောင့်ဖြစ်သည်။ ဘုရားသခင် ဖိအားပေးခြင်းပြုလျှင် ဘုရားသခင်ကိုယ်တော်တိုင်၏ဇာရိတ္တတော် ပြောင်းလဲရာရောက်ပေလိမ့်မည်ဖြစ်သည်။ ဘုရားသခင် ပြောင်းလဲ ခြင်းမရှိကြောင်း ကျမ်းစာတွင် ဖေါ်ပြထားသည်။ (မာလခိ ၃း၆)။ စဉ်းစားကြည့်ပါလေ။ လူတစ်စုံ တစ်ယောက်က မိမိအား ဘုရားသခင် ဖိအားပေးနေသည်ဟု ခံစားနေရမည်ဆိုလျှင်၊ ထိုခံစားမှုကြောင့် ထိုသူပိုပြီး ခေါင်းမာလာနိုင်ပြီး မကောင်းမှုများကို သူပိုမို လုပ်ဆောင်မိနိုင်သည်။

လူသားအချင်းချင်း ညှဉ်းဆဲနေကြခြင်းအပေါ် ခရစ်တော် ခံစားရသည့် နာကျင်မှုများကို ကျွန်ုပ်တို့ နားလည်လာကြသည့်အခါ ကားတိုင်တော်ကို အသစ်သောအမြင်နှင့် ကျွန်ုပ်တို့မြင်တတ်လာပါသည်။ ထိုအခါ အရင်အတိုင်း ကျွန်ုပ်တို့ အသက်ဆက်ကြတော့မည် မဟုတ်ပါချေ။ worldometer.info မှ ဖော်ပြထားသည့် အောက်ပါ စာရင်းအချက်အလက်များကို ဆင်ခြင်ကြည့်ပါလေ။

ကမ္ဘာ့ကျန်းမာရေးအသင်း (WHO) ၏တင်ပြချက်အရ၊ ကမ္ဘာပေါ်တွင် ခန့်မှန်းချေ ကိုယ်ဝန်ဖျက်ချမှုပေါင်း သန်း ၄၀-၅၀ အထိ နှစ်စဉ်ဖြစ်ပျက်နေလျက်ရှိသည်။ ရက်အားဖြင့် တွက်သော်၊ တစ်ရက် လျှင် ခန့်မှန်းခြေကိုယ်ဝန်ဖျက်ချမှုပေါင်း ၁၂၅၀၀၀ ခန့် ဖြစ်ပွားနေပါသည်။[1] ဤနည်းဖြင့် မိမိ၏ သားသမီး ၁၂၅၀၀၀ ခန့် နေ့စဉ်သေကျေပျက်စီးနေရသည်ကို ခရစ်တော် တွေ့မြင်နေရသည်ဖြစ်ရာ သူအဘယ်မျှ နာကျင်ခံစားနေရမည်ကို သင်မှန်းဆနိုင်ပါသလား။ ကိုယ်ဝန်ဖျက်ချမိခြင်းအတွက် မိမိကိုယ်ကိုခွင့်နိုင်ရန်ကြိုးစားနေရစဉ် မိခင်တစ်ဦး၌ မည်သည့်ခံစားမှုများဖြစ်ပေါ်နေမည်ကို သင် မှန်းဆနိုင်ပါသလား။ ဤစာရင်းတွင် ပါဝင်နေသည့် နာကျင်ခံစားရမှုများ၏ အတိမ်အနက်ကို လူသားတစ်ဦးအနေဖြင့် မည်သည့်နည်းနှင့်မျှ ကျွန်ုပ်တို့ နားလည်နိုင်မည်မဟုတ်ပါချေ။

ယနေ့ တစ်နေ့တည်းမှာပင် ခန့်မှန်းခြေ လူပေါင်း ၃၀၀၀ ခန့် ယဉ်မတော်တဆမှုများနှင့် သေကျေပျက်စီးနေရပြီး၊ လူပေါင်း ၂၈၀၀ ခန့် မိမိကိုယ်ကို အဆုံးစီရင်နေကြပါသည်။ ထိုစာရင်းများတွင် ပါဝင်သည့် သေဆုံးသူများသာမက ကျန်ရစ်သူများပါ ခံစားလိုက်ရသည့် နာကျင်မှု အတိုင်းအဆ ပမာဏကား အဘယ်မျှကြီးမားသနည်း။ ယနေ့ တစ်နေ့တည်းမှာပင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသည့် ကလေးများနှင့် အမျိုးသမီးများ အရေအတွက် မည်မျှရှိနေပါသနည်း။ စာရင်းအရ လူဦးရေ ၂၅ သန်းနီးပါးခန့် ကျွန်အဖြစ် နှစ်စဉ်လူကုန်ကူးခံနေရကြပြီး၊ ထိုအထဲတွင် တစ်ဝက်ကျော်ကျော်မှာ နှစ်စဉ် လိင်ပိုင်းဆိုင်ရာအဓမ္မပြုကျင့်ခံနေရပါသည်။[2] ထို ၂၅ သန်းတွင် ၇၁ % မှာ အမျိုးသမီး များနှင့် မိန်းကလေးငယ်များဖြစ်ကြပါသည်။ ယနေ့ တစ်နေ့တည်းမှာပင် မိမိတို့၏ လက်တွဲဖော် (သို့) ယခင်လက်တွဲဖော်များ၏ လက်ချက်ကြောင့် အသက်သေဆုံးနေရသည့်

---

[1] Worldometers.info/abortions/

[2] https://www.bustle.com/p/13-sex-trafficking-statistics-that-put-the-worldwide-problem-into-perspective-9930150

အမျိုးသမီးဦးရေ ၁၃၇ ဦးခန့်ရှိနေပါသည်။[3] ဤစာရင်းများအရဆိုလျှင် ခရစ်တော်ကြုံနေရသည့် နာကျင်ခံစားမှုများ အဘယ်မျှများပြားမည်ကို ကျွန်ုပ်တို့ မမှန်းဆနိုင်တော့ပါချေ။ ဤသည်မှာ၊ ကမ္ဘာနှင့်အဝှမ်း လူသားများ နေ့စဉ်ကြုံတွေ့ခံစားနေရသည့် နာကျင်မှုများအကြောင်းကို ဖော်ပြထားသည့် စာရင်း အကျဉ်းသာဖြစ်သည်။

လူယောက်ျား၊ လူမိန်းမတို့ လွန်ကျူးသော ရက်စက်မှုနှင့် အတ္တဆန်မှုများကို တွေ့ကြုံခံစားရန် ခရစ်တော် နေ့စဉ်ဖိအားပေးခံနေရသည်။ ကိုယ့်ကိုယ်ကို ကယ်တယ်ခြင်းငှါ ကိုယ်အလိုငြင်းပယ်ခြင်းကားတိုင်ထက်မှ ခရစ်တော်အဘယ့်ကြောင့် မဆင်းလာပဲနေသနည်းဟု တစ်စုံတစ်ယောက် မေးခွန်းထုတ်ကောင်း ထုတ်မိလိမ့်မည်။ နေ့ရက်တိုင်းတို့သည် ခရစ်တော်နှင့် သူ၏ချစ်ဖွယ်သော ကောင်းကင်တမန်များအဖို့ မငြိမ်းနိုင်သောဒုက္ခဘုံ တစ်ခုကဲ့သို့ ဖြစ်နေသည်။ ထိုကောင်းကင်တမန်များကား ကျွန်ုပ်တို့ကို ကွယ်ကာပေးရန် စေလွှတ်ခြင်းခံရသော သူများပင်ဖြစ်ပြီး လောက၌ ဖြစ်သမျှသော ဆိုးယုတ်မှုများတို့ကို သူတို့တွေ့မြင်နေရကြသည်။ သင်ကောင်းကင်တမန် ဖြစ်ဖူးချင်ပါသလား။ အပြစ်ထဲသို့ ကျရောက်သွားသော ဤလောကီသူလောကီသားများအား စောင့်ရှောက်ပေးကြရာတွင် အဘယ်မျှကြီးမားသည့် ဝမ်းနည်းခြင်းများနှင့် သူတို့ တွေ့ကြုံနေရကြမည်ကို အာရုံပြု စဉ်းစားကြည့်လိုက်ပါလေ။ ထိုအလုပ်မျိုးကို သင်လုပ်ချင်ပါသလား။ ယေရှုထံ အကူအညီမယူပဲ နေခြင်း (သို့) ကျူးလွန်သူများမှ မိမိတို့ထံရောက်လာသည့် အလင်းတော်အား မိမိတို့နှလုံးသား တံခါးကိုပိတ်လျက် ငြင်းပယ်နေကြခြင်းတို့ကြောင့်၊ ကလေးသူငယ်များ အနိုင်ကျင့်ခံနေကြရသည်ကို ကောင်းကင်တမန်များ မြင်တွေ့နေရကြသည်။ ဤမြင်ကွင်းမျိုးကို မြင်နေရသည့် ကောင်းကင်တမန်များ အဘယ်မျှ စိတ်ထိခိုက်ဝမ်းနည်းနေရလိမ့်မည်နည်း။

ခင်ပွန်းဖြစ်သူ၏ အနိုင်ကျင့်မှုကိုခံနေသည့် မူးယစ်ဆေးစွဲနေသောသမီးတစ်ဦး၏ မိဘများ၌ မည်သည့်အကျပ်အတည်းများ တွေ့ကြုံနေရကြမည်ကို စဉ်းစားကြည့်လိုက်ပါလေ။ ထိုမိဘနေရာတွင် သင်ဖြစ်လျှင် သင်ဘာလုပ်မည်နည်း။ အသက်တာပြောင်းလဲရန် သင့်သမီးကို သင်ဖိအားပေးမည်လော။ လက်ဖျောက်တီးလိုက်ရုံနှင့် သူမအဖို့ သင်ခံစားနေရသည့်နာကျင်မှုများ ပြေပျောက်သွားမည်လော။ သင့်အကူအညီကို သူမ ငြင်းပယ်နေလျှင် သူတို့၏အိမ်ထောင်ရေးကို သင်ပြုပြင်ပြောင်းလဲပေးနိုင်ပါမည်လော။ သူတို့ဆန္ဒမပါလျှင်၊ သူတို့အား ချစ်ကြောင်းပြောဆိုပြီး သူတို့

[3] BBC.com The Women killed in one day around the world.28th Nov 2018

ရွေးချယ်လျှောက်လှမ်းနေကြသည့် အမှောင်ချိုင့်ဝှမ်းလမ်း၌ သူတို့အား အကောင်းဆုံး အားပေး နှစ်သိမ့်ခြင်းမှတပါး သင်ဘာမျှ လုပ်ပေးနိုင်မည်မဟုတ်ပါချေ။ ပြောင်းလဲကြဖို့ သူတို့အား ဖိအား ပေးနေခြင်းသည် သူတို့အား သာ၍နက်သော ပြဿနာတွင်းထဲသို့သာ တွန်းပို့ရာရောက်ပေမည်။

ဖမည်းတော်ဘုရားနှင့် ကယ်တင်ရှင်ယေရှုဘုရား တို့အနေဖြင့်လည်း အလားတူ အခြေအနေမျိုး ကို ကြုံနေကြရသည်။ သူတို့၌ အကန့်အသတ်မရှိသော အရင်းအမြစ်များရှိနေကြသော်လည်း သားသမီးများ၏ အလိုဆန္ဒကို သူတို့ အတင်းအဓမ္မ ဖိအားပေး၍ မရနိုင်ပါချေ။ သူတို့ထံမှ အကူအညီမတောင်းမခံ၊ သူတို့၏ လမ်းညွှန်မှုကို မနာခံ မလိုက်လျှောက်ကြပါလျှင် ကျွန်ုပ်တို့ကို ဘုရားသခင် ပြောင်းလဲပေးနိုင်မည်မဟုတ်ပါချေ။

လူ့အတွေးအားဖြင့်ကြည့်သော် ကားတိုင်တော်ကို ယုံကြည်ရန် မဖြစ်နိုင်ပါ။ အကြောင်းမှာ ထို ကားတိုင်တော်သည် ကျွန်ုပ်တို့၏ အတွေးနှင့် တခြားစီဖြစ်နေသောကြောင့်ဖြစ်သည်။ ယင်း ကားတိုင်တွင် မိမိကိုယ်မိမိ ခုခံကာကွယ်ခြင်း (သို့) ကိုယ်ကျိုးရှာခြင်းများ မလျှင်းမရှိပါ။ အစေခံ ရန်အတွက် ကိုယ်ကို လုံးလုံးစွန့်လွှတ်ပေးအပ်ခြင်းနှင့် ကျွန်ုပ်တို့နှင့်အတူ ဘာမျှမလုပ်ချင်သော သားသမီးများကို ကူညီနှစ်သိမ့် အားပေးခြင်းများသာ ရှိနေပါသည်။

မိမိတို့၏ နာကျင်ခံစားရမှုများကို ဘုရားသခင် လျစ်လျူတော်မူသည်ဟု တွေးထင်ပြီး ဘုရားသခင် ကို အမျက်ထွက်နေသူ အမြောက်အများရှိနေသည်။ သို့ရာတွင် မိမိအား အသိအမှတ်ပြုရန် (သို့) မိမိ၏ပညတ်တော်များကို စောင့်ထိန်းရန် လူများငြင်းပယ်နေကြစဉ် သူတို့အား စာတန်၏ တိုက် ခိုက်လာမှုများမှ ဘုရားသခင် အဘယ်သို့ ကြိုတင်ကာကွယ်ပေးနိုင်ပါမည်နည်း။ ကိုယ်တော်၏ ကွယ်ကာပေးမှုကို အလိုမရှိခြင်းနှင့် ကိုယ်တော်၏လမ်းပြမှုအတိုင်း လိုက်လျှောက်ရန် ငြင်းပယ် ခြင်းကြောင့် မိမိတို့၏ဘဝများကို စာတန်အား ဖျက်စီးခွင့် ပေးရာရောက်သွားသည်။ သူတို့ကို ဘုရားသခင် မည်သို့ကာကွယ်ထားပေးနိုင်ပါမည်နည်း။

ဘုရားသခင်ကို ယုံကြည်ပြီး ထိုသခင်၏ လမ်းပြမှုအတိုင်း လိုက်လျှောက်ရန် အားထုတ်နေကြ သည့် ကျွန်ုပ်တို့အနေဖြင့်၊ ခရစ်တော်၏ ကားတိုင်တော်သည် တစ်ရက်စာအဖြစ်အပျက် မဟုတ်ပဲ လူ့သမိုင်းတစ်လျှောက်လုံးကို လွှမ်းမိုးထားသည့် အတွေ့အကြုံတစ်ခုပင်ဖြစ်သည်ကို ကျွန်ုပ်တို့ တွေ့မြင်မိပါသလား။ အသွေးအသားအားဖြင့် ခရစ်တော် တစ်ကြိမ်တည်းသာ အသေခံခဲ့သည်မှာ မှန်ပါသည်။ သို့ရာတွင် ဤအဖြစ်အပျက်က၊ လူသားများ၏ အကျင့်အကြံအပြုအမူများအားဖြင့်

ခရစ်တော် နေ့စဉ် ဆုတ်ဖြဲထိုးဖေါက်ခြင်းခံနေရပါသည် ဆိုသည့် အမှန်တရားတစ်ခုကို ဖွင့်ပြပေးလိုက်သည့် အဓိကသော့ချက် ဖြစ်နေသည်။ အောက်ပါကျမ်းချက်ကို ဆင်ခြင်ကြည့်ပါ။

> **ငါသည်ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေခံပြီ။** သို့သော်လည်း အသက်ရှင်သေး၏။ ထိုသို့ဆိုသော် ငါသည် ကိုယ်တိုင်မရှင်၊ ခရစ်တော်သည် ငါ၌ ရှင်တော်မူ၏။ ကိုယ်ခန္ဓာ၌ယခုငါရှင်သော အသက်သည် ဘုရားသခင်၏သားတော်ကို ယုံကြည်ခြင်းအားဖြင့်တည်၏။ သားတော်သည် ငါ့ကိုချစ်၍ ငါ့အတို့ ကိုယ်ကိုကိုယ် စွန့်တော်မူ၏။ ဂလာတိဩဝါဒစာ ၂း၂၀

"ခရစ်တော်ကဲ့သို့ ကားတိုင်မှာ ငါအသေခံပြီ" ဟုမပြောပဲ "ခရစ်တော်နှင့်အတူ ကားတိုင်မှာ ငါအသေခံပြီ"ဟု အဘယ့်ကြောင့် ပေါလုပြောဆိုခဲ့သနည်း။ ခရစ်တော်နှင့်အတူ ကားတိုင်မှာ ငါအသေခံသည်မှန်လျှင်၊ လူသားတို့၏ မကောင်းမှုများကြောင့် ယနေ့ထိအောင် ကားတိုင်တွင် ခရစ်တော် အသေခံနေရဆဲရှိသည်ကို ညွှန်ပြပေးနေသည် မဟုတ်ပါလော။

> ညှင်းဆဲခြင်းကိုခံရသော်လည်းဆုံးရှုံးခြင်းမရှိ။ အောက်သို့ လှဲခြင်းကိုခံရသော်လည်း ဆုံးရာသို့မရောက်။ (၁၀) သခင်ယေရှုသည် အသက်ရှင်တော်မူကြောင်းကို ငါတို့ကိုယ်ခန္ဓာ၌ ထင်ရှားစေခြင်းငှါ။ **ယေရှု၏ သေတော်မူခြင်းကိုအစဉ်မပြတ် ငါတို့၏ ကိုယ်ခန္ဓာ၌ ဆောင်ရကြ၏။** ကောရိန္သုဩဝါဒစာစောင် ၄း၉- ၁၀။

ယေရှု၏ အသေခံတော်မူခြင်းကို ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာ၌ သယ်ဆောင်ရကြသည်ဟု အဘယ့်ကြောင့် ပေါလုပြောဆိုသနည်း။ ထိုပြောဆိုချက်ကို ပစ္စုပ္ပန်ကာလ ကြိယာအသုံးဖြင့် ရေးသားထားပါသည်။ ယေရှုနောက်လိုက်များ ခံစားရသည့် ညှဉ်းပန်းခြင်းများနှင့် နာကျင်ဝမ်းနည်းခြင်းများတွင် သူတို့နှင့် အတူ ခရစ်တော်နာကျင်ခံစားရကြောင်း ဤအချက်က ပြညွှန်ပေးနေသည် မဟုတ်ပါလော။

သို့ဖြစ်လျှင် ဤကားတိုင်တော်အပေါ် လူသားများ၏ တုန့်ပြန်မှုကား အဘယ်နည်း။ ခရစ်တော်၏ နာကျင်မှုများကို သင် နေ့စဉ်ဆင်ခြင်မိပါလျှင်၊ ကိုယ်ကျိုးအတွက် သင်အသက်ရှင်ရပ်တည်နိုင်တော့မည် မဟုတ်ပါချေ။ နေ့ရက်စဉ် ခရစ်တော် အပြင်းအထန်ခံစားနေရသည့် ဝေဒနာများကို သင်သိရှိသွားသောအခါ၊ သင့်စိတ်အလိုအတိုင်း သင်မည်သို့ အသက်ရှင်နိုင်ပါတော့မည်နည်း။

တစ်နေ့တွင်၊ ခရစ်တော်ခံရသော ဝေဒနာများအကြောင်းကို ဆင်ခြင်အာရုံပြုရင်း ကျွန်ုပ် စိတ်လေး လံနေခဲ့စဉ် "သို့ဖြစ်လျှင် ကိုယ်တော်အဖို့ ကျွန်ုပ် မည်သို့ကောင်းချီးဖြစ်နိုင်ပါမည်နည်း၊ ကျွန်ုပ် မည်သို့ ပါဝင်ကူညီနိုင်ပါမည်နည်း။"ဟု ဆုတောင်းရင်း ကိုယ်တော်အား ကျွန်ုပ်မေးမြန်းခဲ့သည်။ အဖြေကား "တနာရီခန့်မျှ ငါနှင့်အတူစောင့်၍နေခြင်းငှါ စွမ်းနိုင်သလော။" ဟူ၍ပင်ဖြစ်သည်။ ချစ်သော စာဖတ်သူ၊ ငါတို့ ကယ်တင်ရှင် ခံစားရသောနာကျင်ခြင်းများကို ဆင်ခြင်ကြည့်ရန် သင့်အား အကျွန်ုပ် ခေါ်ဖိတ်ပါ၏။ ကယ်တင်ရှင်နှင့်အတူ နီးကပ်စွာ လျှောက်လှမ်းခြင်းငှါ သင့်အား ဆီးတားနှောက်ယှက်နေသည့် ယခုဘဝအဖို့ သင်ရှာမှီးလျက်ရှိသော လောကအရာများ တို့သည် ငါတို့ကယ်တင်ရှင် ခံစားရသည့်နာကျင်ခြင်းနှင့် ထိုက်တန်ပါသလား။ လက်ရှိအနေ အထားအတိုင်း ရှေ့ဆက်နေသည့် ဤလောကအတွက် စက္ကန့်တိုင်းတွင် ပြောမပြနိုင်လောက်သည့် နာကျင်ခြင်းများကို ခရစ်တော် တွေ့ကြုံခံစားနေရပါသည်။ ဘုရားသားတော် တွေ့ကြုံခံစားနေ ရသည့် နာကျင်မှုဝေဒနာများကြောင့် သင်၏ ထွက်သက်ဝင်သက် တစ်ချက်စီတိုင်းတို့သည် အလွန် ပင်တန်ဖိုးရှိလှပေသည်။ ကရုဏာနှင့် အစဉ်ပြည့်ဝသော သူ၏နှလုံးသားသည် လူသားများ ပြောင်းလဲခြင်းရှိရန် ဖိအားပေးမည့် နှလုံးသားမျိုးမဟုတ်ပါချေ။ သူထံသို့လာ၍ စိတ်ငြိမ်သက် ခြင်းကို ရှာတွေ့နိုင်ကြရန် ကျွန်ုပ်တို့အား စိတ်ရှည်သည်းခံစွာ သူစောင့်မျှော်နေပါသည်။

ဤလောက၏ နာကျင်မှုအလုံးစုံတို့ကို ကျွန်ုပ်တို့ခေါင်းပေါ်တွင် ဘုရားသခင် ပုံထားတော်မမူပါ။ သူ့အဖို့ ဤကမ္ဘာကြီးကိုလည်း ကျွန်ုပ်တို့ မပြောင်းလဲစေနိုင်ပါ။ သို့ရာတွင် ခရစ်တော်၏ ကိုယ်ကိုကိုယ်ငြင်းပယ်ခြင်းအသက်တာ၊ နာကျင်ခြင်းနှင့် ကိုယ်ကိုကိုယ်ငြင်းပယ်ခြင်းအားဖြင့် သူပြသခဲ့သည့် ကြီးမားသော မေတ္တာတော်အကြောင်းနှင့် သူ၏ သည်းခံခြင်းများအကြောင်းကို ကျွန်ုပ်တို့ နေ့စဉ်အာရုံပြုကြသောအခါ၊ အခြားသူများအပေါ် သည်းခံတတ်သူများအဖြစ်သို့ ကျွန်ုပ်တို့ပြောင်းလဲလာနိုင်ပါသည်။ ညည်းညူခြင်း (သို့) စိတ်တိုခြင်းမရှိပဲနှင့် သူတို့၏အမှားများ နှင့် အားနည်းချက်များကို ကျွန်ုပ်တို့ နားလည်ပေးလာနိုင်သည်။

ကျော်လွန်လာခဲ့သည့် နှစ်ပေါင်းခြောက်ထောင်အချိန်ကာလတလျှောက် ယေရှုခံစားခဲ့ရသည့် ကားတိုင်ထက်က ဝေဒနာများ၏ ကြီးမားကျယ်ပြန့်မှုအကြောင်းကို ထာဝရကာလပတ်လုံး ပြော၍မကုန်နိုင်။ ကားတိုင်တော်တွင် တွေ့ရသည့် ကိုယ်ကျိုးစွန့်ခြင်း အသက်တာက ကျွန်ုပ်တို့၏ အတ္တသဘာဝများကို လုံးလုံးပေါ်လွင်ထင်ရှားစေသည်။ ကားတိုင်တော်ကို ဤနည်းဖြင့် ရှုမြင် ခြင်းအရာသည် သင့်စိတ်နှလုံးကို ကျိုးနွံ့စွာ နူးညံ့ပျော့ပြောင်းသွားစေနိုင်သလို၊ ဘုရားသခင့်

မေတ္တာတော်၏ နက်ရှိုင်းသောဖော်ပြမှုကို ဆန့်ကျင်မိသည်အထိ သင့်စိတ်နှလုံးကို ခိုင်မာ သွားစေနိုင်သည်။

ကားတိုင်တော်တွင် ဖော်ပြထားသည့် ဘုရားသခင့်မေတ္တာတော်၏ ဆွဲယူခြင်းကို ခံယူပြီး၊ ကမ္ဘာဦးမှစ၍ ယခုအချိန်အထိ စိတ်ဝိညာဉ်အားဖြင့် ယေရှု နေ့စဉ်အသေသတ်ခံရသည်ကို သင်စဉ်းစားကြည့်မည်လော။ ကားတိုင်တော်ကသာ ကျွန်ုပ်တို့ကို ဖော်ပြမပေးလျှင်၊ ခရစ်တော်အပေါ်ထားရှိသည့် ကျွန်ုပ်တို့၏ ပင်ကိုယ်စိတ်ရင်းကို ကျွန်ုပ်တို့သိခဲ့ရလိမ့်မည်မဟုတ်ပါ။ နှစ်ပေါင်း ၂၀၀၀ ခန့်က အသေခံခဲ့သည့် ခရစ်တော်၏အသေခံခြင်းအမှုအားဖြင့် အာဒံအထဲ၌ ရှိသော ရန်ငြိုးမျိုးစေ့ ထင်ရှားပေါ်လွင်လာခဲ့ပြီး၊ အာဒံ၏နှလုံးသားထဲ၌ မြုပ်ဝင်နေခဲ့သည့် ထိုမျိုးစေ့၏ အကျိုးရလဒ်ရှိသမျှတို့ကို လူသားများ တွေ့မြင်လာခဲ့ရပါသည်။

ယခုအခါ ဤကားတိုင်တော်အကြောင်းကို ကျွန်ုပ်တို့ သိမြင်နားလည်လာရကြပြီးဖြစ်ရာ၊ ထိုကားတိုင်တော်အား ကျွန်ုပ်တို့ အဘယ်သို့ တုံ့ပြန်ကြမည်နည်း။

## ၄။ သင်တို့သည် တနာရီခန့်မျှ ငါနှင့်အတူ စောင့်၍နေခြင်းငှါ မစွမ်းနိုင်သလော။

ကားတိုင်တော် ပုံဝတ္တုသည် ခံစားတတ်သော လူတို့အဖို့ စိတ်ထိခိုက်စေနိုင်သော ပုံဝတ္တုဖြစ်ပါသည်။ ဤပုံဝတ္တုသည် တိရိစ္ဆာန်အသက် (သို့) လူ့အသက်သတ်ခြင်းဖြင့် အသက်မွေးနေသော သနားစရာလူသားတို့အား အန္တရာယ်ရှိသည့် စိတ်ထိခိုက်ရမှုအခြေနေသို့ ရောက်စေနိုင်သည်။

လူများရှေ့တွင်ရပ်လျက် ဘုရားသခင့်နိုင်ငံတော်အကြောင်းကို တန်ခိုးတော်နှင့်တကွ မေရှိယသခင် အခိုင်အမာပြောကြားနေခဲ့စဉ်၊ ထိုသခင်နှင့် ဆက်နွယ်ပတ်သက်နေရခြင်းအတွက် တပည့်တော်များ ကိုယ်ကိုဂုဏ်ယူဝင့်ကြွားနေခဲ့ကြသည်။ သို့သော် ကားတိုင်ကို ထမ်းပိုးလျက် ကရာနီကုန်းထက် သို့ မေရှိယသခင် လှမ်းသွားနေခဲ့စဉ် သူတို့၏ခံစားမှုများ လုံးလုံး ပြောင်းလဲသွားကုန်သည်။ ကားတိုင်တော်တွင်တွေ့ရမည့် အရှက်ကွဲခြင်းနှင့် အသေခံခြင်းအမှုမျိုးကို မည်သူမျှ မကြုံတွေ့လိုကြပါချေ။ ထိုအခြေအနေကို ပေတရု၏အသက်တာတွင် အောက်ပါ အတိုင်း တွေ့မြင်ရသည်။

> ထိုမှတပါး ကိုယ်တော်သည် ယေရုရှလင်မြို့သို့သွားရမည်။ လူအကြီးအကဲ၊ ယဇ်ပုရောဟိတ်အကြီး၊ ကျမ်းပြုဆရာတို့လက်၌ များစွာခံရမည်။ အသေသတ်ခြင်းကိုလည်း ခံရမည်။ သုံးရက်မြောက်သောနေ့၌ ထမြောက်လိမ့်မည်ဟူသောအကြောင်းများကို ထိုအခါ မှစ၍ တပည့်တော်တို့အား ပြတော်မူ၏။ (၂၂) **ထိုအခါ ပေတရုသည် ကိုယ်တော်ကို မိမိ နှင့်အတူခေါ်၍၊ သခင်၊ ကိုယ်တော်၌ ဤသို့မဖြစ်ပါစေနှင့်။** ဤအမှုသည် ကိုယ်တော်၌ မရောက်ရာဟု အပြစ်တင်သောစကားကို လျှောက်သော်၊.. ရှင်မဿဲ ခရစ်ဝင် ၁၆း၂၁-၂၂။

ကားတိုင်အတွေ့အကြုံကို ကိုယ်တိုင် တွေ့ကြုံဖို့နေနေသာသာ ကားတိုင်တော်အကြောင်းကိုပင် ယေရှုအား ပေတရုမပြောစေလိုခဲ့ပါ။ ယေရှု ကျာပွတ်နှင့်အရိုက်ခံနေရစဉ် မိမိသည် ယေရှု၏ နောက်လိုက်တစ်ဦးဖြစ်သည် မဟုတ်လောဟူ၍ ပေတရု ချောင်ပိတ်ပြီး အမေးခံခဲ့ရပါသည်။ သို့ရာတွင် မဟုတ်ပါဟု သူပြန်ငြင်းခဲ့လေသည်။

ထို့နောက် ပေတရုသည် အိမ်ဦးရှေ့သို့ ထွက်ပြီးမှ အခြားသောမိန်းမသည် သူ့ကိုမြင်၍ ထိုအရပ်၌ရှိသော သူတို့အား၊ ဤသူလည်း နာဇရက်မြို့သားယေရှု နှင့်ပေါင်းဘော်သော သူဖြစ်သည်ဟု ဆိုလျှင်၊ (၇၂) ပေတရုက၊ **ထိုသူကို ငါမသိဟု** ကျိန်ဆိုလျက် တဖန်ငြင်းခုံ ပြန်၏။ ရှင်မဿဲခရစ်ဝင် ၂၆း၇၁-၇၂။

ခရစ်တော်ခံရသော ဝေဒနာနှင့် နာကျင်မှုတို့၏ အစစ်အမှန်တရားကို လက်ခံလိုလျှင် သူနှင့်အတူ လျှောက်လှမ်းခြင်းငှါ ကိုယ်ကို လုံးလုံးဆက်ကပ်နှံထားရမည်ဖြစ်ပြီး အခြားသူများအဖို့ သူခံစားရသော နာကျင်ခြင်း(ဆင်းရဲခြင်း)များကို ကျွန်ုပ်တို့ ဆက်ဆံ၍ ခံရကြပါမည်။ ဤအမှန်တရားကို ဆုပ်ကိုင်ထားနိုင်ခဲ့သူ ရှင်ပေါလုက အောက်ပါအတိုင်း တင်ပြထားခဲ့ပါသည်။

ထိုမျှမက ငါ၏ သခင်ယေရှုခရစ်ကိုသိသော ပညာသည် (၉) အဘယ်မျှလောက်မြတ်သည်ကို ထောက်၍၊ ခပ်သိမ်းသောအရာတို့ကို (၁၀) ရှုံးစေသောအရာကဲ့သို့ ငါထင်မှတ်၏။ (၁၁) ထိုသခင်ကြောင့် ခပ်သိမ်းသောအရာတို့ကို အရှုံးခံရပြီ။ သေခြင်းမှ ထမြောက် သောအခွင့်ကို ငါရနိုင်ကောင်းလျှင်၊ **ကိုယ်တော်သည် အသေခံတော်မူသည် နည်းတူ၊ ငါသည် လည်းအသေခံ၍ ထိုသခင်ကိုငှင်း၊** ထမြောက်တော်မူခြင်း၏ တန်ဖိုးကိုငှင်း၊ **ဆင်းရဲခံတော်မူခြင်းကို ဆက်ဆံ၍ခံခြင်းကိုငှင်း၊** သိကျွမ်းခြင်းငှါ၊ ပညတ်တရားအားဖြင့်ရသော ကိုယ်ဖြောင့်မတ်ခြင်းကို မကိုးစားဘဲ၊ ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့်ရသော ဖြောင့်မတ်ခြင်းတည်းဟူသော ယုံကြည်ခြင်းအတွက်ကြောင့် ဘုရားသခင်ပေးတော်မူသော ဖြောင့်မြတ်ခြင်းကိုကိုးစားသဖြင့်၊ ခရစ်တော်ကို အမြတ်ရ၍ ထိုသခင်၌ တည်ပါမည်အကြောင်း၊ ခပ်သိမ်းသောအရာတို့ကို မစင်ကဲ့သို့ ငါထင်မှတ်၏။ ဖိလိပ္ပိသြဝါဒစာ ၃း၈-၁၁။

ဤဆင်းရဲခြင်း(နာကျင်ခြင်း)နှင့် ကင်းသောအသက်တာကို ပိုင်ဆိုင်လိုလျှင် ထိုဆင်းရဲခြင်း (နာကျင်ခြင်း) မရှိသကဲ့သို့ သင်ဟန်ဆောင်နေရလိမ့်မည်။ ထိုသို့ သင် မဟန်ဆောင်နိုင်လျှင် ဆင်းရဲခြင်းကင်းသော အသက်တာကို သင် ကြိုးစားမေ့ပစ်ထားရလိမ့်မည်ဖြစ်သည်။ စိတ်လှုပ်ရှားဖွယ်ရာများ၊ အပျော်အပါးများနှင့် ပါတီပွဲများတို့နှင့် ပြည့်ဝသည့် “ပျော်ပါးသောဘဝ”တစ်ခုကို သင်ပိုင်ဆိုင်လိုလျှင် ကားတိုင်တော်အကြောင်းကို သင် မေ့ပစ်ထားရလိမ့်မည်။ ငွေကြေးဥစ္စာ အများအပြားတို့နှင့် သင် ကြွယ်ဝချမ်းသာလိုလျှင် ကားတိုင်တော်ကို မေ့လျော့ထားသောစိတ်ဖြင့်

သင် အလုပ်လုပ်ရလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ကားတိုင်တော်က ထိုအရာရှိသမျှတို့ကို ဘာမျှမဟုတ်သည့် အချည်းနှီးသောအရာများ အဖြစ်သာ ရှုမြင်ထားသောကြောင့်ဖြစ်သည်။

စိတ်ဒဏ်ရာရစေနိုင်သည့် ရှေ့လျှောက်အတွေ့အကြုံများအတွက် မိမိ၏ ကူသူမဲ့တပည့်တော်များအား ပြင်ဆင်မှုရှိစေရန် သူတို့အား သတို့သမီးဆယ်ဦးပုံပမာဖြင့် ယေရှု အားပေးတော်မူခဲ့သည်။

> ထိုအခါ ကောင်းကင်နိုင်ငံတော်သည်ကား၊ မင်္ဂလာဆောင်လုလင်ကို ခရီးဦးကြိုပြု အံ့သောငှါ မီးခွက်ကို ကိုင်ယူ၍ ထွက်သွားသောသတို့သမီးတကျိပ်နှင့်တူ၏။ (၂) ထိုသတို့သမီးတို့တွင် ငါးယောက်သည် ပညာသတိရှိကြ၏။ ငါးယောက်မူကား အမိုက်ဖြစ်ကြ၏။ (၃) မိုက်သောသူတို့သည် မီးခွက်တို့ကိုသာယူ၍ ဆီကိုမယူကြ။ (၄) ပညာသတိရှိသောသူတို့ မူကား၊ မီးခွက်နှင့်တကွ ဘူး၌ပါသောဆီကိုလည်းယူကြ၏။ (၅) **မင်္ဂလာဆောင်လုလင်သည် မလာဘဲနေစဉ်၊ ထိုသတို့သမီးအပေါင်းတို့သည် ငိုက်၍ အိပ်ပျော်ကြ၏။** ရှင်မဿဲခရစ်ဝင် ၂၅း၁-၅။

ထိုပုံပမာကို ပြောဆိုခဲ့ပြီးနောက် များမကြာမှီ တစ်ခုသော ကြာပသတေးနေ့ ညနေအချိန်တွင် ယေရှုနှင့် တပည့်တော်များ ပသခါညစာ အတူစားကြပြီးနောက် ဆုတောင်းခြင်းငှါ ဂေသရေမာန် ဥယျာဉ်သို့ သူတို့ ထွက်သွားခဲ့ကြပါသည်။ ယေရှု အလွန်တိတ်ဆိတ်နေခဲ့သည်။ သူ အလွန်တရာ စိတ်လေးလံနေသည်ကို တပည့်တော်များ ရိပ်မိခဲ့ကြသည်။ ဆုတောင်းခြင်းငှါ ပေတရု၊ ယာကုပ်နှင့် ယောဟန်တို့ကို စိတ်ကွယ်ရာအရပ်တစ်ခုသို့ ယေရှုခေါ်သွားခဲ့သည်။

> ပေတရုနှင့် ဇေဗေဒဲ၏သားနှစ်ယောက်တို့ကို ခေါ်သွား၍၊ နှလုံးသောစိတ်ပူပန်ခြင်းသို့ ရောက်တော်မူ၏။ (၃၈) ထိုအခါ ယေရှုက၊ ငါသည် သေလောက်အောင် စိတ်နှလုံးအလွန် ညှိုးငယ်ခြင်းရှိ၏။ ဤအရပ်၌ ငါနှင့် အတူစောင့်၍ နေကြလော့ဟု တပည့်တော်သုံးယောက်တို့အား မိန့်တော်မူ၏။ (၃၉) ထိုမှ အနည်းငယ်လွန်ပြန်လျှင် ပျပ်ဝပ်၍ အကျွန်ုပ်အဘ၊ ဤခွက်သည် အကျွန်ုပ်ကိုလွန်သွားနိုင်လျှင် လွန်သွားပါစေသော။ သို့သော်လည်း အကျွန်ုပ်အလိုရှိသည်အတိုင်း မဖြစ်ပါစေနှင့်။ ကိုယ်တော်အလိုရှိသည်အတိုင်း ဖြစ်ပါစေသောဟု ဆုတောင်းတော်မူ၏။ ရှင်မဿဲခရစ်ဝင် ၂၆း၃၇-၃၉။

ယေရှု အပြင်းအထန် စိတ်ပူပန်နေသည်ကို တပည့်တော်များ သိရှိနေခဲ့ကြသော်လည်း သူတို့ ငိုက်မြည်း အိပ်ပျော်သွားခဲ့ကြသည်။ ကြီးစွာသောဝေဒနာနှင့် ခေတ္တခဏမျှ ဆုတောင်းပြီးသည်နှင့် လူသားတို့၏ အားပေးနှစ်သိမ့်မှုကို ရအံ့သောငှါ အိပ်ပျော်နေသော တပည့်များရှိရာသို့ ပြန်လာပြီး အောက်ပါစကားလုံးများတို့ဖြင့် သူတို့အား ယေရှုခေါ် နိုးခဲ့သည်။

> **တပည့်တော်တို့ရှိရာသို့ ပြန်၍ သူတို့သည် အိပ်ပျော်လျက်နေကြသည်ကို တွေ့တော်မူလျှင်၊ သင်တို့သည် တနာရီခန့်မျှ ငါနှင့်အတူစောင့်၍နေခြင်းငှါ ဤသို့မစွမ်းနိုင်သလော။** (၄၁) စုံစမ်းနှောင့်ယှက်ခြင်းနှင့် ကင်းလွတ်မည်အကြောင်း ဆုတောင်းလျက် စောင့်နေကြလော့။ စိတ်ဝိညာဉ်ကား စေတနာရှိပြားသော်လည်း၊ ကိုယ်မူကား အားနည်းသည် ဟု ပေတရုအား မိန့်တော်မူပြီးမှ၊ - ရှင်မဿဲခရစ်ဝင် ၂၆း၄၀-၄၁

ယေရှုအဖို့ အသေခံရန် မိမိစိတ်ဆန္ဒရှိကြောင်းနှင့် မိမိကိုယ်ကို ယုံကြည်မှုအပြည့်ရှိကြောင်း မကြာသေးမီကမှပင် ပေတရုက ပြောဆိုသွားခဲ့သေးသည်။ သို့ရာတွင် သောကဝန်ထုပ် အောက်၌ ယေရှုသေလုမျှောပါးဖြစ်နေခဲ့စဉ် ပေတရု အိပ်ပျော်သွားခဲ့သည်။ အဘယ့်ကြောင့်နည်း။

အတ္တဆန်သည့် ပြင်းပြသော လူသားဆန္ဒများကို နှိုးထသက်ဝင်စေလိုလျှင် ခရစ်တော်ခံနေရသည့် ဆင်းရဲခြင်းဒုက္ခများအတွက် ကျွန်ုပ်တို့ ငိုက်မြည်းအိပ်ပျော်နေရပါမည်။ ခရစ်တော်ခံရသည့် ဆင်းရဲခြင်းဒုက္ခများအတွက် ကျွန်ုပ်တို့နိုးထပြီး သူ့အား ကျွန်ုပ်တို့ စိတ်တွင်ခံစားမိပါလျှင် သူနှင့်အတူ ကျွန်ုပ်တို့ စောင့်၍နေနိုင်ကြလိမ့်မည်ဖြစ်ပြီး လောကနှင့် ဆိုင်သောအရာများအတွက် မိမိတို့၏ ပြင်းပြသော လိုအင်ဆန္ဒများတို့ကို ကျွန်ုပ်တို့ စွန့်ပယ်နိုင်ကြပေလိမ့်မည်။

မိမိတို့၏ အတ္တဆန်သော ပင်ကိုယ်ဇာတိစိတ်များထဲမှ ကျွန်ုပ်တို့အား ဆွဲထုတ်နိုင်ခြင်းငှါ ယေရှု၏ ပူဇော်ဆက်ကပ်မှုများကို ဆင်ခြင်မိဖို့ ကျွန်ုပ်တို့ နေ့စဉ် ခေါ် ဖိတ်ခြင်းခံနေကြရပါသည်။ ဓမ္မဟောင်းကျမ်းတွင် နံနက်ယံနှင့် ညဦးယံ ယဇ်ပူဇော်ချိန်များရှိခဲ့သည်။ နံနက်ယံ ယဇ်ပူဇော်ချိန်မှာ နံနက် ၉ နာရီခန့်တွင်ဖြစ်ပြီး၊ ညဦးယံ ယဇ်ပူဇော်ချိန်မှာ ညနေ ၃ နာရီ ခန့်တွင်ဖြစ်သည်။ ဤအချိန်နာရီများက ကျွန်ုပ်တို့အား ယေရှုခံရသော ဆင်းရဲခြင်းဒုက္ခများ အကြောင်းကို ပြန်လည်ဆင်ခြင်ဖို့နှင့် ယေရှုအား စိတ်နှလုံး ဆုတ်ဖြဲထိုးဖေါက်စေသည့်အရာများကို ပြောဆိုပြုမူနေခြင်းမှ ရပ်တန့်ခြင်းငှါ ဘုရားသခင်သည် ကျေးဇူးတရားနှင့် ရဲစွမ်းသတ္တိကို တောင်းခံကြဖို့ အခွင့်အရေး ပေးနေပါသည်။

ယဇ်ပူဇော်ခြင်းအကြောင်းကို မကြာမီ အကျယ်တဝင့် လေ့လာသွားပါမည်။ ဆုတောင်းခြင်းငှါ ခရစ်တော်၏ နောက်လိုက်တပည့်တော်များ နေ့တိုင်းစုရုံးခဲ့ကြစဉ်၊ ဒံယေလ ကျမ်းတွင်ပြောထားသည့် ယဇ်ပူဇော်ခြင်းအမှု ပပျောက်မည်ဆိုသည့် ဖေါ်ပြချက်၏အနက်အဓိပ္ပါယ်ကို သူတို့ နားလည်ထားကြပါသည်။

> ထိုအခါ ပဌနာပြုရသော သုံးချက်တီးအချိန်၌ ပေတရုနှင့် ယောဟန်တို့သည် ဗိမာန်တော်သို့တက်ကြသည်ရှိသော်၊ တမန်တော် ၃း၁။

ဆုတောင်းပဌနာပြုရသောအချိန်သည် ညဦးယံယဇ်ပူဇော်ချိန်ခန့်တွင် ဖြစ်သည်။ သို့ရာတွင် ယေရှု၏ ဆင်းရဲခြင်းဒုက္ခများကို ဆုတောင်းခြင်းဖြင့် ဆင်ခြင်နှလုံးသွင်းကြရန်နှင့် ယေရှုအဖို့ အသက်ရှင်ခြင်းအလိုငှါ ကျေးဇူးတော်ကို တောင်းခံရန်အတွက်သာ ဗိမာန်တော်သို့ တမန်တော်များ ရောက်ရှိလာခဲ့ကြခြင်းဖြစ်သည်။

သင်သည် ယေရှုခရစ်တော်၏ နောက်လိုက်တစ်ဦးဖြစ်လျှင်၊ တစ်ရက်လျှင်နှစ်ကြိမ်ခန့်မျှ အချိန်ယူပြီး ကမ္ဘာတစ်ဝှမ်းလုံး၌ရှိသော မိမိတို့၏ သားသမီးများတို့အဖို့ ခမည်းတော်ဘုရားနှင့် ကယ်တင်ရှင် ယေရှုတို့ တွေ့ကြုံခံစားနေရသည့် ပြင်းထန်သည့် ဝေဒနာများအကြောင်းကို ဆင်ခြင်နှလုံးသွင်းဖို့ သင့်အား အကျွန်ုပ် ခေါ် ဖိတ်လိုပါ၏။ ဒီကနေ့ ကျွန်ုပ်တို့အား ယေရှု မေးလေသည်မှာ ‘‘သင်တို့သည် တစ်နာရီခန့်မျှ ငါနှင့်အတူ စောင့်၍နေခြင်းငှါ မစွမ်းနိုင်သလော။’’ ဟူ၍ပင် ဖြစ်ပါသည်။

## ၅။ ကိုယ်တော်သည် ယဇ်နှင့် ပူဇော်သက္ကာကို အလိုတော်မရှိသည်ဖြစ်၍

ကားတိုင်တော်၏ ကြေကွဲဖွယ်ရာအမှန်တရား ကွယ်ပျောက်နေရခြင်း၏ အဓိကအကြောင်း အရင်းတစ်ခုကား ဓမ္မဟောင်းကျမ်းတွင် တွေ့ရသည့် ယဇ်ပူဇော်ခြင်းအလေ့အထကြောင့်ဖြစ် သည်။

> သင်တို့သည် ဣသရေလအမျိုး ပရိသတ်အပေါင်းတို့ကို မှာထားရသောစကားဟူမူ ကား၊ ဤလဆယ်ရက်နေ့၌ သင်တို့ရှိသမျှသည်၊ မိမိအိမ်ထောင်အသီးအသီးအတိုင်း **တအိမ်ထောင်လျှင် သိုးသငယ်တကောင်စီ ယူရမည်။** (၄) အိမ်ထောင်ငယ်၍ သိုးသ ငယ် တကောင်နှင့် မတန်လျှင်၊ နီးစပ်သော အိမ်နီးချင်းနှင့် စပ်ဘက်၍ လူမည်မျှရှိသည် ဟု ရေတွက်ပြီးလျှင်၊ တကောင်ကို စားလောက်သောသူများကို ထောက်၍ သိုးသငယ် တကောင်ကိုယူရမည်။ (၅) သိုးသငယ်ဖြစ်စေ၊ ဆိတ်သငယ်ဖြစ်စေ၊ သင်တို့ယူသော အကောင်သည် အပြစ်မပါ၊ အခါမလည်သော အထီးဖြစ်ရမည်။ (၆) ထိုသိုးသငယ်တို့ ကို၊ ထိုလဆယ်လေးရက်တိုင်အောင် စောင့်ထားပြီးမှ၊ **ညဦးအချိန်၌ ဣသရေလအမျိုး အစည်းအဝေးပရိသတ်အပေါင်းတို့သည် သတ်ရကြမည်။** (၇) သိုးသငယ်၏အသားကို စားရသောအိမ်၏ တံခါးထုပ်နှင့် တံခါးတိုင်နှစ်ဘက်၌၊ သိုးသငယ်၏အသွေးကို ယူ၍ ထိုးရမည်။ ထွက်မြောက်ရာကျမ်း ၁၂း၃-၇။

> ငါ့အဘို့ မြေယဇ်ပလ္လင်ကို တည်ရမည်။ **ထိုပလ္လင်ပေါ်မှာ သင်၏မီးရှို့သောယဇ်၊ မိဿ ဟာယယဇ် တည်းဟူသော သင်၏သိုးနွားတို့ကို ယဇ်ပူဇော်ရမည်။** ငါ့အခွင့်ရှိ၍၊ ငါ့နာမ ကို ကိုးကွယ်ရာအရပ်ခပ်သိမ်းတို့၌၊ သင့်ဆီသို့ ငါကြွလာ၍ **ကောင်းကြီးပေးမည်။** ထွက်မြောက်ရာကျမ်း ၂၀း၂၄

ဤကျမ်းချက်များက၊ ဘုရားသခင်သည် လူများတို့အား မိမိအဖို့ ယဇ်ပူဇော်စေလိုပြီး ထိုသို့ သူတို့ပြုကြသည့်အခါ သူတို့အား သူကောင်းချီးပေးပါသည် ဟူသည့် ထင်မြင်ယူဆချက်မျိုးကို ဖြစ်ပေါ်စေပါသည်။ မေရှိယအား လောကကမ္ဘာကြီးနှင့် မိတ်ဆက်ပေးခဲ့ရာတွင် သူ့အား ဘုရား သခင်၏ သိုးသငယ်အဖြစ် နှစ်ခြင်းဆရာယောဟန် မိတ်ဆက်ပေးခဲ့သည်။

နက်ဖြန်နေ့၌ယေရှုကြွလာတော်မူသည်ကို ယောဟန်သည်မြင်လျှင်၊ ဤလောက၏အပြစ်ကို ဆောင်သွားသော **ဘုရားသခင်၏ သိုးသငယ်ကိုကြည့်လော့။** ရှင်ယောဟန် ခရစ်ဝင် ၁း၂၉

ယေရှုသည် ပူဇော်ခြင်းခံရသော ဘုရားသခင်၏ သိုးသငယ်ဖြစ်သည်မှန်လျှင် ကျွန်ုပ်တို့၏ အပြစ်ကြွေးများကို ဆပ်ပေးစေခြင်းငှါ ဘုရားသခင်သည် မိမိ၏သားတော်အား အသေခံစေလိုခြင်းဖြစ်မည်ဟု ကျိုးကြောင်းဆက်စပ်လျက် လူအမြောက်အများ အဓိပ္ပါယ်ဆွဲယူထားကြပါသည်။ ဤအဓိပ္ပါယ်အရဆိုလျှင် သားတော်အသေခံခြင်းအမှုတွင် လူသားများက ဘုရားသားတော်ကို အသေသတ်နေကြခြင်းမဟုတ်ပဲ ဘုရားသခင်၏ အလိုတော်ကို သူတို့လုပ်ဆောင်နေကြခြင်းသာဖြစ်သည် ဆိုသည့်သဘောမျိုး သက်ရောက်နေပါသည်။

**ထာဝရဘုရားသည် သူ့ကို နှိပ်စက်ခြင်းငှါ အလိုတော်ရှိ၍ နာစေတော်မူ၏။ သူသည် အပြစ်ဖြေသော ယဇ်ကိုပူဇော်ပြီးမှ၊** အမျိုးအနွယ်တော်ကို မြင်ရလိမ့်မည်။ အသက်တော်လည်း ရှည်လိမ့်မည်။ ထာဝရဘုရား၏ အကြံတော်သည်လည်း သူ၏လက်၌ ပြည့်စုံခြင်းသို့ ရောက်လိမ့်မည်။ ဟေရှာယအနာဂတ္တိကျမ်း ၅၃း၁၀

မိမိသားတော်အား နှိပ်စက်ခြင်းငှါ ထာဝရဘုရား အလိုတော်ရှိသည်မှန်လျှင် ကျွန်ုပ်တို့၏ အပြစ်များကြောင့် ဖြစ်ပေါ်လာသည့် မိမိ၏အမျက်တော်ကို ပြေစေခြင်းငှါ ဤပူဇော်ခြင်းကို ဘုရားသခင် အလိုရှိခြင်းဖြစ်မည်ဟု လူအများအပြား ခံယူနားလည်ထားကြသည်။ ဘုရားသခင်၏တရားမှုကို ကျေအေးသွားအောင်လုပ်ပေးဖို့လိုသည် ဟူသည့်ခံယူချက်ပင်ဖြစ်သည်။ ကျွန်ုပ်တို့၏အပြစ်များ အဘယ်မျှ ဆိုးသွမ်းသည်ကို ဖေါ်ထုတ်ပြသရန်အလို့ငှါ ကျွန်ုပ်တို့ကိုယ်စား ယေရှုအသေခံပေးရပြီး ခမည်းတော်၏တရားမှုကို ကျေအေးသွားအောင် သူလုပ်ဆောင်ပေးနေရသည်ဆိုသည့် အဓိပ္ပါယ်မျိုးပင်ဖြစ်သည်။ ဤအယူအဆကို ရေပန်းစားသည့် ခရစ်ယာန်ဓမ္မတေးတစ်ပုဒ်အားဖြင့် အောက်ပါ အတိုင်း ရုပ်လုံးဖေါ်ပြထားပါသည်။ (သီချင်းခေါင်းစဉ် - In Christ Alone)

အားကိုးရာမဲ့ ကလေးငယ်ဘဝနှင့် လူသားဇာတိကို ခံယူခဲ့သူ<br>
ဘုရားသခင်၏ပြည့်စုံတော်မူခြင်းအကြောင်း ဖြစ်သောသူ<br>
ချစ်ခြင်း၊ ဖြောင့်မတ်ခြင်းတို့နှင့် ပြည့်စုံတော်မူသော ဤဆုလဒ်တော်သည်

မိမိကယ်တင်တော်မူသည့် လူသားတို့၏ မထီမဲ့မြင်းပြုခြင်းကို ခံရသည်။
**ကားတိုင်ထက်ဝယ် ယေရှုအသေခံတော်မူခဲ့ရာ၊**
**ဘုရားသခင်၏အမျက်တော် ပြေငြိမ်း(ကျေအေး)သွား။**
အပြစ်ရှိသမျှတို့ကို သူ့ခေါင်းပေါ်၌ တင်ထားတော်မူခဲ့သည်ဖြစ်ရာ
သူ၏အသေခံတော်မူခြင်းအားဖြင့် ကျွန်ုပ်အသက်ရှင်ပြီး၊ အသက်ရှင်ပြီး။[4]

ဤယူဆချက်သည် ကားတိုင်တော်၏အနက်အဓိပ္ပါယ်တစ်ခုလုံးကို တလွဲဖော်ပြပေးနေပါသည်။ ဘုရားသခင်အား သေမိန့်ချသူတစ်ဦးအဖြစ် ပုံဖော်ထားပြီး၊ ဒုတိယမြောက် သင်ခန်းစာတွင် လေ့လာခဲ့ရသည့် ကျွန်ုပ်တို့၏ ပင်ကိုယ်စရိုက်များဆိုင်ရာ အမှန်တရားများကို ဖုံးကွယ်ထားပါသည်။ ကျွန်ုပ်တို့၏အပြစ်များကြောင့် မိမိသားတော်၏ အသေခံခြင်းအမှုကို ဘုရားသခင် အလိုရှိသည် မှန်လျှင်၊ ဗီဇအားဖြင့် ဘုရားသခင်အပေါ်ထားရှိသည့် ကျွန်ုပ်တို့၏မုန်းတီးစိတ်များကို ကျွန်ုပ်တို့ ပြန်မြင်နိုင်ကြတော့မည် မဟုတ်ပါချေ။ ပထမအနေဖြင့် ယေရှုကိုအသေသတ်ခဲ့သောသူများမှာ ဂျူးလူမျိုးများနှင့် ရောမစစ်သားများသာဖြစ်သည်ဟု လွယ်လွယ်နှင့် ကျွန်ုပ်တို့သုံးသပ်မိနိုင်သည်။ ဒုတိယအနေဖြင့် ဘုရားသခင် အလိုတော်ရှိသည့်ပူဇော်ခြင်းအမှု ဖြစ်မြောက်ရေးအတွက်ကိုသာ သူတို့ ထိုသို့လုပ်ဆောင်ခဲ့ကြခြင်းဖြစ်သည်ဟု ဆက်ပြီး သုံးသပ်နိုင်သည်။ ဤသို့သော သုံးသပ်တွေးခေါ်မှုထဲမှ အောက်ဖော်ပြပါ အယူအဆတစ်ခု ထပ်မံပေါ်ထွက်လာပါသည်။

> ပျောက်သွားသော ရှင်ယုဒခရစ်ဝင်ကျမ်းဟူ၍ အမည်တပ်ခေါ်ဆိုကြသည့် စာမူတစ်ခုကို ဖေါ်ထုတ်ဘာသာပြန် ထောက်ခံအတည်ပြုနေကြသည့် ကျွမ်းကျင်သူတစ်စုတို့က၊ ထိုစာမူ၏ ဖေါ်ပြချက်အရ **မိမိမြေမှုန့်ခန္ဓာ၏ အချုပ်အနှောင်ထဲမှထွက်နိုင်ရန်အလို့ငှါ မိမိအား ရောမလူများတို့၏လက်သို့ အပ်နှံပေးဖို့ မိတ်ဆွေအရင်းဖြစ်သော ယုဒရှကာရုတ်ကို ယေရှုတောင်းဆိုခဲ့သည်**ဟု ပြောဆိုတင်ပြခဲ့ကြပါသည်။ စာမျက်နှာ ၂၆ မျက်နှာရှိသည့် စာရွက်ပေါင်း ၁၃ ရွက်ပါရှိသော Papyrus (ခေါ်) ကျူပင်စက္ကူကို အသုံးပြုထားသည့် စာအုပ်တစ်အုပ်တွင် ယုဒရှကာရုတ်အား လူဆိုးတစ်ဦးအနေဖြင့် မဟုတ်ပဲ ခရစ်ယာန်သူရဲကောင်းတစ်ဦးအဖြစ် ပုံဖော်ပြထားသည်။

[4] In Christ Alone. By Natalie Grant 2008.

ဝါရှင်တန်မြို့တော်တွင် နေရှင်နယ်ပထဝီအသင်း (National Geographic Society) မှ ဦးစီးကျင်းပခဲ့သည့် မနေ့က သတင်းစာရှင်းလင်းပွဲတစ်ခုတွင် အဆိုပါ စာမူတည်ရှိကြောင်း သူတို့ ထုတ်ဖော်ပြောကြားခဲ့ကြသည်။ အီဂျစ်ပြည် ဂူသင်္ချိုင်းတစ်ခုတွင် ရှိသည့် ထုံးကျောက်သေတ္တာတစ်ခုထဲကရခဲ့သော ထိုစာမူကို နယူးယောက်ပြည်နယ် ဟစ်(ခ်)ဗေလီ (Hicksville) မြို့ရှိ မီးခံသေတ္တာတစ်ခုထဲသို့ သယ်ယူပြောင်းရွှေ့လာခဲ့ကြရာတွင် ယင်းစာမူ ထိခိုက်ပျက်စီးမှု အလွန်ပင်များပြားခဲ့သည်ဟု သူတို့ဆိုသည်။

**"ရှင်ယုဒခရစ်ဝင်ကျမ်းက ယုဒ၏သစ္စာဖောက်လုပ်ရပ်ကို နားထောင်ခြင်းလုပ်ရပ်တစ်ခုအဖြစ် ပြောင်းပြန်လှည့်ထားသည်။"** ဟု ထိုစာရွက်စာတမ်းများကို ကူညီအနက်ပြန်ဆိုပေးခဲ့သူ ခရိတ်(ချ်)အီဗန် (Craig Evans) က ဆိုသည်။ ခရိတ်(ချ်)သည် ကနေဒါနိုင်ငံ၊ ဝို့(လ်ဖ်)ဗေလီမြို့ရှိ Acadia Divinity College ကျောင်းတွင် ဓမ္မသစ်ကျမ်းပါမောက္ခ တစ်ဦးအဖြစ် အမှုဆောင်နေသူတစ်ဦးဖြစ်သည်။[5]

ကျမ်းစာအား ဘုရားသခင်၏နှုတ်ထွက်စကားအဖြစ် ယုံကြည်ထားသော ကျွန်ုပ်တို့ အဖို့မှာမူ ဤသို့သောအယူအဆမျိုးသည် အမှန်တရားမှ သီးခြားကွဲထွက်နေသော အယူအဆတစ်ခုဖြစ်နေပါသည်။ သို့ရာတွင် မေးစရာမေးခွန်းများ ရှိနေပါသည်။ ဤပူဇော်ခြင်းများကို ဘုရားသခင် တောင်းဆိုတော်မူခဲ့ပါသလား။ သူ၏တရားမူက ဤအရာကို ပြဋ္ဌာန်းထားပါသလား။

**ကိုယ်တော်သည် ယဇ်နှင့်ပူဇော်သက္ကာကို အလိုတော်မရှိသည်ဖြစ်၍၊** အကျွန်ုပ်နားကို ဖွင့်တော်မူပြီ။ မီးရှို့ရာယဇ်နှင့် အပြစ်ဖြေရာယဇ်များကို တောင်းတော်မမူ။
ဆာလံကျမ်း ၄၀း၆

ယဇ်ပူဇော်ခြင်းများကို ဘုရားသခင် အလိုတော်မရှိကြောင်း ကျမ်းစာတော်မြတ်က ရိုးရှင်းစွာ တင်ပြ ထားသည်။ မီးရှို့ရာယဇ်နှင့် အပြစ်ဖြေရာယဇ်များကိုလည်း အလိုရှိတော်မမူကြောင်း ရှင်းလင်းစွာ ဖော်ပြထားပေးသည်။ ထို့အပြင် ကျွန်ုပ်တို့ ထပ်မံဖတ်ရှုရလေသည်မှာ၊

**အကြောင်းမူကား၊ သင်တို့ ဘိုးဘေးများကို အဲဂုတ္တုပြည်မှ ငါနှုတ်ဆောင်သောအခါ၊ မီးရှို့ရာယဇ် အစရှိသော ယဇ်များအတွက် သူတို့ကို ငါမှာထားသည်မဟုတ်။** (၂၃) ငါမှာ

[5] Anne McIlroy, Was Judas a true Christian hero? The Globe and Mail April 7, 2006

ထားသောအရာဟူမူကား၊ ငါ့စကားကို နားထောင်ကြလော့။ သို့ပြုလျှင်၊ ငါသည် သင်တို့၏ ဘုရားသခင်ဖြစ်မည်။ သင်တို့သည်လည်း၊ ငါ၏လူမျိုးဖြစ်ကြလိမ့်မည်။ သင်တို့သည် ကိုယ်အကျိုးကို စောင့်လိုသော်၊ ငါစီရင်သမျှသော တရားလမ်းသို့ လိုက်ရကြမည်ဟု မှာထား၏။ ယေရမိအနာဂတ္တိကျမ်း ၇း၂၂-၂၃

ဘုရားသခင်အနေဖြင့် ဣသရေလလူမျိုးတို့အား ပသခါယဇ်ပူဇော်ရန် မိန့်တော်မူခဲ့ပြီး ယဇ်ပူဇော်ခြင်းအလေ့အထကို တည်ထောင်ပေးတော်မူခဲ့သည်မှာ သိသာနေသည်ဖြစ်ရာ ဣသရေလလူတို့အား မီးရှို့ရာယဇ်နှင့် ပူဇော်သက္ကာများကို ပူဇော်ရန် မိမိ မှာထားတော်မမူခဲ့ပါဟု ဘုရားသခင်အဘယ်သို့ ပြောဆိုနိုင်ပါသနည်း။ ကျမ်းစာကပင် မိမိကိုယ်ကို ပြန်လည်ဆန့်ကျင်နေခြင်းပါလော။

ဤအချိန်၌ ဗယ်္ာမိန်ပြည်မှ လူတယောက်ကို သင်ရှိရာသို့ ငါစေလွှတ်မည်။ သင်သည် ထိုသူကို ငါ၏လူ ဣသရေလအမျိုး၏ မင်းအရာ၌ ခန့်ထား၍ ဆီလောင်းခြင်းဘိသိက်ကို ပေးရမည်။ သူသည် ငါ၏ လူတို့ကို ဖိလိတ္တိလူတို့လက်မှ ကယ်တင်ရလိမ့်မည်။ ငါသည် သူတို့အော်ဟစ်သံကိုကြား၍၊ သူတို့ကို ကြည့်ရှုသည်ဟု ရှမွေလနားအပါး၌ မိန့်တော်မူနှင့်ပြီ။ (၁၇) **ရှမွေလသည် ရှောလုကို မြင်သောအခါ၊ ထာဝရဘုရားက၊ ငါပြောသော သူကို ကြည့်လော့၊ ဤသူသည် ငါ၏လူတို့ကို အုပ်ချုပ်ရလိမ့်မည်ဟု မိန့်တော်မူ၏။** ဓမ္မရာဇဝင်ပထမစောင် ၉း၁၆-၁၇

ဤပုံပြင်တွင်၊ ပုဂ္ဂိုလ်တစ်ယောက်အား ဣသရေလရှင်ဘုရင်အရာ၌ခန့်အပ်ခြင်းငှါ ထိုပုဂ္ဂိုလ်အား ဆီလောင်းဘိသိက်ပေးဖို့ ပရောဖက်ရှမွေလကို ဘုရားသခင်အမိန့်ပေးနေပါသည်။ ရုတ်တရက်ဖတ်သော် ဤအမှုအရာများကို ဘုရားသခင် အမိန့်ပေးတောင်းဆိုနေသယောင် တွေ့မြင်ရပေသည်။ နောက်ခံအကြောင်းအရာတွင်မူကား၊ ရှင်ဘုရင်တစ်ပါးကို ဣသရေလလူများ လိုချင်နေခဲ့ကြသောကြောင့် သူတို့၏ဆန္ဒအတိုင်း ဘုရားသခင်ဖြည့်ဆည်းပေးတော်မူသည်ကို ကျွန်ုပ်တို့တွေ့ရသည်။

**ထိုသို့ အကျွန်ုပ်တို့ကို အုပ်စိုးရသော ရှင်ဘုရင်ကို ပေးပါလော့ဟု လျှောက်သောအမှုကို ရှမွေလသည် မနှစ်သက်သောကြောင့်** ထာဝရဘုရားအားဆုတောင်းလေ၏။ (၇) **ထာဝရဘုရားကလည်း၊ သင့်အား လူများတို့ ပြောဆိုသမျှသော စကားကို နားထောင်လော့။ သူတို့သည် သင့်ကိုသာမပယ်၊ ငါသည် သူတို့ကို မအုပ်စိုးစေခြင်းငှါ**

**ငါ့ကိုလည်းပယ် ကြပြီ။** (၈) သူတို့ကို အဲဂုတ္တုပြည်မှ ငါဆောင်ခဲ့သောနေ့မှစ၍ ယနေ့တိုင်အောင် ငါ့ကို စွန့်၍ အခြားတပါးသော ဘုရားတို့ကို ဝတ်ပြုသဖြင့် ကျင့်မိသမျှသော အကျင့်အတိုင်း သင်၌လည်း ပြုကြ၏။ ဓမ္မရာဇဝင်ပထမစောင် ၈း၆-၈

ဘုရားသခင်သည် ဣသရေလလူမျိုးတို့အား ရှင်ဘုရင်မပေးလိုခဲ့သော်လည်း သူတို့၏ဆန္ဒအတိုင်း ခွင့်ပေးတော်မူခဲ့ကြောင်း ကျမ်းစာတော်မှ အတည်ပြုပြောဆိုထားပေးပါသည်။

အို ဣသရေလ၊ သင့်ကို ကယ်တင်နိုင်သော အရှင် ငါ့ကို သင်သည် ဆန့်ကျင်ဘက်ပြုသောကြောင့် အကျိုးနည်းရှိ၏။ (၁၀) သင်၏ ရှင်ဘုရင်သည် အဘယ်မှာရှိသနည်း။ သင့်နေရာမြို့ရှိသမျှတို့၌ ကယ်တင်ပါစေသော။ သင်၏ တရားသူကြီးတို့သည် အဘယ်မှာ ရှိကြသနည်း။ (၁၁) ရှင်ဘုရင်နှင့် မင်းများကို ပေးပါဟု သင်တောင်းသောကြောင့်၊ **ငါအမျက်ထွက်၍ ရှင်ဘုရင်ကို ပေးပြီ။** တဖန် ပြင်းစွာအမျက်ထွက်၍ ရှင်ဘုရင်ကို ပယ်ရှားပြီ။ ဟောရှေအနာဂတ္တိကျမ်း ၁၃း၉-၁၁

ဘုရားသခင်သည် အမျက်ထွက်၍ ဣသရေလလူတို့အား ရှင်ဘုရင်ကို ပေးပြီး ဆိုသည့်အဓိပ္ပါယ်ကား အဘယ်နည်း။ ဘုရားသခင်၏အမျက်တော်ကား လူသားများ လိုလားကြသည့် မှားယွင်းမှုများကို သူတို့အား ပိုင်ဆိုင်ခွင့် ပေးခြင်းပင်ဖြစ်သတည်း။[6] လူများ လုပ်ချင်သောအရာများကို ဘုရားသခင် လုပ်ဆောင်ခွင့်ပေးလိုက်သည့်အဖြစ်အပျက်မျိုး ကျမ်းစာ နေရာတော်တော်များများတွင် ဖေါ်ပြထားပေးပါသည်။ နောက်ဥပမာတစ်ခုကို ဆင်ခြင်ကြည့်လိုက်ပါလေ။

တဖန် ထာဝရဘုရားသည် မောရှေအား မိန့်တော်မူသည်ကား၊ (၂) ဣသရေလအမျိုးသားတို့အား ငါပေးသော ခါနာန်ပြည်ကို စူးစမ်းစေခြင်းငှါ၊ အမျိုးအနွယ်အသီးအသီးထဲက အဆွေအမျိုးသူကြီးဖြစ်သောသူ တမျိုးတယောက်စီ ရွေးကောက်၍ စေလွှတ်လော့ဟု၊… တောလည်ရာကျမ်း ၁၃း၁-၂

ဤ အကြောင်းအရာကို ရုတ်တရက်ဖတ်သော် ခါနန်ပြည်အား ဣသရေလလူများ စူးစမ်းမည့်အမှုကို ဘုရားသခင် အလိုရှိသယောင် ထင်ရသည်။ သို့သော် နောက်ခံအကြောင်းအရာကို ကျွန်ုပ်တို့

---

[6] ထပ်ဆင့်လေ့လာလိုလျှင် Fatheroflove.info တွင်ရရှိနိုင်သည့် "အကျွန်ုပ်တို့သိမ်မွေ့ရှင် ဘုရားသခင်၏ လုပ်ဆောင်ချက်များ" စာအုပ် သင်ခန်းစာ ၁၃ ကိုကြည့်ရှုပါ။

ပြန်ဖတ်ကြည့်သောအခါ တစ်စုံတစ်ရာ ကွဲပြားခြားနားနေသည်ကို ကျွန်ုပ်တို့တွေ့ရသည်။

> **ထိုအခါ သင်တို့ရှိသမျှသည် ငါ့ထံသို့ ချဉ်းကပ်၍၊ အကျွန်ုပ်တို့ရှေ့၌ လူတို့ကို စေလွှတ်ပါမည်။ သူတို့သည် ထိုပြည်ကို စူးစမ်းပြီးမှ၊** အကျွန်ုပ်တို့သည် အဘယ်လမ်းသို့သွားလျှင် အဘယ်မြို့သို့ ရောက်ရမည်ကို ကြားပြောကြပါလိမ့်မည်။ တရားဟောရာကျမ်း ၁း၂၂

ပြည်တော်ကို စူးစမ်းလိုသူမှာ ဣသရေလလူများပင်ဖြစ်ကြ၏။ သို့ဖြစ်၍ မိမိတို့ အလိုဆန္ဒအတိုင်းပြုကြဖို့ သူတို့အား ဘုရားသခင် မိန့်ကြားတော်မူခဲ့လေတော့သည်။ အဘယ့်ကြောင့် ဘုရားသခင် ဤသို့ပြုတော်မူသနည်း။

> ထိုမှတပါး၊ ပညတ်တရားသည် တဖန်ဝင်သဖြင့် ပြစ်မှားသောအပြစ်ပွါးများ၏။ သို့သော်လည်း အပြစ်ပွါးများသည် အရာမှာ ကျေးဇူးတော်သာ၍ ကြွယ်ဝ၏။ ရောမသြဝါဒစာ ၅း၂၀

လူတစ်ယောက်၏ နှလုံးသားထဲ၌ အပြစ်ဖြစ်တည်လာသောအခါ ဘုရားသခင်၏ ပထမဦးဆုံးသောအလုပ်ကား ထိုသူအား အပြစ်ပြဖို့အတွက်ဖြစ်သည်။ လူသား၏ နှလုံးသားတွင် ကိုယ့်ကိုကိုယ် လှည့်စားနိုင်သည့် စွမ်းရည်ရှိသည်။ မိမိ၏ ဒုစရိုက်အပြစ်များကို ပြန်မမြင်နိုင်တော့သည့် အခြေအနေကို ဆိုလိုပါသည်။ ဘုရားသခင့်အလိုတော်၏ ဘောင်အပြင်ဘက်သို့ ကျွန်ုပ်တို့ ရောက်သွားကြသောအခါ၊ ကျွန်ုပ်တို့၏ စိတ်လိုအင်များအား ကြီးထွားခွင့်ပေးရန်နှင့် ထိုလိုအင်တို့သည် အဘယ်ကြောင့် အပြစ်နှင့်ပြည့်ဝနေသည်ကို ကျွန်ုပ်တို့ စတင်မြင်လာနိုင်ရန် ထိုလိုအင်များကို ဘုရားသခင် လွှတ်ထားပေးတော်မူမည်ဖြစ်သည်။ သို့ရာတွင် မိမိတို့၏လိုအင်များ မှားယွင်းကြောင်းကို လူသားအား သိမြင်ခွင့်မပေးပဲနှင့် ဘုရားသခင် ထိုသို့ပြုတော်မမူတတ်ပါချေ။ ဘုရားသခင် လွှတ်ထားပေးသောအရာများကို ဘုရားသခင် စေခိုင်းသောအမှုများအဖြစ် လူသားများ အနက်ဖွင့်ဆိုကြသည်။ အကြောင်းအရင်းမှာ လူသားများအနေဖြင့် မိမိတို့၏ ဒုစရိုက်များကို ပြန်မမြင်နိုင်ကြသောကြောင့်ဖြစ်သည်။ ထိုအနက်ဖွင့်ဆိုမှုကိုလည်း သူတို့ယုံကြည်လာကြသည်။ အကြောင်းမှာ ထိုအခြေအနေတွင် ဘုရားသခင်အား မိမိတို့နှင့်တန်းတူ သူတို့ ရှုမြင်လာကြပြီး ထိုအမြင်အားဖြင့် မိမိတို့၏လွန်ကျူးခြင်းအပြစ်များကို သူတို့ပြန်မမြင်နိုင်ကြသောကြောင့်ဖြစ်သည်။

အာဒံ၏နှလုံးသားထဲတွင် သေခြင်းမျိုးစေ့များ တည်ရှိနေခဲ့ကြောင်း သင်ခန်း ၂ တွင် ကျွန်ုပ်တို့ လေ့လာခဲ့ရသည်။ သေပြစ်သင့်သည့်လုပ်ရပ်များအဖြစ် မိမိထင်မှတ်ထားခဲ့သည့် လုပ်ရပ်များ အတွက် ဘုရားသခင့်သားတော်အပေါ် အာဒံ ခေါင်းပုံချခဲ့သည်။ ထိုလုပ်ရပ်များကြောင့် မိမိအား ဘုရားသခင်ကွပ်မျက်မည်ကို သူကြောက်ရွံ့စိုးရိမ်နေခဲ့သည်။ သေပြစ်မှ ကင်းလွတ်နိုင်ရန် မိမိ မယားဖြစ်သူအပေါ် သူအပြစ်ပုံချခဲ့သည်။ မိမိကိုယ်စား သူမအား သူအသေခံစေလိုခဲ့သည်။ ဘုရားသခင်၏ တရားမှုက သေခြင်း(သေဒဏ်)ကို ပြဋ္ဌာန်းတောင်းဆိုထားသည်ဟု အာဒံ ထင်မှတ် ခဲ့သည်။ အခြားသူအပေါ် အပြစ်လွှဲချမှုပြုနိုင်ပြီး ဘုရားသခင် ပြဋ္ဌာန်းထားသည်ဟု မိမိထင် မှတ်ထားသော အဖိုးအခကို အခြားသူတစ်ယောက်က ပေးချေနိုင်သည်ဟု အာဒံ ထင်ခဲ့သည်။ မိမိနှလုံးသားထဲ၌ရှိသောအရာကို အာဒံတွေ့မြင်နိုင်ဖို့အတွက် ယဇ်ပူဇော်ခြင်းစနစ်တစ်ခုကို ဘုရားသခင် ပညတ်တော်မူခဲ့သည်။ ယဇ်ပူဇော်ခြင်းစနစ်ဟူသည် လူသားများ၏ အတွေးအ ခေါ်ကို ထုတ်ဖော်ပြပေးသောအရာတစ်ခုသာဖြစ်သည်။ ဘုရားသခင်၏အတွေးအခေါ်ကို ဖော်ပြ ပေးသောအရာ မဟုတ်ပါ။ ယဇ်ပူဇော်ခြင်းစနစ်သည် လူ့စိတ်သဘောကို ထင်ဟစေသည့် မှန်တစ်ချပ်ဖြစ်သည်။ ဤနောက်ခံအကြောင်းရင်းအမှန်အားဖြင့် ကျမ်းစာပါ ယဇ်ပူဇော်ခြင်းဆိုင် ရာ ကျမ်းချက်များအားလုံးကို တညီတညွတ်တည်း သင် ယှဉ်တွဲနားလည်နိုင်သည်။

> ရှမွေလကလည်း၊ ထာဝရဘုရား၏အမိန့်တော်ကို နားထောင်ခြင်း၌ အားရတော်မူသကဲ့သို့၊ မီးရှို့ရာယဇ်အစရှိသော ယဇ်မျိုးတို့ကို ပူဇော်ခြင်း၌ အားရတော်မူမည်လော။ အလိုတော်သို့ လိုက်ခြင်းသည် ယဇ်မျိုးထက်သာ၍ ကောင်း၏။ နားထောင်ခြင်းသည် သိုးထီးဆီဥထက်သာ၍ ကောင်း၏။ ဓမ္မရာဇဝင်ပထမစောင် ၁၅း၂၂

မိမိ၏ဂရုဏာတော်၌ ခိုလှုံသောအားဖြင့် မိမိအား ကိုးစားနားထောင်ကြဖို့ရန်သာ ကျွန်ုပ်တို့အား ဘုရားသခင်အလိုတော်ရှိသည်။ ယဇ်ပူဇော်ခြင်းအမှုကို လူသားတို့အား ပေးရန် သူဆန္ဒမရှိခဲ့သော် လည်း မိမိတို့နှလုံးသားထဲ၌ရှိသော ဒုစရိုက်အပြစ်များကို လူသားပြန်မြင်နိုင်ဖို့ရန် ထိုယဇ်ပူဇော် ခြင်းအမှုကို ဘုရားသခင် ပညတ်တော်မူခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ယဇ်ပူဇော်ခြင်းဆိုင်ရာ အသေးစိတ် ညွှန်ကြားချက်အလုံးစုံတို့ကို မောရှေအား ဘုရားသခင် အဘယ်ကြောင့် ပေးသနည်း။

> သင်တို့သည်လည်း မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး ဖြစ်ရကြလိမ့်မည် ဟူသော အမိန့်တော်ကို ဣသရေလအမျိုးသားတို့အား ဆင့်ဆိုလော့ ဟု မိန့်တော်မူ၏။ (၇) မောရှေသည် ပြန်လာ၍ လူတို့တွင် အသက်ကြီးသူတို့ကို ခေါ်ပြီး

လျှင်၊ ထာဝရဘုရားမှာထားတော်မူသော စကားအလုံးစုံတို့ကို ပြန်ပြောလေ၏။ (၈) **လူအပေါင်းတို့ကလည်း ထာဝရဘုရားမိန့်တော်မူသမျှတို့ကို အကျွန်ုပ်တို့သည် ပြုပါမည်ဟု တညီတညွတ်တည်း ပြန်ပြောကြ၏။** မောရှေသည်လည်း သူတို့၏ စကားကို ထာဝရဘုရားအား ပြန်လျှောက်လေ၏။ ထွက်မြောက်ရာကျမ်း ၁၉း၆-၈

ဣသရေလလူများထံ ထာဝရဘုရား ကြွလာတော်မူခဲ့စဉ်က သူတို့ရှိသမျှတို့အား ယဇ်ပုရောဟိတ်များဖြစ်ဖို့နှင့် ပဋိညာဉ်နှင့်စပ်ဆိုင်သော ကတိတော်ရှိသမျှတို့ကို ရခြင်းအလို့ငှါ မိမိ၏ကျေးဇူးတော်ကိုသာ ကိုးစားယုံကြည်ကြဖို့ သူတို့အား ဘုရားသခင် အလိုရှိတော်မူခဲ့သည်။ သို့ရာတွင် မိမိတို့၌ ကတိထားသမျှတို့ကို ကိုယ်တော်အား မိမိတို့ပြန်လည်ကတိထားကြမည်ဟု ဘုရားသခင် အား ဣသရေလလူများ ပြောဆိုခဲ့ကြသည်။ ဘုရားသခင် ကတိထားတော်မူသောအရာကို မိမိတို့ ပြုကြပါမည်ဟု ပြောဆိုနေခြင်းသည် အမှန်အားဖြင့် ဘုရားသခင်ကို ပုန်ကန်နေခြင်း သာဖြစ်သည်။

အကြောင်းမူကား၊ သင်တို့ ဘိုးဘေးများကို အဲဂုတ္တုပြည်မှ ငါနှုတ်ဆောင်သောအခါ၊ မီးရှို့ရာယဇ် အစရှိသော ယဇ်များအတွက် သူတို့ကို ငါမှာထားသည်မဟုတ်။ (၂၃) ငါမှာထားသောအရာဟူမူကား၊ ငါ့စကားကို နားထောင်ကြလော့။ သို့ပြုလျှင်၊ ငါသည် သင်တို့၏ ဘုရားသခင်ဖြစ်မည်။ သင်တို့သည်လည်း၊ ငါ၏လူမျိုးဖြစ်ကြလိမ့်မည်။ သင်တို့သည် ကိုယ်အကျိုးကို စောင့်လိုသောငှါ၊ ငါစီရင်သမျှသော တရားလမ်းသို့ လိုက်ရကြမည်ဟု မှာထား၏။ (၂၄) **သို့ရာတွင်၊ သူတို့သည် နားမထောင်၊ နားကို မလှည့်ဘဲ ဆိုးညစ်သော နှလုံးခိုင်မာသည်နှင့်အညီ ကျင့်ကြံပြုမူ၍ မျက်နှာမပြု၊ ကျောခိုင်းလျက် နေကြ၏။ (၂၅) သင်တို့အဘများသည် အဲဂုတ္တုပြည်က ထွက်သွားသောနေ့မှစ၍ ယနေ့တိုင်အောင်၊** ငါသည် နေ့တိုင်း စောစောထ၍၊ ငါ၏ကျွန်ပရောဖက်အပေါင်းတို့ကို သင်တို့ရှိရာသို့ အထပ်ထပ်စေလွှတ်သော်လည်း၊ (၂၆) သင်တို့သည် ငါ့စကားကို နားမထောင်၊ မနာမယူဘဲနေ၍ မိမိတို့ လည်ပင်းကို ခိုင်မာစေသဖြင့်၊ အဘများထက်သာ၍ ဆိုးသွမ်းကြ ၏။ ယေရမိအနာဂတ္တိကျမ်း ၇း၂၂

အဲဂုတ္တုပြည်မှ ထွက်လာသည့် နေ့မှစ၍ မိမိတို့အဖို့ ဘုရားသခင်၏ အလိုတော်ကို ဣသရေလလူများ ဆန့်ကျင်ခဲ့ကြသည်ဟု နှုတ်ကပတ်တော်က ဖော်ပြထားသည်။ ပသခါသိုးသငယ်အသားကို စားသုံးခဲ့ကြသည့်ညတွင် ခရစ်တော်အပေါ် မိမိတို့၏ ငြင်းပယ်မှုကို သူတို့ ထင်ရှားစေခဲ့ကြသည်။ နောက်ထပ် နှစ်ပေါင်း ၁၅၀၀ ခန့်အကြာတွင် ဖြစ်ပျက်လာခဲ့သည့် ခရစ်တော်အား ငြင်းပယ်သည့် ဖြစ်ရပ်များကား ထိုပသခါည၌ ဣသရေလလူများပြုခဲ့ကြသည့်အမှုကို တကျော့

ပြန်လုပ်ဆောင်ခဲ့သည့် လုပ်ဆောင်မှုတစ်ခုပင်ဖြစ်သည်။ ဆိုးညစ်သော မိမိတို့၏ စိတ်နှလုံးအကြံအစည်များအတိုင်း သူတို့ အသက်ရှင် လျှောက်လှမ်းခဲ့ကြသည်။ ပသခါသိုးသငယ်နှင့်ပါတ်သက်ပြီး ပေးတော်မူခဲ့သည့် ညွှန်ကြားချက်များအားဖြင့် သူတို့၏လုပ်ရပ်များကို ဘုရားသခင်ဖွင့်ပြပေးခဲ့လေသည်။ သူတို့၏ အပြစ်များကို ဖော်ပြပေးလိုက်ခြင်းပင်ဖြစ်သည်။ ထို့အပြင်၊ ပသခါသိုးသငယ်အား ကွပ်မျက်ရခြင်းသည်လည်း အဲဂုတ္တုပြည်သို့ မောရှေပြန်ရောက်ခဲ့စဉ်အချိန်တွင် ဘုရားသခင် ကမ်းလင့်ပေးခဲ့သည့် ကျေးဇူးတော်နှင့်ပြည့်ဝသော ကမ်းလှမ်းမှုအပေါ် ဣသရေလလူများ ငြင်းပယ်ခဲ့ကြကြောင်း ဖော်ပြချက်တစ်ခုလည်း ဖြစ်ပေသည်။

> ထိုကြောင့် ဣသရေလအမျိုးသားတို့အား ပြောရသောစကားဟူမူကား၊ ငါသည် ထာဝရဘုရား ဖြစ်၏။ ငါသည်လည်း သင်တို့ကို အဲဂုတ္တုလူတို့လက်မှ လွှတ်၍၊ သူတို့၏ ညှဉ်းဆဲခြင်းထဲက နှုတ်ယူမည်။ လက်ဆန့်ခြင်း၊ ကြီးစွာသော ဒဏ်ခတ်ခြင်းအားဖြင့် သင်တို့ကို ငါရွေးမည်။ (၇) ငါ၏လူမျိုးဖြစ်စေခြင်းငှါ၊ သင်တို့ကို ငါသိမ်းယူမည်။ ငါသည်လည်း သင်တို့၏ ဘုရားသခင်ဖြစ်မည်။ ငါသည်သင်တို့ကို အဲဂုတ္တုလူတို့လက်မှ လွှတ်သော သင်တို့၏ ဘုရားသခင် ထာဝရဘုရားဖြစ်ကြောင်းကို သင်တို့သိကြလိမ့်မည်။ (၈) ငါသည်လည်း၊ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့ အားပေးမည်ဟု ကျိန်ဆိုသောပြည်သို့ ငါပို့ဆောင်၍၊ အမွေခံစရာဘို့ပေးမည်။ ငါသည် ထာဝရဘုရားဖြစ်၏ဟု မိန့်တော်မူ၏။ (၉) ထိုသို့မောရှေသည် ဣသရေလအမျိုးသားတို့အား ဆင့်ဆိုသော်လည်း၊ **သူတို့သည် အလွန်စိတ်ပင်ပန်း၍ ကြမ်းတမ်းစွာ ညှဉ်းဆဲခြင်းကို ခံရသောကြောင့်၊ မောရှေစကားကိုနားမထောင်ဘဲနေကြ၏။** ထွက်မြောက်ရာကျမ်း ၆း၆-၉။

ရုပ်တုကိုးကွယ်ခြင်းနှင့် ယုံကြည်မှုစွန့်ပယ်ခြင်း အပြစ်များအတွက် နောင်တရ ရကြမည့်အစား မိမိတို့ခံရသော အဲဂုတ္တုလူတို့၏ ဖိနှိပ်မှုများအတွက် ဘုရားသခင်ကို ဣသရေလလူများ အပြစ်တင်ခဲ့ကြသည်။ ဤမျှ ချစ်ဖွယ်ကောင်းပြီး ဂရုဏာတော်နှင့်ပြည့်ဝသည့် ကတိထားတော်မူရာပြည်သို့ ပို့ဆောင်ပေးမည်ဟူသော ကမ်းလှမ်းမှုတစ်ခုကို သူတို့ အဘယ်ကြောင့် ငြင်းပယ်ခဲ့ကြသနည်း။ မိမိတို့ ကြုံနေရသည့်အရာများအတွက် သူတို့၏နှလုံးသားထဲတွင် ဘုရားသခင်အပေါ် ဒေါသဖြစ်သည့်စိတ်နှင့် အပြစ်တင်လိုစိတ်များ ကိန်းအောင်းနေသောကြောင့်ဖြစ်သည်။ ဤသည်ကား ပသခါ သိုးသငယ်နှင့်ပတ်သက်သည့် မျိုးစေ့များပင်ဖြစ်သည်။ ထိုအချိန်တွင် သူတို့ရှိရာသို့ ဘုရားသား ကိုယ်တော်တိုင် ဆင်းသက်လာခဲ့ပါမူ နောင်နှစ်ပေါင်း ၁၅၀၀ ခန့်တွင် ဖြစ်ပျက်ခဲ့သည်နည်းတူ သားတော်အား သူတို့ ကွပ်မျက်ခဲ့ကြလိမ့်မည်ဖြစ်သည်။

သို့စေကာမူ၊ တံခါးဘောင်တို့၌ သုတ်လိမ်းထားသည့် သတ်ခြင်းခံသိုးသငယ်၏ အသွေးကို ယုံကြည်ခြင်းဖြင့် မိမိတို့အား ဘုရားသခင်ကာကွယ်ပေးနိုင်မည် ဟူသောသင်ခန်းစာတစ်ခုကို သူတို့အား ဘုရားသခင် သင်ပြပေးနိုင်ခဲ့သည်။ သူတို့တွင်ရှိသည့် အပြစ်ဖြေခြင်းဆိုင်ရာ မှားယွင်းသော အယူအဆများအားဖြင့် မိမိ၏ဂရုဏာတော်အကြောင်းကို သူတို့အား ဘုရားသခင် သင်ပြပေးခဲ့သည်။ မိမိ၏ ကျေးဇူးနှင့် ကရုဏာတော်အကြောင်းကို သူတို့အား အစပြု သင်ပြပေးတော်မူခဲ့သည်။

သိနာတောင်၌ ပညတ်တော်လက်ခံရရှိပြီး အပတ်ပိုင်းအတွင်းမှာပင် ရွှေနွားသငယ်ရုပ်ကို ဝန်းရံလျက် ချီးမွမ်းကခုန်ခဲ့ကြခြင်းဖြင့် မိမိတို့ပေးခဲ့သောကတိကို သူတို့ချိုးဖေါက်သွားခဲ့ကြသည်။ ထိုအခါ မောရှေအမျက်ထွက်၍ ဘုရားသခင် ကိုယ်တော်တိုင် ထွင်းခုတ်၊ ကိုယ်တော်တိုင် ပညတ်တော်ဆယ်ပါးရေးထားခဲ့သော ကျောက်ပြားနှစ်ပြားကို မောရှေချိုးဖွဲ့ဖျက်စီးပစ်ခဲ့ပါသည်။

> တဖန် ထာဝရဘုရားက၊ **အရင်ကျောက်ပြားနှစ်ပြားနှင့်တူအောင် ကျောက်ပြားနှစ်ပြားကို ခုတ်လော့။** သင်ချိုးဖွဲ့သော အရင်ကျောက်ပြား၌ စကားပါသည်အတိုင်း **နောက်ကျောက်ပြားပေါ်မှာ ငါရေးထားမည်။** ထွက်မြောက်ရာကျမ်း ၃၄း၁။

ဒုတိယ ပညတ်တော်ကျောက်ပြားနှစ်ပြားကို လူလက်ဖြင့် ထွင်းခုတ်ရပြီး ထိုကျောက်ပြားပေါ်တွင် ဘုရားသခင် ပညတ်ရေးပေးတော်မူခဲ့သည်။ ဘုရားသခင်၏ လုပ်ဆောင်မှုနှင့် လူသားတို့၏ လုပ်ဆောင်မှုနှစ်ခု ပေါင်းစည်းခြင်းကို ပုံဆောင်ပါသည်။ ကျေးဇူးတော်အားဖြင့် ဘုရားသခင် အခမဲ့ ကမ်းလမ်းပေးသောအရာကို သူတို့ငြင်းပယ်ခဲ့ကြသည်။ မိမိတို့၏ ဘာသာတရားကိုင်းရှိုင်းမှုနှင့် မိမိတို့၏ ကောင်းမြတ်မှုကို ထုတ်ဖေါ်ပြနိုင်ရန် မိမိတို့ကျင့်သော အကျင့်အားဖြင့် သူတို့ သက်သေပြလိုကြသည်။ ထို့ကြောင့် အပြစ်ဟွားများစေတတ်သော သူတို့၏နှလုံးသားတွင် ရှိသည့် အရာများကို သူတို့အား ဘုရားသခင်ခွင့်ပြုတော်မူခဲ့သည်။ သူတို့၏နှလုံးသားများတွင် ယဇ်နှင့် ပူဇော်သက္ကာများတို့နှင့် ပြည့်လျှံနေခဲ့ပါသည်။ ရွှေနွားသငယ်ရုပ်ကို ဝန်းရံလျက် မိမိတို့နှလုံးသားထဲကရှိသည်အတိုင်း သူတို့လုပ်ဆောင်ခဲ့ကြသည် မဟုတ်ပါလော။ ထို့ကြောင့် သူတို့ဇာတိစိတ်သဘော၏ ဆိုးညစ်မှုအတိုင်းအဆကို သူတို့၌ ဖေါ်ပြပေးခြင်းငှါ ပညတ်များကို ဘုရားသခင်ပေးတော်မူခဲ့လေသည်။

> ထို့ကြောင့်၊ မကောင်းသောစီရင်ချက်၊ အသက် မရှင်ရသော ထုံးဖွဲ့ချက်တို့ကို ငါပေး၏။ ယေဇကျေလအနာဂတ္တိကျမ်း ၂၀း၂၅

အသက်မရှင်ရသော အရာများ(အသက်မပေးစွမ်းသောအရာများ)ကို မိမိလူတို့အား ဘုရားသခင် ပေးတော်ခြင်းအမှုသည် အဘယ်သို့ဖြစ်နိုင်ပါမည်နည်း။ သူတို့အလိုရှိသော အရာများကိုသာ သူတို့၌ ဘုရားသခင် ပေးအပ်တော်မူခဲ့ခြင်းဖြစ်သည်။ ယဇ်ပူဇော်ခြင်းဖြင့် ဘုရားသခင်အား အမျက်ပြေစေရန် ကြိုးစားဆောင်ရွက်ကြရလောက်အောင် လူတို့၏အတွေးများ ဘယ်အထိ ရောက်သွားခဲ့ကြပါသနည်း။

> ထိုအခါ ဗျောလမုန် မင်းကြီးနှင့်တကွ လူအပေါင်းတို့သည် ထာဝရဘုရားရှေ့တော်၌ ယဇ်ပူဇော်ကြ၏။ (၅) **နွားနှစ်သောင်းနှစ်ထောင်၊ သိုးတသိန်း နှစ်သောင်းတို့ကို ယဇ်ပူဇော်သဖြင့်၊** ဘုရားသခင်၏ အိမ်တော်ကို အနုမောဒနာပြုကြ၏။ ၂ ရာဇဝင်ချုပ် ၇း၄-၅

ဤမျှလောက်သောပမာဏမျိုးကို မည်သည့်နေရာတွင် ဘုရားသခင် တောင်းဆိုခဲ့ဖူးသနည်း။ ယဇ်နှင့် ပူဇော်သက္ကာများကို ဘုရားသခင် အလိုတော်မရှိပါဟု ကျမ်းစာ ဖေါ်ပြထားလေ၏။ အစအဦးတွင် တစ်နှစ်လျှင် သိုးတကောင်ပူဇော်ဖို့ အာဒံအား ဘုရားသခင် ပညတ်တော်မူခဲ့လေသည်။ မိမိနှလုံးသားထဲ၌ရှိသောအရာကို အာဒံ ပြန်မြင်နိုင်ဖို့အတွက်ဖြစ်သည်။

> **အချိန်စေ့သောအခါ (သီးနှံရိတ်သိမ်းရာကာလ ရောက်သောအခါ** - NLT)၊ ကာဣန သည် ထာဝရဘုရားထံ ပူဇော်သက္ကာဘို့ မြေအသီးကို ဆောင်ခဲ့၏။ (၄) အာဗေလသည် လည်း မိမိသိုးစုတွင် အဦးဘွားသော သားအချို့နှင့်၊ သိုးဆီဥကိုဆောင်ခဲ့၏။ ထာဝရ ဘုရားသည် အာဗေလနှင့် သူ၏ပူဇော်သက္ကာကို ပမာဏပြုတော်မူ၏။ ကမ္ဘာဦးကျမ်း ၄း၃-၄

သီးနှံရိတ်သိမ်းရာကာလ ရောက်သောအခါ သူတို့လာရောက်ယဇ်ပူဇော်ကြသည်ဟု NLT ဘာသာ ပြန်ဆိုမှုတွင် ဖေါ်ပြထားသည်။

**နေ့ရက်များ ကုန်ဆုံးချိန်ရောက်သောအခါ** ကာဣနသည် ယေဟောဝါဘုရားသခင်ထံ ပူဇော် သက္ကာဘို့ မြေအသီးကို ဆောင်ခဲ့၏။ ကမ္ဘာဦးကျမ်း ၄း၃ (YLT ဘာသာပြန်ဆိုမှု)

တိုက်ရိုက်အဓိပ္ပါယ်အရ "နေ့ရက်များ ကုန်ဆုံးချိန်" သို့ "နှစ်ကုန်ချိန်" ပင်ဖြစ်ပြီး၊ သီးနှံရိတ်သိမ်း ရာကာလတွင် ထိုအချိန်ကျရောက်လာပါသည်။ ဂျွန်ဝက်စလီ၏ ရှင်းလင်းချက် မှတ်စု၌ အဘယ် သို့ ဖေါ်ပြထားသည်ကို ဆင်ခြင်ကြည့်ပါလေ။

အချိန်စေ့သောအခါ - နေ့ရက်များ ကုန်ဆုံးသောအခါ __ Feast of in-gathering (ခေါ်) သိမ်းပွဲ ကျင်းပရာ နှစ်ကုန်ချိန် ရောက်သောအခါ (သို့) ရက်သတ္တပတ်၏ နောက်ဆုံးနေ့ ဖြစ်သော သတ္တမနေ့ရောက်သောအခါ၊ ကာဣနနှင့် အာဗေလတို့သည် မိသားစု၏ ယဇ်ပုရောဟိတ်ဖြစ်သော အာဒံထံသို့ ဘုရားသခင်အား ပူဇော်သက္ကာအသီးသီးတို့ကို ဆောင်ယူလာခဲ့ကြသည်။ လမ်းလွဲခဲ့ပြီးသော်လည်း ဘုရားသခင်၏ လက်ခံမှုကို ရရှိကြောင်း ဖော်ပြပေးသည့် အမှတ်အသားတစ်ခုအနေဖြင့် ဘုရားပေး တာဝန်တစ်ခု ကို အာဒံထမ်းဆောင်ခွင့်ရခဲ့သည်ဟု ကျွန်ုပ်တို့ မှတ်ယူစရာရှိပါသည်။ John Wesley commentary on Genesis 4:3.

တစ်ခုတည်းသော ထိုဟေဗြဲစကားလုံးကို အခြားတစ်နေရာတွင် *နှစ်ဆုံးပိုင်းရောက်သောအခါ* ဟူ၍ ဘာသာ ပြန်ဆိုထားပါသည်။

ထို့ကြောင့် စီရင်တော်မူသော ဤထုံးစံကို၊ မိမိအချိန်၌ **နှစ်စဉ်အတိုင်း** စောင့်ရကြမည်။ ထွက်မြောက်ရာကျမ်း ၁၃း၁၀

**နှစ်စဉ်ပြုရသော** ယဇ်ကို ပူဇော်ခြင်းငှါ၊ သူ၏မိဘသည် ရောက်သောအခါ၊ အမိသည် တနှစ်မပြတ် သားအဘို့ အင်္ကျီငယ်ကို ချုပ်၍ ဆောင်ခဲ့တတ်၏။ ဓမ္မရာဇဝင်ပထမ စောင် ၂း၁၉

တစ်နှစ်လျှင် မိသားစုတစ်စုအဖို့ တိရိစ္ဆာန်တစ်ကောင်တည်း ပူဇော်ခဲ့ရသည့်အဖြစ်မှ ယခုအခါ ဘုရင်တစ်ပါးတည်းမှ သိုး ၁၂၀၀၀၀ နှင့် နွား ၂၂၀၀၀ တို့ကို ပူဇော်နေသည့်အဖြစ်သို့ အဘယ်သို့ ပြောင်းလဲသွားခဲ့သနည်း။ မိမိတို့အတွေးဖြင့် ပုံသွင်းထားသော နတ်ဘုရား(gods)များ သဘောတွေ့ စေခြင်းငှါ မိမိတို့သားသမီးများကိုပင် သူတို့ ယဇ်ပူဇော်လိုခဲ့ကြသည်။ ကျမ်းစာတော်မြတ်က မည်သို့ ပြောဆိုထားပါသနည်း။

**ထာဝရဘုရားသည် သိုးထီးတထောင်၊ ဆီမြစ် တသောင်းကို အားရနှစ်သက်တော်မူမည်လော။ ငါ့လွန်ကျူးခြင်းအတွက် ငါ၏သားဦးကိုင်း၊ ငါ့စိတ်ဝိညာဉ်၏ အပြစ်အတွက် ငါ၏ရင်သွေးကိုင်း ပူဇော်ရမည်လော၊** (၈) အချင်းလူ၊ ကောင်းသောလမ်းကို ပြတော်မူပြီ။ တရားသဖြင့်ပြုခြင်း၊ ကရုဏာကို နှစ်သက်ခြင်း၊ သင်၏ ဘုရားသခင့်

ရှေ့တော်၌ နှိမ့်ချသောစိတ်နှင့် ကျင့်နေခြင်းမှတပါး အဘယ်ပူဇော်သက္ကာကို ထာဝရဘုရား တောင်းတော်မူသနည်း။ မိက္ခာအနာဂတ္တိကျမ်း ၆း၇-၈။

နာခံတတ်သူများဖြစ်ရန်အလို့ငှါ မိမိအား ကိုးစားလျက် မိမိ၏ကျေးဇူးတော်ကို လက်ခံရယူကြဖို့ လူများတို့အား ဘုရားသခင် အလိုရှိခဲ့သည်။ အမျက်တော်ပြေငြိမ်းခြင်းငှါ ယဇ်များကို ဘုရားသခင် လိုလားတော်မမူခဲ့ပါချေ။ ကျမ်းချက်တစ်ချက်က အောက်ပါအတိုင်းဖေါ်ပြထားသည်။

ပညတ်တရားအတိုင်း ခပ်သိမ်းသောအရာတို့ကို ကုန်မတတ် အသွေးအားဖြင့် စင်ကြယ်စေတတ်၏။ အသွေးမသွန်းလောင်းဘဲ အပြစ်လွှတ်ခြင်းမရှိ။ ဟေဗြဲသြဝါဒစာ ၉း၂၂

အသွေးမသွန်းလောင်းဘဲ အပြစ်လွှတ်ခြင်း၊ ခွင့်လွှတ်ခြင်း (သို့) လွှတ်ခြင်း မရှိပါဟု ပညတ်တော်က အဘယ့်ကြောင့် သွန်သင်ထားသနည်း။ အဘယ့်ကြောင့်ဆိုသော် ပညတ်တော်သည် လူ့နှလုံးသားအတွင်း၌ ရှိသောအရာကို ထင်ရှားစေသည့် မှန်တစ်ချပ်ပင်ဖြစ်သောကြောင့်ဖြစ်သည်။

**ထိုသို့ပညတ်တရားသည် ဒုစရိုက်အပြစ်ကို ထင်ရှားစေသည်ဖြစ်သောကြောင့်၊** ပညတ်တရား၏ အကျင့်အားဖြင့် ဘုရားသခင်ရှေ့တော်၌ အဘယ်သူမျှ ဖြောင့်မတ်ရာသို့ မရောက်ရာ။ ရောမသြဝါဒစာ ၃း၂၀။

လူသားများ ဖြောင့်မတ်ရာသို့ ရောက်နိုင်သည့်အကြောင်းကား ပညတ်တရား၏ ယဇ်ပူဇော်ခြင်းအကျင့်အားဖြင့်မဟုတ်ပဲ၊ ယဇ်ပူဇော်ခြင်းအမှု၌ မိမိတို့၏ အပြစ်သဘာဝကို သိမြင်လျက် ထိုအပြစ်များအတွက် နောင်တရခြင်းအားဖြင့်သာ ဖြစ်သည်။ ပညတ်တရားသည် မျိုးစေ့ကို ဖေါ်ထုတ်ပေးသည်။ ထိုမျိုးစေ့(အပြစ်)အား ဝန်ချနိုင်ဖို့အတွက် ဖြစ်သည်။ "အသွေး မသွန်းလောင်းပဲ" အပြစ် လွှတ်ခြင်းမရှိပါ ဆိုသည့်ပညတ်ချက်ကို ပညတ်ခဲ့သူမှာ ဘုရားသခင်မဟုတ်ပဲ၊ ထိုပညတ်ချက်ကို ယုံကြည်နေကြသည့် လူသားများပင်ဖြစ်ပေသည်။ ယဇ်ပူဇော်ခြင်းမပြုပဲ မိမိတို့အား ဘုရားသခင် ခွင့်လွှတ်ပေးနိုင်သည်ကို လူသားများ မယုံကြည်နိုင်ကြပါချေ။ ကြားစရာနား ရှိသောသူမည်သည် ကား ဤအမှုအရာတို့ကို ဆင်ခြင်နားလည်နိုင်ပါစေ။

ထို့ကြောင့် ယဇ်ပူဇော်ခြင်းနှင့် စပ်ဆိုင်သောပညတ်တရားက လူသားတို့၏ အပြစ်နှလုံးသားကို သိမြင်လာစေပါသည်။ ပြန်လည်အောက်မေ့ရမည့် ကျမ်းချက်တစ်ချက်ကား၊

အကြောင်းမူကား၊ သင်တို့ဘိုးဘေးများကို အဲဂုတ္တုပြည်မှ ငါနှုတ်ဆောင်သောအခါ၊ မီးရှို့ရာယဇ် အစရှိသော ယဇ်များအတွက် သူတို့ကို ငါမှာထားသည်မဟုတ်။ ယေရမိ အနာဂတ္တိကျမ်း ၇း၂၂။

ဤကျမ်းချက်ကို Torah-တိုရကျမ်း (ခေါ်) မောရှေရေးကျမ်းများ၌ ရေးထားသမျှသောအရာတို့နှင့် တညီတည်းယှဉ်တွဲနိုင်မည့် တစ်ခုတည်းသောနည်းလမ်းမှာ၊ တိုရကျမ်းဟူသည် လူ့နှလုံးသားကို ပြည့သွန်ပေးသည့်၊ လူတို့၏ကိုယ်ပိုင်အပြစ်များကို ဖော်ပြပေးသော ကြည့်မှန်တစ်ချပ်ပင်ဖြစ်သည် ဟု နားလည်ထားဖို့ရန်သာဖြစ်သည်။

ဘုရားသခင်ထံမှ မျက်နှာသာ ရအံ့သောငှာ တစ်စုံတစ်ရာကို ပူဇော်ကွပ်မျက်ချင်နေသည့် ယိုယွင်းသောလူ့သဘဝကို မှတ်တော်မမူပဲ ထိုယိုယွင်းမှုအားဖြင့်၊ သူတို့အပြစ်ကို ခွင့်လွှတ်ပေးလိုသည် အကြောင်းကို ဘုရားသခင် သင်ပြပေးနိုင်ခဲ့သည်။ သိုးသငယ်၏ စာရိတ္တမျိုးဖြင့် ကြွလာတော်မူမည့် မေရှိယကိုလည်း သူတို့အား ဘုရားသခင် ပြည့သွန်ပေးနိုင်ခဲ့သည်။ ဤစာရိတ္တတော် ပေါ်လွင်ထင်ရှားခြင်းဖြင့် လူ့နှလုံးသားများကို ဘုရားသခင်ထံ ပြန်လှည့်စေနိုင်မည်ဖြစ်သည်။ အကြောင်းမှာ လူ့နှလုံးသားများကို ဘုရားသခင်ထံ ပြန်လှည့်စေပြီး သူတို့အား ဘုရားသခင်နှင့် တလုံးတဝတည်း ရှိစေတော်မူမည့် ဘုရားသခင်၏စာရိတ္တတော်သည် ထိုခရစ်တော်၌ ပေါ်လွင်ထင်ရှားသော ကြောင့်ဖြစ်သည်။ ထို့ကြောင့် အသက်တော်မစွန့်မီညက အောက်ပါအတိုင်း ခရစ်တော်ပြောဆို နိုင်ခဲ့ခြင်းဖြစ်သည်။

ထာဝရအသက်ဟူမူကား၊ မှန်သောဘုရားသခင် တဆူတည်းဖြစ်တော်မူသော ကိုယ်တော်ကိုငှင်း၊ စေလွှတ်တော်မူသော ယေရှုခရစ်ကိုငှင်း၊ သိကျွမ်းခြင်းတည်း။ (၄) အကျွန်ုပ်သည် မြေကြီးပေါ်မှာ ကိုယ်တော်ကို ဘုန်းထင်ရှားစေပါပြီ။ **အကျွန်ုပ်ဆောင်ရွက်စရာဘို့ အကျွန်ုပ်အပ်ပေးတော်မူ သောအမှုကို အကျွန်ုပ်ဆောင်ရွက်၍ ပြီးပါပြီ**။ ယောဟန် ၁၇း၃-၄။

ခမည်းတော်အပ်ပေးသောအမှုကို အသက်တော်မစွန့်မီညက ခရစ်တော် ဆောင်ရွက်ပြီးခဲ့သည်မှန်လျှင်၊ အသေခံခြင်းငှါ သားတော်ကို ဘုရားသခင် လိုအပ်တော်မမူပဲ မိမိ၏ ကရုဏာတော်နှင့် ပြည့်ဝသည့် စာရိတ္တတော်ကို လူသားများအား ဘုန်းထင်ရှားစေခြင်းငှါသာ သားတော်ကို ဘုရားသခင် လိုအပ်တော်မူကြောင်း သိသာထင်ရှားလှပေသည်။ အသေခံခြင်းငှါ ခရစ်တော်ကို လူသားများ လိုအပ်ခဲ့ကြပါသည်။ အကြောင်းမူကား ဗီဇအရ ကျွန်ုပ်တို့အနေဖြင့် အပြစ်ဒဏ်

ပေးခြင်းမရှိပဲ ခွင့်လွှတ်ခြင်းမရှိနိုင်ပါဟု ခံယူထားကြသောကြောင့်ဖြစ်သည်။ ဘုရားသခင်၏ ခွင့်လွှတ်ခြင်းကို လက်ခံနိုင်ရန်အလို့ငှါ ယေရှု၏အသေခံခြင်းအမှုကို ကျွန်ုပ်တို့ တွေ့မြင်ဖို့ လိုအပ်ကြခဲ့ပါသည်။ ထို့ ကြောင့် အသက်စွန့်တော်မမူမှီ အောက်ပါအတိုင်း ယေရှုကြွေးကြော်တော်မူခဲ့ခြင်းဖြစ်သည်။

> ယေရှုသည် ပုံးရည်ကိုခံပြီးမှ၊ **အမှုပြီးပြီ**ဟု မိန့်တော်မူလျက်၊ ခေါင်းတော်ကို ငိုက်ဆိုက်ညွတ်၍ အသက်တော်ကို စွန့်တော်မူ၏။ ရှင်ယောဟန်ခရစ်ဝင် ၁၉း၃၀။

အဘယ်အမှု ပြီးခဲ့ပါသနည်း။ မိမိတို့ ခွင့်လွှတ်ခြင်းရနိုင်သည်အကြောင်းကို ယုံကြည်ခြင်းအလို့ငှါ လူသားများ တွေ့မြင်ဖို့လိုသည့် အမှုကို ခရစ်တော် ပြီးစီးဆောင်ရွက်တော်မူခဲ့ခြင်းဖြစ်သည်။ တစ်စုံတစ်ယောက်သောသူသည် မိမိတို့ကိုယ်စား အသေခံပေးသည်ကို လူသားများ တွေ့မြင်ယုံကြည်ရန်လိုသောကြောင့် ယဇ်ပူဇော်ခြင်းအမှုကို ဘုရားသခင် ပြုတော်မူခဲ့ခြင်းဖြစ်သည်။

ဤမေးခွန်း၏ တန်ဖိုးအစစ်အမှန်ကို ဆင်ခြင်နှလုံးသွင်းမိခြင်းသည် ခရစ်တော်၏ ကားတိုင်တော်အား အလွန်စင်ကြယ်သည့်၊ အလွန်အဖိုးထိုက်သည့် အလွန်လွတ်လပ်သည့် လုံးဝခြားနားသော အလင်းတစ်မျိုးဖြင့် တင်ပြလိုက်ခြင်းပင်ဖြစ်ပေသည်။ ဤအလင်းတော်ထဲသို့ သင်ဝင်ရောက်လာပါမည်လော။

## ၆။ အကျွန်ုပ်တို့၌ရှိသော ဓမ္မသတ်

ဣသရေလ ခေါင်းဆောင်များနှင့် တစ်ခုသောတွေ့ဆုံမှုတွင် အောက်ပါအတိုင်း ယေရှုမိန့်ခဲ့သည်။

> **သင်တို့သည် သင်တို့အဘတည်းဟူသော မာရ်နတ်မှဆင်းသက်ကြ၏။ သင်တို့အဘ၏ အလိုသို့လည်း လိုက်တတ်ကြ၏။** မာရ်နတ်သည် ရှေးဦးစွာမှ၍ လူအသက်ကိုသတ်သောသူဖြစ်၏။ သူ၌ သစ္စာတရား မရှိသောကြောင့် သစ္စာတရား၌ မတည်မနေ။ သူသည် မုသားစကားကိုပြောသောအခါ မိမိပကတိအတိုင်းပြော၏။ မုသားစကား၌ ကျင်လည် သောသူဖြစ်၏။ မုသား၏အဘလည်းဖြစ်၏။ ရှင်ယောဟန်ခရစ်ဝင် ၈း၄၄

ယေရှုနှင့် စကားပြောခဲ့ကြရာတွင် စာတန်၏စကားကို ဣသရေလခေါင်းဆောင်များ ပြောဆိုခဲ့ကြလေသည်။ အဘယ့်ကြောင့်ဆိုသော် စာတန်သည် သူတို့၏ အဘဖြစ်၍ ထိုအဘစာတန်၏ အလိုကို သူတို့လုပ်ဆောင်ကြသည်ဟု သူတို့အား ယေရှုမိန့်ခဲ့သောကြောင့်ဖြစ်သည်။ အောက်ဖော်ပြပါ ဂျူးခေါင်းဆောင်တို့၏ စကားများက စာတန်၏စိတ်သဘောနှင့် တရားမှုကို မီးမောင်းထိုးပြထားပေးသည်။

> ယုဒလူတို့က၊ ဤသူသည် ဘုရားသခင်၏သားတော်ဖြစ်ယောင်ဆောင်သောကြောင့် **အကျွန်ုပ်တို့၌ရှိသော ဓမ္မသတ်အတိုင်း သေထိုက်ပါသည်**ဟု လျှောက်ကြ၏။ ရှင်ယောဟန်ခရစ်ဝင် ၁၉း၇

> ထိုသူတို့အဝင်။ ထိုနှစ်တွင် ယဇ်ပုရောဟိတ်မင်းဖြစ်သော ကယာဖအမည်ရှိသောသူက၊ သင်တို့ အလျှင်းမသိကြ။ (၅၀) ယုဒလူမျိုးအကုန်အစင် ပျက်စီးသည်ထက်၊ **လူတယောက်သည် လူများတို့အတွက်သေသော် သာ၍ကောင်းသည်ကို သင်တို့သည် မဆင်ခြင်ပါတကားဟု ပြောဆို၏။** ရှင်ယောဟန်ခရစ်ဝင် ၁၁း၄၉-၅၀။

ယေရှုကို မိမိတို့စိတ်နှလုံးထဲမှ ဣသရေလခေါင်းဆောင်များ တရားစီရင်ခဲ့ကြပါသည်။ သူတို့၏ ပညတ်တော်အနက်ဖွင့်ပုံအရဆိုလျှင် ယေရှု သေထိုက်သည့်အခြေအနေတွင် ရှိနေခဲ့လေသည်။ သို့နှင့် မိမိ၏ လုပ်ဖော်ဆောင်ဖက် ခေါင်းဆောင်များကို အောက်ပါအတိုင်း နိကောဒင် ချည်းကပ်မေးမြန်းခဲ့လေသည်။

**ငါတို့တရားသည် လူကိုမစစ်၊ သူ့အမှုကို မသိမှီကပင် ရှေ့မဆွက ဆုံးဖြတ်တတ်သလော။** ရှင်ယောဟန်ခရစ်ဝင် ၇း၅၁။

မိမိတို့ပြည်ကို ရောမများ ထိန်းချုပ်ထားခြင်းမရှိခဲ့ပါလျှင် ယေရှုအား ထိုခေါင်းဆောင်များ စောလျင်စွာ သတ်ပစ်ခဲ့ကြလိမ့်မည်ဖြစ်သည်။

> ပိလတ်မင်းကလည်း၊ သူ့ကိုယူ၍ သင်တို့ ဓမ္မသတ်အတိုင်းစီရင်ကြဟုဆို၏။ ယုဒလူတို့ကလည်း၊ အကျွန်ုပ်တို့သည် အဘယ်သူကိုမျှ မသတ်ပိုင်ပါဟုလျှောက်ကြ၏။ ရှင်ယောဟန်ခရစ်ဝင် ၁၈း၃၁

ပြည်တတ်လွန်ကျူးသောသူအား သေဒဏ်ပေးရမည်ဆိုသည့် အဓိပ္ပါယ်မျိုးနှင့် မောရှေ၏ပညတ်ကို ဂျူးခေါင်းဆောင်များ အနက်ဖွင့်ကြသည်။ များစွာသောပညတ်တို့မှာ ကျောက်ခဲနှင့် ပစ်သတ်ရသည့် ပြစ်ဒဏ်ဘက်သို့ ဦးတည်နေခဲ့သည်။ မောရှေပညတ်ကို အနက်ဖွင့်တော်မူရာတွင် ယင်းပညတ်အား တမူထူးခြားစွာ ယေရှုအသုံးပြုတော်မူခဲ့သည်။

> မှားယွင်းခြင်းအမှုကို ပြုလျက်နေသောမိန်းမတယောက်ကိုတွေ့လျှင်၊ ကျမ်းပြုဆရာတို့ နှင့် ဖာရိရှဲတို့သည်ခေါ် ခဲ့၍ အလယ်၌ထားပြီးမှ၊ (၄) အရှင်ဘုရား၊ ဤမိန်းမသည် မှားယွင်းခြင်းအမှုကို ပြုစဉ်တွင်ပင် တွေ့မိပါသည်။ (၅) **ထိုသို့သောမိန်းမကို ကျောက်ခဲနှင့်ပစ်ရမည်ဟု မောရှေသည်အကျွန်ုပ်တို့အား ပညတ်တရား၌ စီရင်ထုံးဖွဲ့ပါပြီ။** သို့ရာတွင် ကိုယ်တော်သည် အဘယ်သို့ မိန့်တော်မူမည်နည်းဟု လျှောက်ကြ၏။ (၆) ထိုသို့လျှောက်ကြသော်၊ ကိုယ်တော်၌ အပြစ်တင်ခွင့်ရှိစေခြင်းငှါ၊ စုံစမ်းနှောက်ရှက်သောအားဖြင့် လျှောက်ကြ၏။ ယေရှုသည် အောက်သို့ငုံ့လျက် လက်ညှိုးတော်နှင့် မြေ၌ရေးသား၍နေတော်မူ၏။ (၇) ထိုသူတို့သည် အထပ်ထပ်မေးလျှောက်ကြသောအခါ ကိုယ်ကိုလှန်တော်မူ၍၊ **သင်တို့တွင် အပြစ်ကင်းသောသူသည် ရှေးဦးစွာကျောက်ခဲနှင့်ပစ်စေ**ဟု မိန့်တော်မူပြီးမှ၊ (၈) တဖန်အောက်သို့ငုံ့၍ မြေ၌ ရေးသားတော်မူပြန်၏၊ (၉) ထိုသူတို့သည် ကြားရလျှင် မိမိတို့စိတ်နှလုံးသည် မိမိတို့အပြစ်ကို ဖော်ပြသဖြင့်၊ အသက်ကြီးသောသူမှစ၍ အငယ်ဆုံးသောသူတိုင်အောင် တယောက်နောက်တယောက် ထွက်သွားကြ၏။ ယေရှုသည် တယောက်တည်း ကျန်ရစ်တော်မူ၍၊ မိန်းမသည် အလယ်၌ ရပ်နေ၏။ (၁၀) ထိုအခါယေရှုသည် ကိုယ်ကိုလှန်တော်မူပြန်၍၊ ထိုမိန်းမမှတပါး အဘယ်သူကိုမျှ မမြင်လျှင်၊ **အချင်းမိန်းမ၊ သင့်ကို အပြစ်တင်သော**

**သူတို့သည် အဘယ်မှာရှိကြသနည်း။ သင်၏အမှုကို အဘယ်သူမျှမစီရင်လော** ဟုမေးတော်မူ၏။ (၁၁) ထို မိန်းမကလည်း၊ အဘယ်သူမျှ မစီရင်ပါသခင်ဟု လျှောက်၏။ ငါသည်လည်း သင်၏အမှုကိုမစီရင်။ သွားလော့။ နောက်တဖန် ဒုစရိုက်ကို မပြုနှင့်ဟု မိန့်တော်မူ၏။ ရှင်ယောဟန်ခရစ်ဝင် ၈း၃-၁၁

ဤအမျိုးသမီးကို ဖာရိရှဲများ လက်ပူးလက်ကြပ် ဖမ်းမိခဲ့ခြင်းဖြစ်သည်။ ပညတ်ချက်အပေါ် သူတို့၏နားလည်မှုအရ သူမအား ကျောက်ခဲနှင့်ပစ်သတ်ရမည်ဖြစ်ပါသည်။ အပြစ်ဖော်ပြပေးသည့် အနေဖြင့် သဲပေါ်တွင် ယေရှုစာရေးတော်မူခဲ့သည်။ သူမအား ကျောက်ခဲနှင့် ပစ်သတ်လိုသောသူသည် အပြစ်ကင်းစင်ပြီး ကိုယ်ကျင့်တရား ဖြောင့်မှန်သူဖြစ်ဖို့လိုသည်ဟု သူတို့အား ယေရှုပြောဆိုတော်မူခဲ့ရာ၊ မိမိတို့၏အပြစ်များကို သူတို့ ပြန်မြင်လာခဲ့ကြသည်။ မိမိတို့အပြစ်များအတွက် ခွင့်လွှတ်ခြင်းတောင်းခံကြမည့်အစား မိမိတို့ကိုယ်ကို အပြစ်စီရင်လျက် ယေရှုရှေ့တော်မှောက်မှ သူတို့ တိတ်တဆိတ်ထွက်သွားခဲ့ကြသည်။ အမျိုးသမီးအား အပြစ်လွှတ်တော်မူလျက် နောက်တဖန် အပြစ်မပြုလုပ်ဖို့ သူမအား ယေရှုခေါ် ဖိတ်တော်မူခဲ့သည်။ ထိုအမှုကြောင့် သူမ လွန်စွာစိတ်လွတ်လပ်ပေါ့ပါးနေခဲ့ပြီး မိမိ၏ကယ်တင်ရှင်အား သူမကျေးဇူးတင်နေခဲ့မိသည်။ လူ့အသက်သတ်ခြင်းငှါ ပညတ်တရားကို ဖါရိရှဲများ အသုံးပြုခဲ့ကြစဉ် အသက်လွတ်စေခြင်းငှါ ထိုပညတ်တရားကို ခရစ်တော် အသုံးပြုတော်မူခဲ့ပါသည်။

ဘုရားသခင်၏တရားမှုနှင့် စာတန်၏တရားမှု အဘယ်သို့ကွာခြားသည်ကို ဤအချင်းအရာက ဖော်ပြပေးနေပါသည်။ ဘုရားသခင်၏တရားမှုက သေမိန့်ကို ပြဌာန်းထားသည်ဟူ၍ လူအများအပြား ယုံကြည်ထားကြသည်။ ကရုဏာတရားနှင့် တရားသဖြင့်စီရင်ခြင်းအမှုတို့ကို အချင်းချင်း ဆန့်ကျင်ဘက်ဖြစ်သောအရာများအဖြစ် လူများယုံကြည်ထားကြသသည်။ ဘုရားသခင်၏ ကရုဏာတော် ကုန်ဆုံးသွားသောအခါ မိမိပညတ်တော်၏ ရှည်လျားသောလက်တော်ဖြင့် အပြစ်ရှိသူတို့ကို ဘုရားသခင် နှင်းခြေဖျက်စီးပစ်တော်မူသည်ဟု သူတို့ယုံကြည်ထားခဲ့ကြသည်။

ကျမ်းချက်များကို ဆင်ခြင်ကြည့်ကြပါစို့။

[၁] တရားသဖြင့်စီရင်ခြင်း၊ ဖြောင့်မတ်စွာ ဆုံးဖြတ်ခြင်းသည် ပလ္လင်တော်၏ တည်ရာဖြစ်ပါ၏။
[၂] ကရုဏာနှင့် သစ္စာသည် မျက်နှာတော်ရှေ့၌ သွားကြပါ၏။ ဆာလံကျမ်း ၈၉း၁၄။

ဘုရားသခင်၏ တရားမှု(တရားသဖြင့်စီရင်ခြင်းအမှု)သည် ကရုဏာတော်ကို ပြသဖို့ဖြစ်သည်။ တရားမှုဟူသည် မှန်သောအမှုကို ပြုခြင်းပင်ဖြစ်ပြီး ဘုရားသခင်ပြုတော်မူသည့် မှန်သောအမှုကား သမ္မာတရား၏ အလင်းတော်နှင့်အညီ ကရုဏာတရားကို ဖော်ထုတ်ပြသပေးခြင်းပင်ဖြစ်ပေသည်။ မေးခွန်းကား ဘုရားသခင်၏ ကရုဏာတော်သည် အဘယ်မျှကာလ တည်တော်မူသနည်း။

> အကြောင်းမူကား၊ ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၏။ **ကရုဏာတော်သည် အစဉ်အမြဲရှိ၍၊** သစ္စာတော်သည် ကာလအဆက်ဆက် တည်လေသတည်း။ ဆာလံကျမ်း ၁၀၀း၅

> ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၍၊ **ကရုဏာတော် အစဉ်အမြဲတည်သောကြောင့်၊** ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြလော့။ (၂) ဘုရားတို့၏အရှင်၊ **ဘုရားသခင်၏ကရုဏာတော် အစဉ်အမြဲတည်သောကြောင့်၊** ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြလော့။ (၃) အရှင်တို့၏သခင်၊ **ဘုရားရှင်၏ကရုဏာတော် အစဉ်အမြဲတည်သောကြောင့်၊** ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြလော့။ (၄) **ကရုဏာတော် အစဉ်အမြဲတည်သည်ဖြစ်၍၊** အံ့ဘွယ်သောအမှုတို့ကို တပါးတည်းသာပြုတော်မူထသော၊ (၅) **ကရုဏာတော်အစဉ်အမြဲ တည်သည်ဖြစ်၍၊** ပညာတရားအတိုင်း ကောင်းကင်ကို ဖန်ဆင်းတော်မူထသော၊.. ဆာလံကျမ်း ၁၃၆း၁-၅

ဘုရားဘက်မှ ကရုဏာတော်ကုန်ဆုံးသည် ဟူ၍မရှိပါချေ။ သို့ရာတွင် သူ့အား ငြင်းပယ်သောသူတို့အတွက်မှာမူကား ကရုဏာနှင့်ပြည့်ဝသည့် အခြားဘုရားမရှိနိုင်ပါချေ။ ထို့ကြောင့် မိမိတို့အပြစ်များအတွက် အပြစ်ဒဏ်ခံယူရမည်ဟု သူတို့မျှော်လင့်ထားကြပြီး မိမိတို့ပြုမိသည့် မှားယွင်းသောရွေးချယ်မှုများအားဖြင့် ကျော့မိကြဖို့ရန် သူတို့အား ဘုရားသခင်ခွင့်ပြုထားတော်မူသည်။ သူတို့ ခံယူထားသည့် တရားသဖြင့်ပြုခြင်းအတိုင်း ပြည့်စုံလာရသောအခွင့်ကို ဘုရားသခင်ပေးတော်မူလေသည်။

> ထာဝရဘုရားသည် တရားစီရင်ဆုံးဖြတ်တော်မူခြင်းအားဖြင့် ထင်ရှားတော်မူ၏။ မတရားသောသူသည် မိမိလုပ်သော အလုပ်ထဲမှ ကျော့မိခြင်းခံရ၏။ ဆာလံကျမ်း ၉း၁၆။

မတရားသောသူတို့အဖို့ ဘုရားသခင်၏ တရားစီရင်ခြင်းကား အဘယ်နည်း။ မိမိတို့ပြုသော ကိုယ်ပိုင်ဆုံးဖြတ်ချက်တို့၏ အကျိုးဆက်များထဲသို့ ကျရောက်ရန် သူတို့အား ဘုရားသခင် ခွင့်ပြုလိုက်ခြင်းသာဖြစ်သည်။ သူတို့အား ဘုရားသခင် ကွယ်ကာမပေးနိုင်တော့ပါချေ။ ဤအမှုသည် ထိုက်သင့်သောအမှုပင်ဖြစ်သည် မဟုတ်ပါလော။ ကရုဏာတော်ကို သူတို့တောင်းခံကြလျှင် သူတို့အား ကရုဏာတော်ကို ပေးသနားတော်မူမည်ဖြစ်ပြီး အကျိုးဆက်များ သူတို့အပေါ် မကျရောက်လာစေရန် သူတို့အား ယေရှုမစတော်မူမည်။ သို့ရာတွင် ကရုဏာတော်ကို သူတို့မမျှော်လင့်မတောင်းခံကြပါမူ၊ ယင်းကရုဏာတော်ကို မိမိတို့၌ ကမ်းလှမ်းပေးတော်မူသည့်တိုင် ၎င်းအား သူတို့ရနိုင်မည်မဟုတ်ပါချေ။ ဝမ်းနည်းစရာကောင်းသည်မှာ ဘုရားသခင်အား ကျွန်ုပ်တို့နှင့်တူသည်ဟု လူအများစု တွေးထင်နေကြပါသည်။ ဘုရားသခင်၏ တရားမှုသည် ကျွန်ုပ်တို့၏တရားမှုနည်းတူ ဖြစ်မည်ဟု လူအများစုထင်မှတ်နေကြသည်။

> ထိုသို့ကျင့်၍ ငါသည် တိတ်ဆိတ်စွာနေသောကြောင့်၊ ငါ့ကို သင်နှင့်တူသည်ဟု ထင်လေပြီးတကား။ သင်၏အပြစ်ကို ငါဘော်ပြ၍၊ သင့်မျက်မှောက်၌ ခင်းထားမည်။ ဆာလံကျမ်း ၅၀း၂၁

ဘုရားသခင်၏တရားမှုသည် သေဒဏ်ကို ပြဋ္ဌာန်းခဲ့သည်မှန်လျှင် ဘုရားသခင်ကိုယ်တော်တိုင်သည် သေခြင်းကို အစပျိုးသူဖြစ်နေပေလိမ့်မည်။ မိမိပညတ်ကို ချိုးဖေါက်ခြင်းအတွက် မိမိဖန်ဆင်းထားသောလူသားကို ကွပ်မျက်ရန် ဘုရားသခင်ရည်ရွယ်တော်မူသည်မှန်လျှင် သေခြင်း၏တရားသည် ဘုရားသခင်၌ အစဉ်အမြဲ တည်ရှိနေလိမ့်မည်ဖြစ်သည်။ သို့ရာတွင် ယေရှု၌ဖေါ်ပြထားတော်မူသည့် ခမည်းတော်ဘုရား၏ ပေါ်လွင်ထင်ရှားခြင်းကိုကြည့်လျှင် ထိုဘုရားသခင်၌ သေခြင်းကို မတွေ့ရဘဲ အသက်ရှင်ခြင်းကိုသာ ကျွန်ုပ်တို့တွေ့ရပါသည်။

> ယေရှုကလည်း၊ **ငါသည် ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်းဖြစ်၏။** ငါ့ကို ယုံကြည်သောသူသည် သေလွန်သော်လည်း ရှင်လိမ့်မည်။ ရှင်ယောဟန်ခရစ်ဝင် ၁၁း၂၅

> ရှေ့ဦးစွာကပင်ဖြစ်၍၊ ငါတို့သည် ကိုယ်တိုင်ကြားလျက်၊ ကိုယ်မျက်စိနှင့်မြင်လျက်၊ စေ့စေ့ကြည့်ရှု၍ လက်နှင့် စမ်းသပ်ခဲ့ပြီးသောအရာတည်းဟူသော အသက်ရှင်သောနှုတ်ကပတ်တော်နှင့်ဆိုင်သောအရာကို သင်တို့အားပြသကြ၏။ (၂) **ထိုအသက်သည် ထင်ရှားခဲ့ပြီ။ ငါတို့လည်း မြင်ရကြပြီ။ ခမည်းတော်နှင့်အတူရှိဘူး၍၊ ငါတို့အား**

**ထင်ရှား ခဲ့ပြီးသော ထိုထာဝရအသက်ကို၊ ငါတို့သည် သင်တို့အား သက်သေခံ၍ပြသကြ၏။** ၁ ယော ၁း၁-၂

အပြစ်အတွက် သေမိန့်ဥပဒေကို ဘုရားသခင် ဖန်ဆင်းတော်မမူခဲ့ပါ။ အပြစ်ဟူသည် ကိုယ့်ကိုကိုယ် ပြန်လည် ဖျက်စီးသောအရာပင်ဖြစ်၏။ အပြစ်တရား၏အခကား သေခြင်းပေတည်း။ ထိုသေခြင်းကား အပြစ်တွင် ပါဝင်အားခြင်းဖြင့် ရရှိလာသည့် အကျိုးရလဒ်တစ်ခုဖြစ်၏။ အပြစ်၏အဖိုးအခကို ပေးသူမှာ ဘုရားသခင်မဟုတ်ပဲ ယင်းအပြစ်တရား ကိုယ်တိုင်ပင်ဖြစ်၏။ အပြစ်တရား**အတွက်** ရရှိမည့်အခကား သေခြင်းပေတည်းဟူ၍ ကျမ်းစာတွင် မပြောထားပဲ၊ အပြစ်တရား**၏**အခကား သေခြင်းပေတည်း ဟူ၍သာ ကျမ်းစာတွင်ဖေါ်ပြထားသည်။ ကွာခြားချက်များစွာရှိပါသည်။

စကြ်ဝဠာကြီးထဲသို့ သေမိန့် အဘယ်သို့ဝင်ရောက်လာခဲ့သည်ကို ဓမ္မဟောင်းကျမ်းပုံပြင်များအားဖြင့် ကျမ်းစာတော်မြတ်က ဖေါ်ပြပေးထားပါသည်။

> ငါတို့သည် ကျမ်းစာ၌ပါသောသည်းခံခြင်း၊ သက်သာခြင်း အကြောင်းများကိုအမှီပြု၍ မြော်လင့်ရသော အခွင့်ရှိစေခြင်းငှါ၊ ကျမ်းစာ၌ အထက်ကရေးထားသမျှသည် ငါတို့ကို ဆုံးမသြဝါဒပေး၍ ရေးထားသတည်း။ ရောမသြဝါဒစာ ၁၅း၄

အပြစ်လွန်ကျူးခြင်းအတွက် သေမိန့်ကို သန္ဓေတည်ပေါက်ပွားစေခဲ့သူမှာ စာတန်ပင်ဖြစ်ပါသည်။ ဒံယေလနှင့် ခြင်္သေ့တွင်း ပုံပြင်ထဲတွင် သေမိန့်တစ်ခု အဘယ်သို့ အစပြုဖြစ်ပေါ်လာသည်ကို ကျွန်ုပ်တို့ ဆင်ခြင်လေ့လာနိုင်ပေသည်။

> ဒါရိမင်းကြီးသည် နိုင်ငံတော်အမှုအရေးအလုံးစုံတို့ကို စီရင်ရသော မြို့ဝန်တရာနှစ်ဆယ်တို့ကိုငင်း၊ (၂) အကျိုးတော်ကို မယုတ်မလျော့စေခြင်းငှါ၊ ထိုမြို့ဝန်အပေါင်းတို့ကို အုပ်ချုပ်စစ်ကြောရသော ဝန်ကြီး သုံးပါးကိုငင်း အလိုတော်ရှိသည်အတိုင်း ခန့်ထားတော်မူ၏။ ထိုဝန်ကြီး သုံးပါးတွင်ဒံယေလသည် ဝန်ကြီးအရာကို ရသည်သာမက၊ (၃) ထူးဆန်းသော ဉာဏ်နှင့်ပြည့်စုံ၍ မြို့ဝန်တကာ၊ ဝန်ကြီးတကာတို့ထက် လွန်ကဲသောကြောင့်၊ နိုင်ငံတော်တနိုင်ငံလုံးကို သူ၌ အပ်နှင်းမည်ဟု ရှင်ဘုရင်သည် အကြံရှိတော်မူ၏။ (၄) ထိုအခါ ဝန်ကြီးနှင့်မြို့ဝန်တို့သည် ဒံယေလ၌ အပြစ်တင်ခွင့်ကို ရှာ၍၊ နိုင်ငံတော်အမှုအရေးများကို စစ်ကြောကြ၏။ ဒံယေလသည် သစ္စာနှင့်ပြည့်စုံ၍ အပြစ်

> တစုံ တခုမျှမရှိသောကြောင့်၊ အပြစ်တင်ခွင့်ကို ရှာ၍မတွေ့ကြသည်ရှိသော်၊ (၅) ဘုရားသခင်၏ ဘာသာမှုမှတပါး အခြားသော အမှုတွင် ဒံယေလ၌ အပြစ်တင်ခွင့်ကို ငါတို့မတွေ့နိုင်ကြဟု တိုင်ပင်ပြောဆိုပြီးမှ၊ (၆) အထံတော်သို့လာရောက်စည်းဝေးကြ၍၊ အရှင်မင်းကြီးဒါရိ၊ အသက်တော် အစဉ်အမြဲရှင်ပါစေ။ (၇) **ကိုယ်တော်မြတ်မှတပါး အခြားသောလူကို ဖြစ်စေ၊ ဘုရားကို ဖြစ်စေ၊ အရက်သုံးဆယ်အတွင်းတွင် ဆုတောင်းသောသူမည်သည်ကို ခြင်္သေ့လှောင်သော တွင်းထဲသို့ ချပစ်ရမည်ဟု မဖေါက်ပြန်နိုင်သော အမိန့်တော်မြတ်ကို ထုတ်စေခြင်းငှါ နိုင်ငံတော်ဝန်ကြီး၊ မြို့ဝန်၊ စော်ဘွား၊ တိုင်ပင်မှူးမတ်၊ စစ်ကဲအပေါင်းတို့သည် အညီအညွတ် တိုင်ပင်ကြပါပြီ။** ဒံယေလ အနာဂတ္တိကျမ်း ၆း၁-၇

ဤပုံပြင်သည် ကျွန်ုပ်တို့ သင်ယူစရာအဖို့ဖြစ်၏။ ဒါရိမင်းသည် ခမည်းတော်ဘုရားသခင်၏ ပုံစံငယ်တစ်ခုဖြစ်ပြီး ဒံယေလသည် ခရစ်တော်၏ ပုံစံငယ်တစ်ခုဖြစ်သည်။ ရှင်ဘုရင်ပြီးလျှင် ဒံယေလသည် ရာထူးအမြင့်ဆုံး ပုဂ္ဂိုလ်ပင်ဖြစ်ပြီး သူ့အား တိုင်းနိုင်ငံတစ်ခုလုံး၏ အထက်တွင် ချီးမြင့်ခန့်အပ်ဖို့မင်းကြီးအကြံရှိခဲ့သည်။ ထိုအမှုကြောင့် ဒံယေလလက်အောက် ခေါင်းဆောင်များ မနာလို ဖြစ်ကြသည်။ ထိုမနာလိုစိတ်အားဖြင့် ဒံယေလကို ပစ်မှတ်ထားလျက် သေမိန့်တစ်ခုကို ထိုခေါင်းဆောင်များ ဖန်တီးခဲ့ကြသည်။ ဤအစီအစဉ်ကို မင်းကြီး ရေးဆွဲခဲ့ခြင်းမဟုတ်ပါ။ သို့ရာတွင် ၎င်းအား မိမိထံတင်လျှောက်လာခဲ့ကြရာ ရည်ရွယ်ရင်းကိုမသိပဲနှင့် စာပေါ်တွင် မင်းကြီး လက်မှတ်ရေးထိုးပေးခဲ့မိသည်။ မိမိအထက်၌ရှိသော ခရစ်တော်အား စာတန် ဖျက်စီးဖို့ကြံနေသည်ကို ဘုရားသခင် သိရှိတော်မူပါသည်။ ဘုရားသားတော်ကို စာတန်မနာလိုဖြစ်ပြီး ယေရှုကို ဖြုတ်ချလိုသည့် မိမိ၏ အကြံအစည်အောက်တွင် များစွာသော ကောင်းကင်တမန်များတို့ကို သူဆွဲသွင်းနိုင်ခဲ့သည်။ လူသားမျိုးနွယ်အား မိမိပိုက်ကွန်ထဲသို့ စာတန် ဆွဲသွင်းခဲ့ရာတွင်၊ ခရစ်တော် အသေခံရမည့်အဆင့်အထိ အကျိုးသက်ရောက်မှုဖြစ်စေမည့် စာတန်၏အစီအစဉ်ကို ဘုရားသခင် ခွင့်ပြုပေးထားတော်မူခဲ့သည်။ ယေရှု၏ အသေခံတော်မူခြင်းအမှုသည် မင်းကြီး (ခမည်းတော်)၏ အလိုကို ပြည့်စုံစေသည်ဟု လူအများစုထင်မှတ်နေကြပါသည်။ အမှန်မှာ ထို အသေခံခြင်းအားဖြင့် ယေရှုအား ဖျက်စီးလိုနေသည့် စာ၏အတွင်းသဘောကို ပေါ်လွင်ထင်ရှားစေဖို့ဖြစ်သည်။

အကြီးမားဆုံးသော အောင်မြင်မှုကို မိမိရလိုက်ပြီးဟု စာတန်တွေးလိုက်မိသည့် တခဏချင်းမှာပင် မိမိ၏ သူ့အသက်သတ်လိုသည့်အကြံကို စာတန်ဖော်ထုတ်ပြခဲ့လေသည်။ ထိုနောက်ပိုင်းတွင် ကောင်းကင်၌ သူ့အဖို့ ကရုဏာများ အလျင်းကုန်ခမ်းသွားခဲ့ပါသည်။

> ထိုနောက်၊ ဒံယေလ၌ အပြစ်တင်သော သူတို့ကို ရှင်ဘုရင်၏ အမိန့်တော်နှင့် ခေါ်၍၊ သားမယားနှင့်တကွ ခြင်္သေ့တွင်းထဲသို့ ချပစ်ကြလျှင်၊ မြေသို့မရောက်မှီ ခြင်္သေ့တို့သည် နိုင်၍သူတို့ အရိုးရှိသမျှတို့ကို ချိုးဖဲ့ကြ၏။ ဒံယေလအနာဂတ္တိကျမ်း ၆း၂၄

ဒံယေလအပေါ် ခေါင်းဆောင်များဖြစ်စေလိုခဲ့သည့် အမှုအရာကိုပင် ထိုခေါင်းဆောင်များတို့၌ ဒါရိမင်း ပြန်လည်ပေးအပ်ခဲ့သည်။ ခရစ်တော်အပေါ် စာတန်ဖြစ်စေလိုသည့် ဖျက်စီးခြင်းအမှုကိုပင် သူ၌ ဘုရားသခင် ပြန်လည်ပေးအပ်သွားတော်မူမည်ဖြစ်သည်။ ခြင်္သေ့တွင်းတည်းဟူသော ကားတိုင်တော်ခရီးစဉ်ကို ခရစ်တော် ညတွင်းချင်း စတင်ခဲ့ရလေသည်။ နောင်နေ့အထိတိုင်အောင် ဖြစ်သည်။ ဒံယေလနည်းတူပင် ထမြောက်ခြင်းနံနက်ခင်းအချိန်တွင် တွင်းထဲမှ ခရစ်တော် ထွက်လာတော်မူခဲ့ပြီး မိမိအား ဖျက်စီးရန်ကြံစည်နေသူအား သူ အောင်နိုင်တော်မူခဲ့လေသည်။

ဤပုံပြင်၏ အဓိကအချက်ကား၊ ခမည်းတော်အား ရိုသေစွာမပြုသောသူတို့အဖို့ သေဒဏ်ကို မိတ်ဆက်ဖန်တီးခဲ့သူများမှာ ဘုရားသားတော်အောက်၌ရှိသော လူသားများပင်ဖြစ်သည် ဆိုသည့် အချက်ပင်ဖြစ်သည်။ ထိုသေဒဏ်စီမံကိန်းကို ဘုရားသခင် အစပြုခဲ့ခြင်းမဟုတ်ပါချေ။ သို့ရာတွင် လူအပေါင်းတို့ရှေ့၌ ဖုံးကွယ်ထားလျက်ရှိသော စာတန်၏အကြံအစည်များကို ထုတ်ဖော်ရန်အလို့ငှါ ထိုစီမံကိန်းရှေ့ဆက်ရသောအခွင့်ကို ဘုရားသခင်ခွင့်ပေးတော်မူခဲ့ခြင်းဖြစ်သည်။ ဝန်ကြီးများအနေဖြင့် မိမိတို့၏ဥပဒေကို မင်းကြီး၏တရားဥပဒေ၊ မင်းကြီးကို ကိုယ်စားပြုသည့် ဥပဒေဖြစ်အောင် လုပ်ဆောင်ခဲ့ကြလေသည်။ သို့ရာတွင် ထိုဥပဒေသည် မိမိအားမိတ်ဆက်ဖန်တီးခဲ့သူကို ပျက်စီးခြင်း၌ အဆုံးသတ်စေခဲ့သည့် ဥပဒေအတုအယောင်တစ်ခုသာ ဖြစ်ခဲ့ပါသည်။

ဓမ္မဟောင်းကျမ်းတွင်ဖော်ပြထားသည့် အခြားသောပုံပြင်တစ်ခုတွင် ရှင်ဘုရင်၏တရားဥပဒေနှင့် သူ့သားတော်များတို့၏ တရားဥပဒေ ကွာခြားပုံကို ကျွန်ုပ်တို့တွေ့ရှိရပါသည်။

> အဗရှလုံသည် စောစောထ၍ တံခါးဝမှာ ရပ်နေတတ်၏။ အမှုရှိသောသူသည် စီရင်တော်မူခြင်းကို ခံအံ့သောငှါ၊ ရှင်ဘုရင်ထံတော်သို့ လာသောအခါ အဗရှလုံက၊ သင်သည် အဘယ်မြို့သားဖြစ်သနည်းဟု မေးလျှင်၊ ထိုသူက ကိုယ်တော်ကျွန်သည် ဣ

မည်သော ဣသရေလအမျိုးအနွယ်သားဖြစ်ပါ၏ဟု ပြန်လျှောက်သော်၊ (၃) အဗရှလုံက၊ သင့်အမှု သည် ဟုတ်မှန်လျောက်ပတ်ပေ၏။ သို့သော်လည်း သင့်အမှုကို ရှင်ဘုရင်မှစ၍ အဘယ်သူမျှ နားမထောင်ဟု ပြောဆိုတတ်၏။ (၄) တဖန်တုံ၊ ငါသည် ဤပြည်၌ တရားစီရင်သောမင်းဖြစ်ပါစေသော။ သို့ဖြစ်လျှင် တရားမှုရှိသော အမှု သည်အပေါင်းတို့သည် ငါ့ထံ သို့လာ၍ ငါသည် တရားသဖြင့် စီရင်မည်ဟုဆိုတတ်၏။ (၅) လူတစုံတယောက်သည် ရိုသေစွာပြု၍ ချဉ်းကပ်သောအခါ၊ အဗရှလုံသည် လက်ကိုဆန့်၍ ထိုသူကို ကိုင်လျက် နမ်းလေ့ရှိ၏။ (၆) ထိုသို့စီရင်တော်မူခြင်းကို ခံအံ့သောငှါ၊ ရှင်ဘုရင်ထံတော်သို့လာသော ဣသရေလအမျိုးသား အပေါင်းတို့အား အဗရှလုံပြု၍ သူတို့စိတ်နှလုံးကို ခိုးလေ၏။ ဓမ္မရာဇဝင်ဒုတိယစောင် ၁၅း၂-၆

အဗရှလုံ ဆိုသည့်နာမည်၏အနက်ကား ငြိမ်သက်ခြင်းဖခင် ပင်ဖြစ်ပေသည်။ သို့ရာတွင် ဤနာမည်၏နောက်ကွယ်တွင် အမုန်းတရားနှင့် စစ်ပွဲများတို့နှင့် ဆက်နွယ်နေသည့် အကျင့်စာရိတ္တတစ်ခု ဖုံးကွယ်နေခဲ့ပါသည်။ ညီမဖြစ်သူ တာမာအပေါ် သားမယားပြုကျင့်ခဲ့သည့် မိမိ၏ ဖအေတူ မအေကွဲ ညီအစ်ကို အာမနုန်အား ပြစ်ဒဏ်ပေးဖို့ ဖခင်ကြီးအား အဗရှလုံအလိုရှိခဲ့လေသည်။ အာမနုန်အား အဘယ်မည်သော ပြစ်ဒဏ်စီရင်မှုကိုမျှ ဖခင်ဒါဝိတ်မင်း မထုတ်ပြန်ပဲနေခဲ့ရာ ဖခင်ကြီးကို အထင်သေးသောစိတ်နှင့် သူ့အား ဖြုတ်ချဖို့ အဗရှလုံဆုံးဖြတ်ခဲ့လေသည်။ အမှုများကို ကိုယ်တိုင်ကိုင်တွယ်မှဖြစ်တော့မည် ဟူသည့် မိမိ၏ကိုယ်ပိုင်တရားမှု(တရားဥပဒေ)ဖြင့် အာမနုန်ကို သူကွပ်မျက်ခဲ့လေသည်။

အဗရှလုံ ပူဆာသောကြောင့် အာမနုန်မှစ၍ သားတော်ရှိသမျှ လိုက်ရသောအခွင့်ကို ပေးတော်မူ၏။ (၂၈) အဗရှလုံကလည်း၊ အာမနုန်သည် စပျစ်ရည်ကို သောက်၍ ရွှင်လန်းသောအခါ စောင့်နေကြ။ **အာမနုန်ကို ထိုးခုတ်ကြဟု ငါဆိုသောအခါ၊ သေအောင်လုပ်ကြကြ။ မစိုးရိမ်ကြနှင့်။ ငါစီရင်သည်မဟုတ်လော။ အားယူ၍ ရဲရင့်ခြင်း ရှိကြလော့**ဟု မိမိကျွန်တို့အား မှာထားနှင့်သည်အတိုင်း၊ (၂၉) သူတို့သည် အာမနုန်ကို ပြုကြ၏။ ထိုအခါ ရှင်ဘုရင်၏ သားတော်အပေါင်းတို့သည် ထ၍ လားကိုစီးလျက် ပြေးသွားကြ၏။ ဓမ္မရာဇဝင်ဒုတိယစောင် ၁၃း၂၇-၂၉။

မူလအားဖြင့် လူစီဖါဖြစ်ခဲ့ဖူးသော စာတန်သည် ဘုရားသားတော် ချီးမြှောက်ခံရသည့် အမှုနှင့်ပတ်သက်ပြီး မပျော်မရွှင်ဖြစ်နေခဲ့လေသည်။ ထိုအမှုကို မတရားမှု တစ်ခုအဖြစ် စိတ်တွင် သူခံစားနေခဲ့ရပြီး ဘုရားသားတော်အား ဖြုတ်ချဖို့ သူဆုံးဖြတ်ချက်ချခဲ့လေသည်။ မင်းကြီး(ဘုရားသခင်)

ကိုယ်တော်တိုင် ထင်ရှားလျက် မိမိ၏တရားဆုံးဖြတ်မှုကို ရှင်းလင်းပြပေးတော်မူသောအခါ နိုင်ငံတော်ကိုပါ သိမ်းပိုက်အနိုင်ယူဖို့ လူစီဖါ ဆုံးဖြတ်ခဲ့လေသည်။ များစွာသော ကောင်းကင်တမန်များကို မိမိဘက်သို့ပါအောင် သူစည်းရုံးနိုင်ခဲ့သည်။ ထိုအမှုသည် တရားမှုနှင့်ဆိုင်သော အမှုအရေးတစ်ခုပင်ဖြစ်သည်။

> တဖန်တုံ၊ ငါသည်ဤပြည်၌ တရားစီရင်သော မင်းဖြစ်ပါစေသော။ သို့ဖြစ်လျှင် တရားမှု ရှိသော အမှုသည်အပေါင်းတို့သည် ငါ့ထံသို့လာ၍ ငါသည် တရားသဖြင့် စီရင်မည်ဟု ဆိုတတ်၏။ ဓမ္မရာဇဝင်ဒုတိယစောင် ၁၅း၄

အဗရှလုံ၏ တဖက်သတ်အတွေးကား မိမိ၏အမှုတွင် မင်းကြီးအနေဖြင့် တရားသဖြင့် စီရင်တော်မမူပါ ဆိုသည့်အတွေးမျိုးဖြစ်သည်။ သို့ရာတွင် ထိုအတွေးသည် မှားသောအတွေးဖြစ်သည်။ ယခင် ဖတ်ရှုခဲ့ရသည့် ဓမ္မရာဇဝင်ဒုတိစောင်တွင် အောက်ပါအတိုင်း ဖေါ်ပြထားပါသည်။

> ထိုသို့ ဒါဝိဒ်သည် ဣသရေလနိုင်ငံလုံးကို စိုးစံ၍၊ **နိုင်ငံတော်သားတို့တွင် တရားမှုကို စီရင်ဆုံးဖြတ် တော်မူ၏။** ဓမ္မရာဇဝင်ဒုတိယစောင် ၈း၁၅

သူ၏အမှုတွင် ဒါဝိတ်အနေဖြင့် တရားသဖြင့် စီရင်ဆုံးဖြတ်ပေးခဲ့သော်လည်း ထိုတရားမှုမျိုးကို အဗရှလုံ မလိုလားခဲ့ပါချေ။ မိမိနှင့်အတူ ဘုရားသခင်၏ ကရုဏာတော် တည်ရှိနေခဲ့သည်ဖြစ်ရာ ဒါဝိတ်မင်းအနေဖြင့် ကရုဏာကိုပြသလျက် မိမိ၏နိုင်ငံတော်ကို သူတည်ထောင်ထားခဲ့ပါသည်။

> ထိုသားသည် ငါ၏နာမအဘို့ အိမ်ကို ဆောက်လိမ့်မည်။ သူထိုင်သော ရာဇပလ္လင်ကို အစဉ်အမြဲ ငါတည်စေမည်။ (၁၄) ငါသည် သူ၏အဘဖြစ်မည်။ သူသည်လည်း ငါ၏သားဖြစ်လိမ့်မည်။ သူသည် ဒုစရိုက်ကိုပြုလျှင် လူသုံးတတ်သော ကြိမ်လုံးနှင့် ငါဆုံးမမည်။ (၁၅) **သို့ရာတွင် သင့်ရှေ့မှာ ငါပယ်ရှားသော ရှောလု၌ ငါ၏ကရုဏာကို နှုတ်သကဲ့သို့ သင်၏သား၌ ငါမနှုတ်။** (၁၆) **သင်၏အမျိုးအနွယ်နှင့်၊ သင်၏နိုင်ငံသည် ငါ့ရှေ့မှာ အစဉ်အမြဲတည်လိမ့်မည်။ သင်၏ရာဇပလ္လင်သည်လည်း အစဉ်အမြဲတည်လိမ့်မည်ဟု ငါ့ကျွန်ဒါဝိဒ်အား ပြောလော့ဟု မိန့်တော်မူ၏။** ဓမ္မရာဇဝင်ဒုတိယစောင် ၇း၁၃-၁၆

ကရုဏာတရားကို ပြသပေးသည့် တရားမှု၌အခြေခံတည်ဆောက်ထားသော နိုင်ငံတော်မျိုးကို အဇရှလုံ အလိုမရှိခဲ့ပါချေ။ အမှားကျူးလွန်သူများအပေါ် ကရုဏာမထားပဲ သူတို့အား သေပြစ်စီရင်မည့် တရားမှုမျိုးကို သူအလိုရှိခဲ့သည်။ ဤပုံပြင်က ကောင်းကင်တွင်ဖြစ်ခဲ့သည့် မူလတိုက်ပွဲကို ပြန်လည် မီးမောင်းထိုးပြပေးနေပါသည်။ ကောင်းကင်နိုင်ငံတော်အား လုံခြုံစေနိုင်ရန်အတွက်ဆိုလျှင် မိမိအတွေးထဲ၌ရှိသော တရားမှုမျိုးလိုအပ်သည်ဟု ကောင်းကင်တမန်အများအပြားတို့အား စာတန် အယုံသွင်းစည်းရုံးနိုင်ခဲ့သည်။ မိမိအတွေးထဲ၌ရှိသော တရားမှုကသာ နိုင်ငံတော်အား တိုးတက်စေနိုင်လိမ့်မည်ဟု ပြည်သားများတို့အား အဇရှလုံ အယုံသွင်းစည်းရုံးခဲ့ပါသည်။ ထိုသို့သောအားဖြင့် ဣသရေလအမျိုးသားများတို့၏ စိတ်နှလုံးကို အဇရှလုံ ခိုးယူခဲ့လေသည်။ များစွာသော ကောင်းကင်တမန်တို့၏ စိတ်နှလုံးကို စာတန်ခိုးယူထားခဲ့ပြီး အခြားကျန်ရှိနေသော ကောင်းကင်တမန်များ မှာလည်း သူ၏အတွေးများကို စိတ်ဝင်စားနေခဲ့ကြကာ သူ့အား သူတို့ စာနာနေမိခဲ့ကြပါသည်။ အဘယ့်ကြောင့်ဆိုသော် ဘုရားသားတော်အား သူ မကွပ်မှီအချိန်အထိတွင် စာတန်အား ကောင်းကင်မှ လုံးလုံး မငြင်းပယ်သေးသောကြောင့်ဖြစ်သည်။ မြေကြီးပေါ်သို့ နှင်ချခြင်းခံရပြီး နောက်မှာပင် ကောင်းကင်သားများ၏စိတ်ထဲတွင် စာတန်အား အလျင်းမငြင်းပယ်ကြသေးပါချေ။

> ယေရှုကလည်း၊ စာတန်သည် လျှပ်စစ်ကဲ့သို့ ကောင်းကင်မှကျသည်ကို ငါမြင်ပြီ။ ရှင်လုကာခရစ်ဝင် ၁၀း၁၈
>
> **သူ၏အမြီးသည် ကောင်းကင်ကြယ်သုံးစုတစုကို ဆွဲငင်၍ မြေကြီးသို့ချလိုက်လေ၏။** သားကိုဘွားလုသော မိန်းမသည် ဘွားသောအခါ၊ နဂါးသည် ထိုသားကို ကိုက်စားမည့်အကြံနှင့် မိန်းမရှေ့၌ရပ်နေ၏။ (၅) ထိုမိန်းမသည် လူမျိုးတကာတို့ကို သံလှံတံနှင့် အုပ်စိုးလတံ့သော သားယောက်ျားကို ဘွားမြင်၏။ ထိုသားကို ဘုရားသခင်ထံသို့၎င်း ၊ ပလ္လင်တော်သို့၎င်း ချီယူတော်မူ၏။ ဗျာဒိတ်ကျမ်း ၁၂း၄-၅

မိမိနှင့်အတူရှိခြင်းငှါ ကောင်းကင်တမန် သုံးစု တစ်စုကို စာတန်သိမ်းယူနိုင်ခဲ့သည်။ မြေကြီးပေါ်၌ရှိသော အသင်းတော်ကို တိုက်ခိုက်လျက် သူမ(အသင်းတော်)၏သား တည်းဟူသော ဇက်လင်မြို့၌ ဖွားဖြင့်တော်မူသည့် ဘုရားသားတော်ကို ကိုက်စားရန်အလိုငှါ စာတန် ကြိုးပမ်းအားထုတ်ခဲ့သည်။ ကောင်းကင်သားအပေါင်းတို့၏ စိတ်နှလုံးထဲမှ စာတန်အား လုံးလုံးလျားလျား ငြင်းပယ်နှင်ထုတ်ပစ်ခဲ့သည့် အချိန်ကား ကောင်းကင်သို့ ခရစ်တော်ပြန်တက်ကြွခဲ့သည့် နောက်ပိုင်းတွင်ဖြစ်သည်။

ကောင်းကင်၌ စစ်ဖြစ်၏။ မိက္ခေလနှင့် သူ၏ ကောင်းကင်တမန်တို့သည် နဂါးကို စစ်တိုက်ကြ၏။ နဂါးနှင့် သူ၏တမန်တို့သည် စစ်တိုက်၍ မနိုင်ကြ။ ကောင်းကင်၌လည်း သူတို့နေစရာမရှိ။ (၈) **ထိုအခါ ဤလောကတနိုင်ငံလုံးကို လှည့်ဖြား၍ မာရ်နတ်စာတန် အမည်ရှိသော ရှေးမြွေဟောင်းတည်းဟူသော နဂါးကြီးကိုင်၎င်း၊ (၉) သူနှင့်အတူ သူ၏ တမန်တို့ကိုင်၎င်း၊ မြေကြီးသို့ချလိုက်ကြ၏။** (၁၀) ကောင်းကင်ဘုံ၌ ကြီးသောအသံကား၊ ယခုမှာ ကယ်တင်ခြင်းဖြစ်၏။ တန်ခိုးတော်လည်းဖြစ်၏။ ငါတို့ ဘုရားသခင်၏ နိုင်ငံတော်နှင့် သူ၏ ခရစ်တော်၏ အာဏာတော်စက်လည်းဖြစ်၏။ အကြောင်းမူကား၊ ငါတို့ညီအစ်ကိုများကို ငါတို့ဘုရားသခင်ရှေ့တော်၌ နေ့ညဥ့်မပြတ် အပြစ်တင်သော ရန်သူကို အောက်သို့ ချလေပြီ။ ဗျာဒိတ်ကျမ်း ၁၂း၇-၁၀

အစအဦးတွင် ခရစ်တော်နှင့် သူ၏ကောင်းတမန်များတို့နှင့် စာတန်နှင့် သူ၏တမန်များတို့ကြား စစ်ပွဲ ဖြစ်ပွားခဲ့လေသည်။ ကောင်းကင်တမန် သုံးစုတစ်စုတို့သည် ကောင်းကင်ကို စွန့်ခွါလျက် လူစီဖါနှင့် အတူ အမှောင်ထဲသို့ လိုက်ပါသွားခဲ့ကြသည်။

ထိုမှတပါး၊ **မိမိတို့အခွင့်အရာကိုမစောင့်၊ မိမိတို့ နေရာအရပ်ကို စွန့်ပစ်သော ကောင်းကင်တမန်တို့**ကို၊ ကြီးစွာသောနေ့၌ စစ်ကြောစီရင်ခြင်းအလို့ငှါ၊ ထာဝရချည်နှောင်ခြင်းအားဖြင့် မှောင်မိုက်ထဲမှာ ချုပ်ထားတော်မူ၏။ ရှင်ယုဒသြဝါဒစာ ၁း၆

သူတို့အား ဘုရားသခင်နှင်ထုတ်ခဲ့သည်မှာ မှန်သော်လည်း အမှန်အားဖြင့် သူတို့စတင်ယုံစားခဲ့မိကြသည့် မုသာစကားများအားဖြင့်သာ သူတို့နှင်ထုတ်ခံခဲ့ရခြင်းဖြစ်သည်။ (ဗျာ ဒိတ် ၁၂း၄)။ သူတို့၏ နှလုံးသားဆန္ဒအတိုင်း သူတို့အား ဘုရားသခင် ခွင့်ပြုပေးခဲ့ခြင်းသာဖြစ်သည်။ ဘုရားသခင်အား ကြမ်းတမ်းပြီး ကရုဏာကင်းမဲ့သူအဖြစ် သူတို့တလွဲပုံဖော်ခဲ့ကြပြီး မိမိတို့ကိုယ်တိုင်ပုံဖော်လိုက်သည့် ဘုရားသခင်၏ တလွဲပုံသဏ္ဍာန်တော်မှ သူတို့ထွက်ပြေးသွားခဲ့ကြပါသည်။

မိမိအတွေးထဲ၌ရှိသော တရားမှုမျိုးနှင့်အတူ မိမိကိုယ်ပိုင်ပလ္လင်တော်ကို ထူထောင်ဖို့ စာတန်ရည်ရွယ်ထားခဲ့သည်။ ဘုရားသခင် ဖန်ဆင်းထားသမျှသောအရာတို့ကို သူအုပ်ချုပ်လိုခဲ့သည်။

သင်ကလည်း၊ ကောင်းကင်ပေါ်သို့ငါ တက်မည်။ **ဘုရားသခင်၏ ကြယ်တို့အပေါ်မှာ ငါ့ပလ္လင်ကို ငါချီးမြှောက်မည်။** မြောက်မျက်နှာဘက်၊ ဗျာဒိတ်တော် တောင်ပေါ်မှာ

ငါထိုင်မည်။ (၁၄) မိုဃ်းတိမ်ထိပ်ပေါ်သို့ ငါတက်မည်။ အမြင့်ဆုံးသောဘုရားကဲ့သို့ ငါနေမည်ဟု စိတ်အကြံရှိလေပြီ။ ဟေရှာယအနာဂတ္တိကျမ်း ၁၄း၁၃-၁၄

က္လသရေလနိုင်ငံတစ်ခုလုံးတွင် အဗရှလုံ၏ တရားမှုဆိုင်ရာ အတွေးအခေါ်များ ဖုံးလွှမ်းသွားခဲ့သည်ကို အဗရှလုံပုံပြင်က ညွှန်ပြပေးနေပါသည်။ ဤကမ္ဘာမြေကြီး၏ ကိုယ်စားလှယ်တော်အဖြစ် ကောင်းကင်သို့ စာတန်သွားလာခွင့် ရှိနေခဲ့ခြင်းအရာက သူ့အတွေးအခေါ်အား ကောင်းကင်တမန်များပင် လုံးလုံးနားမလည်ခဲ့ကြသေးသည်ကို ပြညွှန်နေခဲ့ပါသည်။

ဘုရားသခင်၏ သားတို့သည် ထာဝရဘုရားထံတော်၌ ခစားခြင်းငှါလာရသောနေ့ရက်အချိန်ရောက်လျှင်၊ စာတန်သည်လည်း သူတို့နှင့်ရောနှော၍လာ၏။ (၇) ထာဝရဘုရားကလည်း၊ သင်သည်အဘယ်အရပ်က လာသနည်းဟု စာတန်ကို မေးတော်မူလျှင်၊ စာတန်က၊ မြေကြီးပေါ်မှာ လှည့်လည်၍ အရပ်ရပ်သွားလာခြင်းအမှုထဲက လာပါသည်ဟု ပြန်လျှောက်လေ၏။ ယောဘဝတ္ထု ၁း၆-၇

တော်ဝင်ကောင်စီတွင် တွေ့မြင်ရသည့် စာတန်၏သွင်ပြင်မှာ၊ တော်ဝင်မျိုးနွယ်ပျက်စီးခြင်းငှါ မိမိဖခင်၏ မိဖုရားမောင်းမမိသံတို့တွင် မိမိမျိုးစေ့ကို လက်ဆင့်ကမ်းသွားခဲ့သည့် အဗရှလုံ၏ လုပ်ရပ်များနှင့် တူညီနေပါသည်။

အဟိသောဖေလက၊ နန်းတော်ကို စောင့်စေခြင်းငှါ ခမည်းတော်ထားခဲ့သော ကိုယ်လုပ်တော်တို့ရှိရာသို့ ဝင်တော်မူပါ။ ခမည်းတော်သည် ကိုယ်တော်အား စက်ဆုပ်ရွံရှာကြောင်းကို က္လသရေလအမျိုးသားအပေါင်းတို့သည် ကြား၍၊ ကိုယ်တော်ဘက်၌နေသော သူအပေါင်းတို့သည် လက်အားကြီးကြပါလိမ့်မည်ဟု လျှောက်သည်အတိုင်း၊ (၂၂) နန်းတော်ပေါ်မှာ အဗရှလုံအဘို့ မျက်နှာကြက်ကိုမိုး၍၊ **သူသည် က္လသရေလအမျိုးသားအပေါင်းတို့ရှေ့မှာ ခမည်းတော်၏ ကိုယ်လုပ်တော်တို့ ရှိရာသို့ဝင်လေ၏။** ဓမ္မရာဇဝင်ဒုတိယစောင် ၁၆း၂၁-၂၂

စာတန်၏စကားများတို့သည် အတွေးထဲတွင် ကိန်းအောင်းနေရာယူသည့် မျိုးစေ့များပင်ဖြစ်ပြီး စကြဝဠာတစ်ခုလုံးအပေါ်တွင် ဩဇာလွှမ်းနေခဲ့ပါသည်။ အာဒံအထဲတွင်ရှိနေခဲ့သည့် ဘုရားသားတော်အား ကွပ်မျက်လိုသည့် မျိုးစေ့သည် နောက် နှစ်ပေါင်း ၄၀၀၀ အကြာတွင် ဖြစ်ပျက်ခဲ့သည့် ခရစ်တော်အသေသတ်ခံခဲ့ရသည့်အမှု၌ ပေါ်လွင်ထင်ရှားလာခဲ့ပါသည်။ ထိုအချိန်မတိုင်မီ အထိ

တွင် စာတန်ရည်ရွယ်ချက်များ ရှင်းရှင်းလင်းလင်း မထင်ရှားခဲ့သေးပါချေ။ မိမိ၏ သွင်ပြင်စရိုက်များကို ဘုရားသခင်၏ သွင်ပြင်စရိုက်များအလား သူလှည့်စားထားခဲ့သည်။ မိမိ၏စရိုက်အမှန်ကို စာတန် ဖုံးကွယ်ထားနိုင်ခဲ့သမျှကာလ ဘုရားသခင်၏စရိုက်အမှန်ကို မိမိတန်ခိုးအားဖြင့် စာတန်လှည့်စား ထားနိုင်ခဲ့ပါသည်။ သူ၌ ထိုသို့သော လှည့်စားခြင်းတန်ခိုး ရှိနေနိုင်ခဲ့ခြင်းအကြောင်းကား သူသည် ကောင်းကင်တမန်ခေါင်းဆောင်တစ်ဦးဖြစ်ပြီး သူ၏ ဘုရားသခင်အပေါ် သိကျွမ်းခြင်းဉာဏ်ပညာကို အခြားသောကောင်းကင်တမန်များက စိတ်ချယုံကြည်နေခဲ့ကြသောကြောင့် ဖြစ်သည်။ ထိုအကြောင်းကြောင့် ဘုရားသခင်၏ ပညတ်တော်ကိုအသုံးချပြီး စာတန် ဒုက္ခဖန်တီးနိုင်ခဲ့ခြင်းဖြစ်သည်။

> မတရားသောအကြံကို မင်း၏အခွင့်နှင့် ပြုစုတတ်သော အဓမ္မရာဇပလ္လင်သည် ကိုယ်တော်နှင့် မိဿဟာယဖွဲ့ရပါမည်လော။ ဆာလံကျမ်း ၉၄း၂၀

အဓမ္မရာဇပလ္လင်ပေါ်တွင် ထိုင်လျက်၊ ပညတ်တော်လွန်ကျူးခြင်းအတွက် ပြစ်ဒဏ်ကားသေမိန့်ပင်ဖြစ်သင့်သည် ဆိုသည့်အတွေးအခေါ်ကိုအခိုင်အမာတင်ပြရန် ဘုရားသခင်၏ပညတ်တော်ကို စာတန် တလွဲအသုံးချခဲ့ပါသည်။ ဤဖြစ်စဉ်ကို ဒံယေလနှင့် ခြင်္သေ့တွင်းပုံပြင်က ဖေါ်ပြထားပေးသည်။ တရားမှုနှင့်ဆိုင်သော အကြောင်းအရာအားဖြင့် နိုင်ငံသားများတို့၏စိတ်နှလုံးကို ရယူ(ခိုးယူ) ခဲ့သည့်ဖြစ်စဉ်ကိုလည်း အဗရှလုံပုံပြင်တွင် ပြသထားပေးသည်။ ကောင်းကင်တွင် အစပြုခဲ့ပြီးမှ မြေကြီးပေါ်သို့ ရောက်ရှိလာခဲ့သည့် စစ်ပွဲကြီးအကြောင်းကို ဤပုံပြင်များက မီးမောင်းထိုးပြနေပါသည်။ ဤတိုက်လှန်ပွဲကြီး၏ အဓိကအကြောင်းအရာများကား ပြောင်းလဲခြင်း မရှိသေးပါချေ။

သို့သော် ယေရှုအသေခံပြီးနောက် မိမိ၏ရည်ရွယ်ချက်များနှင့်တကွ စာတန်၏ရုပ်လုံးမှန် ပေါ်လွင်လာခဲ့ပါသည်။ ဘုရားသခင်၏ ချစ်ဖွယ်ကောင်းသောစာရိတ္တတော် အစစ်အမှန်ကို စကြဝဠာရှေ့တွင် ခရစ်တော် ချပြတော်မူခဲ့သည်။ ဘုရားသခင်သည် မိမိ၏ရန်သူများကို ချစ်တော်မူကြောင်း ယေရှုပြသတော်မူခဲ့ပြီး၊ မိမိရန်သူတို့အဖို့ မိမိ၏အခြားပါးတစ်ဖက်ကို သူလှည့်ပေးတော်မူခဲ့ကာ ခုခံခြင်းအလျင်းမပြုပဲနှင့် ကြောက်မက်ဖွယ်အကောင်းဆုံးသော သေခြင်းလက်သို့၌ မိမိကိုယ်ကို သူအပ်နှံတော်မူခဲ့ပါသည်။ စာတန်နှင့် အပေါင်းအပါများတို့၏ ခရစ်တော်အပေါ် ပြုမူဆက်စံခဲ့ပုံများက စာတန်၏စာရိတ္တအမှန်ကို ထင်ရှားပေါ်လွင်စေခဲ့ပါသည်။ ဘုရားသခင်၏ စာရိတ္တသည် စာတန်၏စာရိတ္တနှင့် လုံးဝဆန့်ကျင်ဘက်ဖြစ်ကြောင်း ခရစ်တော်၌ တွေ့မြင်ရသည့် ဘုရားသခင်၏ ထင်ရှားခြင်းတွင် ပြသထားပါသည်။ ထို့ကြောင့်၊ သေခြင်းတန်ခိုးကို အစိုးရသည့်

စာတန်၏နိုင်ငံတော်ကို မိမိ၏ အသေခံတော်မူခြင်းအမှုအားဖြင့် ခရစ်တော်ဖျက်စီးပစ်တော်မူခဲ့ပါသည်။

> ထိုသူငယ်တို့သည် အသွေးအသားနှင့် ဆက်ဆံကြသောကြောင့်၊ ခရစ်တော်သည် **အသေခံတော်မူ သောအားဖြင့်၊ သေခြင်းတရားကို အစိုးရသော သူတည်းဟူသော မာရ်နတ်၏ တန်ခိုးကိုချိုးဖဲ့ ဖျက်ဆီးခြင်းငှါရင်း**၊... ဟေဗြဲဩဝါဒစာ ၂း၁၅

ဖါရိရှဲများတို့သည် စာတန်၏ တရားမှုဆိုင်ရာ အတွေးအခေါ်များတို့နှင့် မှိုင်းမိနေခဲ့ကြပါသည်။ ထိုအကြောင်းကြောင့် ခရစ်တော်အား သူတို့သတ်ပစ်လိုခဲ့ကြသည်။ သူတို့ကို အသေသတ်ခြင်းငှါ ခရစ်တော် မရှာကြံခဲ့သလို သူတို့အားလည်း သူ ခြိမ်းခြောက်တော်မမူခဲ့ပါချေ။

> ယဇ်ပုရောဟိတ်မင်းသည် ထ၍၊ သင်သည် တခွန်းမျှပြန်၍မပြောသလော။ ဤသူတို့သည် အဘယ်သို့ သက်သေခံသနည်းဟုဆိုလျှင်၊ (၆၃) ယေရှုသည် တိတ်ဆိတ်စွာ နေတော်မူ၏။ ယဇ်ပုရောဟိတ်မင်းကလည်း သင်သည် ခရစ်တော်တည်းဟူသော ဘုရားသခင်၏သားတော်မှန်သည် မမှန်သည်ကို ငါတို့အား ပြောစေခြင်းငှါ၊ အသက်ရှင်တော်မူသော ဘုရားသခင်ကို ငါတိုင်တည်၍ သင့်ကို ကျိန်ဆိုစေ၏ဟု ဆိုလျှင်၊ (၆၄) ယေရှုက၊ သင်ဆိုသည့်အတိုင်းမှန်၏။ **ထိုမျှမက ငါဆိုသည်ကား၊ နောင်ကာလ၌ လူသားသည် တန်ခိုးတော်၏လက်ျာဘက်၌ ထိုင်လျက် မိုဃ်းတိမ်ကို စီး၍ ကြွလာသည်ကို သင်တို့ မြင်ရကြလတံ့ဟု မိန့်တော်မူ၏။** (၆၅) ထိုအခါ ယဇ်ပုရောဟိတ်မင်းသည် မိမိအဝတ်ကိုဆုတ်လျက် ဤသူသည်ဘုရားကို လွန်ကျူး၍ ပြောသောစကားကို ယခုပင် သင်တို့ကြားရပြီ။ (၆၆) **အဘယ်သို့ ထင်မှတ်ကြသနည်းဟု မေးမြန်းလျှင်၊ ထိုသူတို့က ဤသူသည် အသေခံထိုက်ပေ၏ဟု ပြန်၍စီရင်ကြ၏။** ရှင်မသဲခရစ်ဝင် ၂၆း၆၂-၆၆

ဘုန်းတော်နှင့်တကွ မိမိပြန်ကြွလာမည့်အကြောင်းကို ဖါရိရှဲများအား ပြောပြတော်မူခဲ့ရာတွင် မိမိကို သူတို့မြင်ရကြလိမ့်မည်ဟုသာ ယေရှုပြောဆိုခဲ့ပါသည်။ တဖက်တွင် ဖါရိရှဲများအနေဖြင့် ခရစ်တော်အား အသေသတ်ဖို့စီရင်ခဲ့ကြသည်။ သိသိသာသာ ဆန့်ကျင့်နေသည့် ဆန့်ကျင်ဘက်လုပ်ရပ် နှစ်ခုဖြစ်သည်။ သက်သေရှာသောသူတို့အဖို့ ထင်ရှားသည့် သက်သေတစ်ခုဖြစ်သည်။ ဘုရားသခင်၏တရားမှုက သေမိန့်ကို မပြဋ္ဌာန်းထားပါချေ။ စာတန်၏တရားမှုစနစ်ကသာ သေမိန့်ကို ပြဋ္ဌာန်းနေ ပါသည်။ စာတန်၏အမုန်းတရားနှင့် သူ့နိုင်ငံတော်၏ တရားမှုစနစ်ကို

ထုတ်ဖော်ပြသခြင်းငှါ မိမိ သားတော်အသေခံတော်မူမည့်အမှုကို ဘုရားသခင် ခွင့်ပြုပေးခြင်းသာဖြစ်သည်။

ဤနောက်ခံအကြောင်းအရာတွင် ကားတိုင်တော်ကို ၎င်း၏ မှန်ကန်သည့်အဓိပ္ပါယ်နှင့်အတူ ပုံစံပြောင်းဖော်ပြထားပေးပါသည်။ တရားမှုအတွက် ခရစ်တော်အသေခံဖို့ ဘုရားသခင် မပြဌာန်းမတောင်းဆိုခဲ့ပါချေ။ လူသားများက ကျွန်ုပ်တို့၌ ဓမ္မသတ်တရား(ပညတ်) တစ်ခုရှိသည်ဟု တင်ပြခဲ့ကြပါသည်။ လူသားများဖြစ်ကြသည့် ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့နှလုံးသားထဲတွင် ရေးထားသော ဓမ္မသတ်တရား(ပညတ်)တစ်ခုရှိနေကြပြီး၊ ခွင့်လွှတ်ခြင်းတရား အထမြောက်ရန်အလို့ငှါ ထိုဓမ္မသတ်တရား(ပညတ်)က သေခြင်းကို တောင်းဆိုနေပါသည်။

> သို့သော်လည်း ငါ့ကိုယ်အင်္ဂါများ၌ ရှိသော တရားတပါးသည် စိတ်ဝိညာဉ်တရားကို ဆိုင်ပြိုင် တိုက်လှန်သဖြင့်၊ ငါ့ကိုယ်အင်္ဂါများ၌ရှိသော အပြစ်တရားလက်သို့ ငါ့ကို ဘမ်းသွားအပ်နှံသည်ကို ငါမြင်၏။ (၂၄) ငါသည်ငြိုငြင်သောသူဖြစ်ပါသည်တကား၊ ဤ အသေကောင်မှ ငါ့ကို အဘယ်သူ ကယ်လွှတ် မည်နည်း။ ရောမသြဝါဒစာ ၇း၂၃-၂၄

ဤသေခြင်း၏တရားမှ သင်လွှတ်လိုပါသလား။ လွှန်ကြူးသူအဖို့ သေမိန့်ကို ပြဋ္ဌာန်းထားပေးသည့် တရားမှုစနစ်တစ်ခုမှ သင်လွှတ်လိုပါသလား။ ကပ်တိုင်ထက်က ယေရှုကိုမျှော်ကြည့်လျက် တရားမှုအတွက် မရှိမဖြစ်လိုအပ်သည်ဟု ကျွန်ုပ်တို့အားလုံး နားလည်ထားကြသည့် ရွေးနှုတ်တော်မူခြင်းအဖိုးအခကို ရှုမြင်လိုက်ပါလေ။ ကားတိုင်ကြောင့် စိတ်ကျေနပ်မှုရရှိသွားခဲ့သည့် တရားမျှတမှုကား စာတန်လုပ်ထားသော တရားမျှတမှုပင် ဖြစ်ပေသည်။ အကြောင်းမှာ သူသည် ဘုရားသခင့်သားသမီးများတို့၏ စိတ်နှလုံးကို ခိုးယူထားပြီး၊ အဖိုးအခကို ပြဋ္ဌာန်းတောင်းဆိုခဲ့သည့် ပြန်ပေးဆွဲသူဖြစ်သော ကြောင့်ဖြစ်သည်။ ပြန်ပေးအဆွဲခံထားရသူ ကျွန်ုပ်တို့အနေဖြင့် အပြစ်အဖိုးခမှ သေခြင်းအားဖြင့်သာ ကျွန်ုပ်တို့အား ပြန်လည်ရွေးနှုတ်နိုင်မည်ဟူသော ပြန်ပေးဆွဲသူ(စာတန်)၏စကားကို ကျွန်ုပ်တို့ ယုံကြည်နေကြပါသည်။ ထိုရွေးနှုတ်ခြင်းအဖိုးအခကို ဘုရားသခင် သတ်မှတ်ခဲ့ခြင်းမဟုတ်ပဲ၊ စာတန် သတ်မှတ် ပြဋ္ဌာန်းခဲ့ခြင်းသာဖြစ်ပါသည်။

# ၇။ မောရှေသည် တော၌မြွေကို မြှောက်ထားသကဲ့သို့

မိမိတို့အား ဘုရားသခင်ခွင့်လွှတ်ကြောင်းကို လူသားများ လက်ခံနိုင်ခြင်းငှါ စာတန်လိုလားသော တရားမျှတမှုမျိုးကို ဖြည့်ဆည်းပေးရန်အတွက် ယေရှုအသေခံခဲ့သည် ဆိုသည့် အတွေးအခေါ် ဘောင်အတွင်းမှနေ၍၊ တိုင်ပေါ်ကမြွေ အကြောင်းနှင့်ပတ်သက်ပြီး ယေရှုမိန့်မြွက်ထားသော စကား များကို ပြန်လှန်စစ်မေးခြင်းပြုကြပါစို့။

> မောရှေသည် တော၌ မြွေကို မြှောက်ထားသကဲ့သို့ လူသားသည် မြှောက်ထားခြင်းကို ခံရမည်။ ရှင်ယောဟန်ခရစ်ဝင် ၃း၁၄

လက်ဝါးကပ်တိုင်၌ ယေရှုရိုက်ထားခံရသည့်ဖြစ်စဉ်နှင့် တိုင်ပေါ်၌ မြွေကိုမြှောက်ထားသည့် ဖြစ်စဉ်တို့ကို နှိုင်းယှဉ်ဖော်ပြထားခြင်းဖြစ်သည်။ ဤနှိုင်းယှဉ်ဖော်ပြချက်သည် ကျမ်းစာလေ့လာသူ တော်တော်များများအဖို့ အတော်ဆန်းကြယ်လှသည်။ ယင်းဖြစ်စဉ်နှစ်ခု မည်သို့ ဆက်စပ်နေပါသနည်း။

> ဟောရတောင်မှထွက်၍ ဧဒုံပြည်ကို ဝိုင်းခြင်းငှါ၊ ဧဒုံပင်လယ်လမ်းဖြင့် ချီသွားကြစဉ်၊ အသွားခက်သောကြောင့်၊ လူများတို့သည် စိတ်အားလျော့ကြ၍၊ (၅) **သင်သည် ငါတို့ကို ဤတော၌ သေစေခြင်းငှါ၊ အဲဂုတ္တုပြည်မှ အဘယ်ကြောင့် ဆောင်ခဲ့သနည်း။** မုန့်မရှိ၊ ရေလည်းမရှိ၊ ဤပေါ့ပျက်သောစားစရာကိုလည်း ငါတို့သည် အလွန်ရွံရှာ၏ဟု **ဘုရား သခင်နှင့် မောရှေကို ဆန့်ကျင်ဘက်ပြု၍ ဆိုကြ၏။** (၆) **ထိုအခါ ထာဝရ ဘုရားသည်၊ ဣသရေလအမျိုးသားတို့တွင် မီးမြွေများကို စေလွှတ်တော်မူ၍၊ လူအများတို့သည် အကိုက်ခံရသဖြင့် သေကြ၏။** (၇) ထိုကြောင့် လူများတို့သည် မောရှေထံသို့ လာ၍ **အကျွန်ုပ်တို့သည် ထာဝရဘုရားနှင့် ကိုယ်တော်ကို ဆန့်ကျင် လျက် ပြောဆို၍ ပြစ်မှားပါပြီ။ ထာဝရဘုရားသည် မြွေများကို အကျွန်ုပ်တို့မှ ပယ်ရှားတော်မူမည်အကြောင်း ဆုတောင်းပါဟု** လျှောက်လျှင်၊ မောရှေသည် လူများအဘို့ ဆုတောင်းလေ၏။ (၈) ထာဝရဘုရားကလည်း၊ **မီးမြွေရုပ်ကိုလုပ်၍ တိုင် ပေါ်မှာ မြှောက်ထားလော့။ အကိုက်ခံရသော သူတိုင်း ကြည့်ရှုလျှင် အသက်ချမ်းသာ ရလိမ့်မည်**ဟု မောရှေအား မိန့်တော်မူသည် အတိုင်း၊ (၉) မောရှေသည် ကြေးဝါဖြင့်

> မြေကိုလုပ်၍ တိုင်ပေါ်မှာ မြှောက်ချီထားပြီး လျှင်၊ **မြေကိုက်သောသူမည် သည်ကား၊ ကြေးဝါမြွေကို ကြည့်ရှုသောအခါ အသက်ချမ်းသာရကြ၏။** တောလည်ရာကျမ်း ၂၁း၄-၉။

မြွေများ ရောက်ရှိလာခဲ့သည့် အကြောင်းအရင်းကား၊ ညည်းညူခြင်းအားဖြင့် မိမိတို့၏ အကွယ်အကာခြံစည်းရိုးကို ထိုသူတို့ ဖေါက်ဖျက်ခဲ့ကြသောကြောင့်ဖြစ်သည်။

> တွင်းကိုတူးသောသူသည် ထိုတွင်းထဲသို့ ကျလိမ့်မည်။ ခြံကိုဖျက်သောသူသည် မြွေကိုက်ခြင်းကို ခံရလိမ့်မည်။ ဒေသနာကျမ်း ၁၀း၈

ဘုရားသခင်၏ ပညတ်တော်တို့ကို စောင့်ထိန်းခြင်းဖြင့် ထိုသခင်အား ရိုသေစွာပြုသောသူတို့သည် ကောင်းကင်တမန်များ၏ ကွယ်ကာပေးခြင်းကို ခံရကြသည်။ ထိုသခင်၏ ပညတ်တော်တို့ကို လူသားများ ထပ်တလဲလဲ ချိုးဖေါက်လာကြသောအခါ ထိုသူတို့အား ကောင်းကင်တမန်များ လွယ် လင့်တကူ ကွယ်ကာမပေးနိုင်တော့ပါချေ။

> ထာဝရဘုရားကို ကြောက်ရွံ့သော သူတို့ ပတ်လည်၌ ကောင်းကင်တမန်တော်တို့သည် တပ်ချ၍ ကယ်လွှတ်တတ်ကြ၏။ ဆာလံကျမ်း ၃၄း၇

> ထာဝရဘုရားကို ကြောက်ရွံ့သော သဘောသည် ပညာ၏ အချုပ်အခြာဖြစ်၏။ ပညတ်တော်တို့ကို စောင့်ရှောက်သမျှသော သူတို့သည် ကောင်းသောဉာဏ်ရှိကြ၏။ ဂုဏ်အသရေတော်သည် အစဉ်အမြဲတည်သတည်း။ ဆာလံကျမ်း ၁၁၁း၁၀

မြွေများကို ဘုရားသခင် စေလွှတ်ခဲ့ခြင်းမဟုတ်ပါချေ။ မိမိ၏ ပညတ်တော်တို့ကို ချိုးဖေါက်ခဲ့ကြသော ဣသရေလလူများတို့အား ဘုရားသခင်၏ကောင်းကင်တမန်များ မကွယ်ကာပေးနိုင်သည့် အတွက်ကြောင့် မြွေများ ရောက်ရှိလာဖို့ ဘုရားသခင် ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် မြွေများကို ဘုရားသခင် စေလွှတ်ခဲ့သည်ဟု သူတို့ ထင်မှတ်ခဲ့ကြသည်။ သူတို့နားလည်ထားကြသည့် တရားမှုကား လွန်ကျူးခြင်းအတွက် ပြစ်ဒဏ်ရှိရမည် ဟူ၍ပင်ဖြစ်သည်။ ထို့ကြောင့်၊ မိမိတို့၏ အပြစ်ကြောင့် မိမိတို့အား ဘုရားသခင် သေပြစ်စီရင်နေသည်ဟု သူတို့ထင်မှတ်ခဲ့ကြသည်။ ကြေးဝါ မြွေရုပ်တစ်ခုကို ပြုလုပ်ဖို့ မောရှေအား ဘုရားသခင် မိန့်တော်မူခဲ့သည်။ ဤသတ္တုသည် အရေးပါလှသည်။ အကြောင်းမှာ အဆိုပါသတ္တုသည် မြေကြီးထဲမှ သဘာဝ

အလျောက်ဖြစ်ပေါ်လာသည့် သတ္တု မဟုတ်ပါ။ ကြေးဝါဟူသည် ဘုရားသခင်ဖန်ဆင်းထားသည့် သတ္တုနှစ်မျိုးဖြစ်သော ကော့ပါးနှင့် ဇင့်(သွပ်)တို့ ပေါင်းစပ်ထားသော သတ္တုစပ်တစ်မျိုးဖြစ်သည်။ ကာဣန၏သားတစ်ဦး က ကြေးဝါကို စတင်ဖန်တီးပြုလုပ်ခဲ့ခြင်းဖြစ်သည်။

> ဇိလ္လာသည်လည်း၊ သားတုဗလကာဣနကို ဘွားမြင်လေ၏။ သူသည် ပန်းတည်းသမား၊ (**သံနှင့် ကြေးဝါတို့ကို ထုလုပ်သော**) ပန်းပဲသမားအပေါင်းတို့၏ ဆရာဖြစ်လေ၏။ တုဗလကာဣန၏ နှမကား၊ နေမ အမည်ရှိ၏။ ကမ္ဘာဦးကျမ်း ၄း၂၂။
> (မှတ်ချက် - အင်္ဂလိပ်ကျမ်းစာနှင့် တွဲဖတ်ရန်)

ကြေးဝါဆိုသည်မှာ ဘုရားသခင်ဖန်ဆင်းထားသော သတ္တုနှစ်မျိုးတို့နှင့် ရောစပ်ထားသည့် လူလုပ်သတ္တုစပ်တစ်မျိုးဖြစ်သည်။ ကြေးဝါကို အနှုတ်သဘောဆောင်သည့် လက္ခဏာတစ်မျိုးအနေဖြင့် ကျမ်းစာတွင် ရံဖန်ရံခါ အသုံးပြုထားသည်။ နားမထောင်ခြင်းအတွက် ရရှိနိုင်သည့် ကျိန်ခြင်းအမင်္ဂလာများစာရင်းအရ သမ္မာကျမ်းစာတွင် အောက်ပါအတိုင်း တင်ပြထားပါသည်။

> သင့်ခေါင်းပေါ်မှာ မိုဃ်းကောင်းကင်သည် ကြေးဝါကဲ့သို့၎င်း၊ သင့်အောက်၌ မြေသည် သံကဲ့သို့၎င်း ဖြစ်လိမ့်မည်။ တရားဟောရာကျမ်း ၂၈း၂၃။

ဣသရေလလူတို့၏ ဖေါက်ပြန်ခြင်းအကြောင်းနှင့် သူတို့၏ ပညတ်တော်လွန်ကျူးခြင်းများအကြောင်းကို တန်းစီဖေါ်ပြထားပြီးနောက် သူတို့အား အောက်ပါအတိုင်း ဘုရားသခင်မိန့်ခဲ့လေသည်။

> **အချင်းလူသား၊ ဣသရေလအမျိုးသည် ငါ့ရှေ့မှာ ချေးဖြစ်လေပြီ။ ထိုသူအပေါင်းတို့သည် မိုက်ထဲ၌ ထည့်သောကြေးနီ(ဝါ)၊** ကြေးဖြူ၊ သံ၊ ခဲကဲ့သို့ ငွေနှင့် ကွာသော ချေးဖြစ်ကြ၏။ ယေဇကျေလ ၂၂း၁၈

ကြေးဝါဖြင့် ပြုလုပ်ထားသော ထိုမြွေရုပ်သည် လူလက်ဖြင့် ပြုလုပ်သော မြွေ၏တရားမှု (justice)ကို ပုံဆောင်ပါသည်။ မြွေသည်ကား စာတန်၏ အမှတ်အသားတစ်ခုပေတည်း။

> ထိုအခါ၊ ဤလောကတနိုင်ငံလုံးကို လှည့်ဖြား၍ **မာရ်နတ်စာတန် အမည်ရှိသော ရှေးမြွေဟောင်း တည်းဟူသော နဂါးကြီးကို၎င်း၊** သူနှင့်အတူ သူ၏တမန်တို့ကို၎င်း၊ မြေကြီးသို့ ချလိုက်ကြ၏။ ဗျာဒိတ်ကျမ်း ၁၂း ၉။

မြေကြီးကိုကိုက်ခံရသောကြောင့် ကာလအတော်ကြာ လူအချို့ သေဆုံးခဲ့ကြရပြီး မိမိတို့၏ ညည်းညူခြင်းအပြစ်အတွက် ကျန်ရှိနေသူများ နောင်တရလာခဲ့ကြသည့် နောက်ပိုင်းတွင်၊ အပြစ်အတွက် ကျေအေးသွားပြီဟု သူတို့ယုံကြည်နေခဲ့ကြသည်။ မြှောက်ထားသောမြွေကို မိမိတို့အပြစ်များအား ချေဖျက်ပေးသူအဖြစ် သူတို့ အသိအမှတ်ပြုခဲ့ကြသည်။ သေဆုံးခဲ့သူများကို အပြစ်များအတွက် ပူဇော်လိုက်ရသည့် ယဇ်တစ်ခုအဖြစ် သူတို့ထင်မှတ်ခဲ့ကြသည်။ မိမိတို့ပြုမိသော အပြစ်များအတွက် ခွင့်လွှတ်ခြင်းတရားကို မိမိတို့ရရှိနိုင်သည် ဆိုသည့်အမှန်တရားတစ်ခုကို ဤလူလုပ်အတွေးအခေါ် (သို့) ကြေးဝါအတွေးအခေါ်အားဖြင့် သူတို့အား ဘုရားသခင် သင်ပြပေးနိုင်ခဲ့ပြီး၊ ကျန်းမာခြင်းသို့ သူတို့ရောက်ရှိခဲ့ကြသည်။ တရားမှုအပေါ် ရှုမြင်ကြသည့် မိမိတို့၏ အမြင်မှာ စာတန်ထံမှ ဆင်းသက်သောအမြင်ပင်ဖြစ်သည်ကို သူတို့ မတွေးမိခဲ့ကြပါချေ။ သို့ဖြစ်၍ တရားမှုအပေါ် ရှုမြင်ထားကြသည့် သူတို့အမြင်ကို အသုံးချပြီး သူတို့ကို နောင်တလမ်းထဲသို့ ဘုရားသခင်ပို့ဆောင်တော်မူလျက် သူတို့အား ကျန်းမာစေတော်မူခဲ့ပါသည်။

ထို့နည်းတူပင်၊ ကပ်တိုင်ကို မျှော်ကြည့်လျက် ခွင့်လွှတ်ခြင်းရနိုင်ကြောင်းကို ကျွန်ုပ်တို့ ယုံကြည်နိုင်ရန်အလို့ငှါ ခရစ်တော်သည် မြှောက်ထားခြင်းကို ခံရ၍ မြွေ၏တရားမှုဖြင့် မိမိကိုယ်ကို သူအရှုမြင်ခံတော်မူခဲ့လေသည်။ ဘုရားသားတော် အသေခံတော်မူခြင်းအားဖြင့်သာလျှင် ကျွန်ုပ်တို့အား ဘုရားသခင်ခွင့်လွှတ်တော်မူသည်ကို ကျွန်ုပ်တို့လူသားများ ယုံကြည်လာနိုင်ခဲ့ကြပြီး ထိုအသေခံ ရွေးနှုတ်ခဲ့ခြင်းအဖိုးအခအားဖြင့် ကျွန်ုပ်တို့၏စိတ်များ လွတ်လပ်ပေါ့ပါးသွားကြသည်။

လူသားဇာတိကို ယူတင်တော်မူလျက် ကျွန်ုပ်တို့၏အပြစ်များအတွက် ယေရှု အစားထိုးအပြစ်ဖြေပေးတော်မူခဲ့သည်။ ဤအပြစ်ဖြေခြင်းအမှုကို ကြေးဝါမြွေရုပ်အားဖြင့် ပုံဖော်တင်ပြထားပေးသည်။ အကြောင်းမှာ ထိုအပြစ်ဖြေခြင်းသည် ကျွန်ုပ်တို့လွတ်မြောက်ရေးအတွက် ပြန်ပေးဆွဲသူက တောင်းဆိုထားသည့် အဖိုးအခဖြစ်သောကြောင့်ဖြစ်သည်။ ထိုအပြစ်ဖြေခြင်းသည် မြွေ၏တရားမှုက ပြဋ္ဌာန်းထားသည့် ကျေအေးပေးမှုပင်ဖြစ်ကြောင်း ကြေးဝါသတ္တုက သက်သေပြနေပါသည်။ ထိုသတ္တုသည် ဘုရားသခင် မဖန်ဆင်းခဲ့သည့်၊ လူသားများ ဖန်တီးထားသော သတ္တုပင်ဖြစ်သည်။ အထူးသဖြင့် ကာဣန၏အမျိုးအနွယ်က ဖန်တီးလိုက်သည့်အရာပင်ဖြစ်ပေသည်။

ကျွန်ုပ်တို့၏အပြစ်များအတွက် ခရစ်တော် အဘယ်ကြောင့်အသေခံရသည်ကို ဤသင်ခန်းစာမှ တမူထူးခြားသော ချည်းကပ်ပုံမျိုးနှင့် ဖော်ပြထားပေးပါသည်။ ကျွန်ုပ်တို့၏ ကယ်တင်ခြင်း

အတွက် သားတော်အသေခံခြင်းအမှုကို ဘုရားသခင်တောင်းတော်မူသည်ဟု ခရစ်ယာန်များက အကြွင်းမဲ့လက်ခံထားကြသည်။ သို့သော် ကျမ်းစာက အောက်ပါအတိုင်း အတိအလင်း ဖေါ်ပြထားပါသည်။

> ကိုယ်တော်သည် ယဇ်နှင့် ပူဇော်သက္ကာကို အလိုတော်မရှိသည်ဖြစ်၍၊ အကျွန်ုပ်နားကို ဖွင့်တော်မူပြီ။ မီးရှို့ရာယဇ်နှင့် အပြစ်ဖြေရာယဇ်များကို တောင်းတော်မမူသောအခါ၊.. ဆာလံကျမ်း ၄၀း၆

ဤအသေခံခြင်းကို ဘုရားသခင် တောင်းတော်မမူပါ။ သို့သော် စာတန်၏လက်ထဲသို့ ကျရောက်ခဲ့သွားသည့် ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့ကိုယ်စား သားတော်အသေခံစရာမလိုပဲ ကျွန်ုပ်တို့အား ဘုရားသခင်ခွင့်လွတ်နိုင်သည် ဟူသည့်အချက်အား ကျွန်ုပ်တို့လက်မခံနိုင်ကြသည်ကို ဘုရားသခင် သိထားတော်မူသည်။

မိမိသားတော်၏ အသေခံတော်မူခြင်းအမှုကို ဘုရားသခင် တောင်းတော်မူသည်မှန်လျှင် ဘုရားသခင်အား ဝတ်ပြုကိုးကွယ်ခြင်းအမှုတွင် ယဇ်ပူဇော်ခြင်းအမှု ထာဝရကာလပတ်လုံး ပါရှိနေပေလိမ့်မည်ဖြစ်သည်။ သို့ရာတွင် ထိုသို့သောအမှုနှင့် ဆန့်ကျင်ဘက်အမှု ဖြစ်ပျက်သွားခဲ့သည်။ ခရစ်တော်၏ အသေခံတော်မူခြင်းအမှုအားဖြင့် အပြစ်အတွက် ယဇ်ပူဇော်ခြင်းပြုရသည့်စနစ်တစ်ခုလုံး ပပျောက်သွားခဲ့ပါသည်။

> တသီတင်းတွင် လူအများတို့နှင့် ပဋိညာဉ်ဖွဲ့ခြင်းရှိ၍ ထိုသီတင်းတဝက်တွင် ယဇ်ပူဇော်ခြင်းနှင့် ဆက်ကပ်ခြင်းကို ပပျောက်စေလိမ့်မည်။ ဒံယေလအနာဂတ္တိကျမ်း ၉း၂၇

ယဇ်ပူဇော်ခြင်းနှင့် ဆက်ကပ်ခြင်းကို ခရစ်တော် ပပျောက်စေမည်ဟု ဖေါ်ပြထားခဲ့ပါသည်။ မြှောက်ထားခြင်းကိုခံရစဉ် လူအပေါင်းတို့အား မိမိထံတော်သို့ ခရစ်တော်ဆွဲယူတော်မူခဲ့ပါသည်။ (ယောဟန် ၁၂း၃၂)။ ကျွန်ုပ်တို့၏ ကြေးဝါ တရားမှုစနစ်အတွက် ကျေအေးမှုကိုရရှိပြီး ခွင့်လွတ်ခြင်းတရားကို ကျွန်ုပ်တို့လက်ခံပြီဆိုလျှင် ဘုရားသခင်၏ ဝိညာဉ်တော်ကို နှလုံးသားအတွင်း၌ ခံယူလျက် ကျွန်ုပ်တို့၏ စိတ်နှလုံးများ ပြုပြင်ပြောင်းလဲခြင်းရှိနိုင်ပါသည်။ ထိုအခါ အထိန်းလက်မှ ကျွန်ုပ်တို့ လွတ်သွားကြပါသည်။ ကျွန်ုပ်တို့ စိတ်နှလုံးများ ပြုပြင်ပြောင်းလဲခြင်းခံရပြီးဆိုလျှင်၊ ကျောက်ကို ကျွန်ုပ်တို့ ရိုက်စရာမလိုတော့ပဲ စကားပြောရုံ၊ မှာထားရုံမျှသာ ပြုရတော့သည်။

လှံတံတော်ကို ကိုင်ယူ၍ သင်၏အစ်ကိုအာရုန်ပါလျက်၊ ပရိသတ်များကို စုဝေးစေလော့။ **သူတို့ရှေ့မှာ ကျောက်ကိုမှာထားလော့(စကားပြောလော့)။ ကျောက်သည်မိမိရေကို ထွက်စေ၍၊** ပရိသတ်များနှင့် သူတို့တိရစ္ဆာန်များတို့အား သောက်ဘို့ ရေကိုပေးရမည်။ တောလည် ရာကျမ်း ၂၀း၈

ဝမ်းနည်းဖို့ကောင်းသည်မှာ၊ ဘုရားသခင်၏ ညွှန်ကြားချက်အတိုင်း ကျောက်ကို မောရှေစကားမပြောခဲ့ပါချေ။ ဣသရေလလူတို့၏ ညည်းညူမြည်တမ်းမှုများကြောင့် အမျက်ထွက်ပြီးကျောက်ကို သူရိုက်ပစ်ခဲ့သည်။ ထိုသို့သောအားဖြင့် ယဇ်ပူဇော်ခြင်းအမှတ်သညာကို မောရှေပြသသွားခဲ့သည်ဖြစ်ရာ တရားမှုနှင့် ၎င်း၏သဘောထားအပေါ် ဣသရေလလူများ ဆက်ပြီးနားလည်မှုလွဲနေခဲ့ပြန်ပါသည်။ ထိုအကြောင်းကြောင့် ကောင်းကင်သို့ မောရှေမတက်ရမှီ သူ့အားဘုရားသခင် အလျင်သေဆုံးခွင့်ပေးခဲ့ခြင်းဖြစ်သည်။ ဤအတွေးအခေါ် မှားယွင်းကြောင်းကိုဣသရေလလူများ တွေ့မြင်ခဲ့ရသည်။ ရိုက်ပုတ်စရာမလိုပဲ စကားပြောရုံမျှနှင့် မိမိထံပါးမှခွင့်လွှတ်ခြင်းကို တောင်းခံကြဖို့ သူတို့အား ဘုရားသခင် အလိုတော်ရှိခဲ့သည်။ ထိုအချက်ကိုသူတို့နားလည်ဖို့လိုသည်။

လူသား၏ အားနည်းခြင်းအရာက ဘုရားသခင်၏ အကြံအစည်များကို ပြောင်းလဲမသွားစေနိုင်ပါချေ။ ထို့အပြင် ကျွန်ုပ်တို့အား ခရစ်တော်ထံ ယူဆောင်နိုင်ခြင်းအလို့ငှါ ကျွန်ုပ်တို့၏ တရားမှုအားဖြင့်သာ ဘုရားသခင် အလုပ်လုပ်သွားခဲ့ပါသည်။ အရိုက်ခံရသည့်ကျောက်ဆိုသည့် ခေါင်းစဉ်အောက်မှာပင် ယုံကြည်ခြင်းရှိရာသို့ ကျွန်ုပ်တို့အား ဘုရားသခင် ဆွဲခေါ်သွားပေးသည်။ ထိုယုံကြည်ခြင်းကား ကျွန်ုပ်တို့ ခွင့်လွှတ်ခြင်းခံရကြောင်းနှင့် ကျောက်တည်းဟူသော ခရစ်တော်အထံတော်မှ အခမဲ့သော အသက်ရေ စီးဆင်းနေလျက်ရှိကြောင်းကို ယုံကြည်သည့် ယုံကြည်ခြင်းပင်ဖြစ်သည်။

ထိုသူတို့နောက်၌ လိုက်သောဝိညာဉ်ကျောက်မှ ထွက်သောရေကိုသောက်ကြ၏။ ထိုကျောက်ကား ခရစ်တော်ဖြစ်သတည်း။ ၁ ကော ၁၀း၄

ထိုကြောင့် ငါတို့သည်ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ ရောက်စေခြင်းငှါ ပညတ်တရားသည် ခရစ်တော်ထံသို့ ငါတို့ကိုပို့ဆောင်၍ ငါတို့၏ အထိန်းဖြစ်သ

> တည်း။ (၂၅) ယုံကြည်ခြင်းတရားသည် ရောက်လာသောအခါ၊ ငါတို့သည် ထိုအထိန်း လက်မှ လွတ်ကြ၏။ ဂလာတိဩဝါဒစာ ၃း၂၄-၂၅

လည်ပင်းခိုင်မာသော ဣသရေလလူများတို့အတွက် မောရှေ၌ ဘုရားသခင် ပေးအပ်တော်မူသော အမှုတော်ကား ဘုရားသခင်၏ ပညတ်တော်မှန်အရှေ့တွင် လူသားတို့၏အပြစ်များကို ပွားများ (ထင်ရှား)စေဖို့အတွက်ပင်ဖြစ်သည်။

> ထိုမှတပါး ပျောက်တတ်သော ရောင်ခြည်တည်းဟူသော မောရှေ၏မျက်နှာမှ ထွက်သော ရောင်ခြည်ကြောင့်၊ ဣသရေလအမျိုးသားတို့သည် သူ၏မျက်နှာကို စေ့စေ့ မကြည့်ရှုနိုင်သည်တိုင်အောင်၊ ကျောက်ပြားပေါ်၌ အက္ခရာတင်၍ ရေးထားသော သေခြင်း၏တရားသည် ဘုန်းအာနုဘော်နှင့် ပြည့်စုံသည်မှန်လျှင်၊..၂ ကော ၃း၇

လူသားတစ်ယောက်အဖို့ မိမိဒုစရိုက်အပြစ်များအား ပြန်မြင်နေရသည့်အမှုသည် ဘုန်းအာနုဘော်နှင့် စပ်ဆိုင်သော အမှုတစ်ခုပင်ဖြစ်သည်။ ဇာတိလူသည် မိမိ၏ မိုက်မဲခြင်းအားဖြင့် ဉာဏ်မျက်စိအလင်းကွယ်နေသော်လည်း မောရှေမှတဆင့် ပေးတော်မူခဲ့သည့် ပညတ်တော်အားဖြင့် ယေရှုခရစ်၌ရှိသော ဧဝံဂေလိတရားတော်အား မိမိတို့လိုနေအပ်ကြသည်ကို ကျွန်ုပ်တို့တွေ့မြင်လာရပါသည်။ ကောင်းချီးဖြစ်စေသော ထိုမှန်က ကျွန်ုပ်တို့၏ ပျောက်ဆုံးနေသည့်အခြေနေကို ခွဲခြားသိမြင်စေပါသည်။ ထိုမှန်မရှိလျှင် ကျွန်ုပ်တို့ ကယ်တင်ခြင်းသို့ ရောက်နိုင်မည်မဟုတ်ပါချေ။ အကြောင်းမှာ အန္တရာယ်ရှိသည့် မိမိတို့၏အခြေအနေကို ကျွန်ုပ်တို့ ပြန်တွေ့ရမည်မဟုတ်သောကြောင့် ဖြစ်သည်။

> အကြောင်းမူကား၊ ပညတ်တရားတော်ကို မောရှေလက်တွင် ပေးတော်မူ၏။ ကျေးဇူးတရားနှင့် သစ္စာတရားမူကား ယေရှုခရစ်အားဖြင့် ဖြစ်သတည်း။ ရှင်ယောဟန်ခရစ်ဝင် ၁း၁၇

ကမ္ဘာဦးကပင် ယေရှု၏ကျေးဇူးတော်ကို ကျွန်ုပ်တို့အဖို့ ပေးကမ်းထားတော်မူခဲ့ပါသည်။ ယနေ့အသက်ရှင်နေကြသော ကျွန်ုပ်တို့အနေဖြင့်လည်း မိမိတို့၏ ပျောက်ဆုံးနေသောအခြေအနေကို ပြန်မြင်နိုင်ရန်အတွက် ဤပညတ်တော်မှန်ကို ကျွန်ုပ်တို့လိုအပ်နေကြပါသည်။

ဘုရားသခင်သည် ငါတို့ကျင့်သောအကျင့်ကို ထောက်တော်မမူ။ ရှေးကပ်ကာလ မရောက်မှီ၊ ယေရှုခရစ်အားဖြင့် ငါတို့အဘို့ ကိုယ်တော်တိုင်ကြံစည်တော်မူသော ကျေးဇူးတော်နှင့်အညီ ငါတို့ကိုကယ်တင်၍၊ သန့်ရှင်းသောအရာ၌ ခေါ်သွင်းတော်မူ၏။ ၂ တိ ၁း၉

အပြစ်ထဲသို့ လူသားများ စတင်ကျရောက်ခဲ့ချိန်မှစ၍ ယခုပစ္စုပ္ပန်ကာအချိန်အထိတွင် ပညတ်တော်နှင့် ဧဝံဂေလိနှစ်ခုစလုံး ပူးတွဲသက်ဝင်လှုပ်ရှားနေပါသည်။ လူသားများအား ဘုရားသခင်နှင့် ပြီးပြည့်စုံသည့် ဆက်ဆံရေးကို ပြန်ရစေဖို့အတွက်ဆိုလျှင် ထိုအရာနှစ်ခုစလုံး လိုအပ်ပါသည်။

ကြေးဝါမြွေပုံပြင်သည် များစွာသောအကြောင်းအရင်းများအတွက် အရေးပါသော ပုံပြင်တစ်ပုဒ်ဖြစ်သည်။ စာတန်က မိတ်ဆက်ပေးပြီး လူသားမျိုးနွယ်က လက်ခံယုံကြည်ထားခဲ့သည့် တရားမှုစနစ်တစ်ခု၏ ပြဋ္ဌာန်းတောင်းဆိုချက်များကို ပေးချေရန်အလို့ငှါ ခရစ်တော် မြှောက်ထားခြင်းခံရကြောင်း ထိုပုံပြင်က ဖေါ်ပြပေးသည်။ တချိန်တည်းမှာပင် ကြေးဝါသတ္တုအကြောင်းနှင့် ဆက်စပ်ပြီး ဣသရေလလူမျိုးတို့၏ ဝတ်ပြုကိုးကွယ်ခြင်းအကြောင်းကို ကျွန်ုပ်တို့ ခြေရာခံလေ့လာခဲ့ကြရာ၊ ကျွန်ုပ်တို့၏ မေတ္တာရှင် အဖခမည်းတော်သည် မိမိသားတော် အသေခံတော်မူခြင်းအမှုကို လိုလားတော်မမူပဲ ကျွန်ုပ်တို့ ယုံကြည်နိုင်ရန်အလို့ငှါသာ သားတော်အား ကျွန်ုပ်တို့အဖို့ သူ စွန့်တော်မူခဲ့သည်ဟူသော သက်သေတစ်ခုကို ကျွန်ုပ်တို့ ရရှိခဲ့ကြပါသည်။

မိမိသားတော်ရင်းကို မနှမြောဘဲ၊ ငါတို့ရှိသမျှ အဘို့အလို့ငှါ စွန့်တော်မူသောသူသည်၊ သားတော်နှင့်တကွ ခပ်သိမ်းသောအရာတို့ကို ငါတို့အားမပေးဘဲ အဘယ်သို့ နေတော်မူမည်နည်း။ ရောမသြဝါဒစာ ၈း၃၂


# ၈။ အိုဘုရားသခင်၊ ကိုယ်တော်၏လမ်းသည် သန့်ရှင်းရာဌာနတော်၌ရှိပါ၏။

ကလေးဘ၀က ကျမ်းစာဖတ်ရှုခဲ့ဖူးသည့် အတွေ့အကြုံတစ်ခုကို ကျွန်ုပ်ပြန်သတိရမိသည်။ ကျမ်းစာဖတ်ရှုရင်း ထွက်မြောက်ရာကျမ်းသို့ ရောက်လာသောအခါ ကျွန်ုပ်အတွက် အလွန်ခက်ခဲလာခဲ့သည်။ ဘုရားသခင်၏သန့်ရှင်းရာဌာနတော် ဆောက်လုပ်ခြင်းအမှုအတွက် ပေးထားသော ညွှန်ကြားချက်များအကြောင်းကို ဖတ်ရှုနေရခြင်းသည် ၁၂ အရွယ် ကလေးတစ်ယောက်အဖို့ အလွန်ပင် ငြီးငွေ့စရာကောင်းလှသည်။ သို့ပါသော်လည်း ဤညွှန်ကြားချက်များထဲတွင် ကျွန်ုပ်တို့အဖို့ ဧ၀ံဂေလိသတင်းစကားကို ဖွင့်ဟပြပေးသည့် အဖိုးထိုက်သမ္မာတရားပါရှိနေပါသည်။ ပုံတစ်ပုံတည်းအားဖြင့် ထောင်နှင့်ချီသောစကားလုံးများကို ခြယ်မှုန်းပြနိုင်သည် ဆိုသည့်စကားအတိုင်း၊ အောက်ဖော်ပြ ရုပ်ပုံအချို့တို့မှ သန့်ရှင်းရာဌာနတော်၏ ပုံစံကြမ်းတစ်ခုကို ကျွန်ုပ်တို့ ရယူနိုင်ပါသည်။




ပုံပါစာများ (ပုံ - ၁) ---- Court and Sanctuary - တဲတော်ဝန်းနှင့် သန့်ရှင်းရာဌာနတော်

တံခါး၊ မီးရှို့ရာယဇ်ပလ္လင်၊ အင်တုံ (ရေစလုံ)၊ သန့်ရှင်းသောအခန်း၊ အသန့်ရှင်းဆုံးသောအခန်း




ပုံပါစာများ (ပုံ-၂) ---- သန့်ရှင်းရာဌာနတော်၊ ပထမကုလားကာ၊ သန့်ရှင်းသောအခန်း၊ အသန့်ရှင်းဆုံးသောအခန်း၊ မီးခုံ (လောက၏အလင်း)၊ ပဋိညာဉ်သေတ္တာတော်၊ ရှေ့တော်မုန့် (အသက်မုန့်)

သန့်ရှင်းရာဌာနတော် တန်ဆာများအတွက် အသုံးပြုထားသော သတ္တုများအကြောင်းကို လေ့လာမှတ်သားရသည်မှာ အမှန်ပင်စိတ်ဝင်စားဖို့ကောင်းပါပေသည်။

| တန်ဆာများ | အသုံးပြုထားသော သတ္တုများ | တည်နေရာများ |
|---|---|---|
| မီးရှို့ရာယဇ်ပလ္လင် | ကြေးဝါ | တဲတော်ဝင်း |
| အင်ဒုံ (ရေစလုံ) | ကြေးဝါ | တဲတော်ဝင်း |
| ဆီမီးခုံ | ရွှေ | သန့်ရှင်းသောအခန်း |
| ရှေ့တော်မုန့် | ရွှေ | သန့်ရှင်းသောအခန်း |
| နံ့သာပေါင်းရှို့သော ပလ္လင် | ရွှေ | သန့်ရှင်းသောအခန်း |
| ပဋိညာဉ်သေတ္တာတော် | ရွှေ | အသန့်ရှင်းဆုံးသောအခန်း |

သန့်ရှင်းရာဌာနတော်၏ နံရံများတို့ကို ရွှေကွပ်သော ပျဉ်ပြားများဖြင့် ကာရံထားပြီး ထိုပျဉ်များတို့ ကို ငွေခြေစွပ်များဖြင့် တွဲဆက်ထားပါသည်။

> တဲတော်ကာရန်ထောင်ထားရသော အကာရှပျဉ်ပြားတို့ကိုလည်း လုပ်ရမည်။ (၁၆) ပျဉ်ပြားသည် အလျားဆယ်တောင်၊ အနံတတောင်ထွာ ရှိရမည်။ (၁၇) ထိုပျဉ်ပြား ရှိသမျှတို့၌ ခြေထောက်နှစ်ခုစီ တတန်းတည်းရှိစေခြင်းငှာ လုပ်ရမည်။ (၁၈) တဲတော် တောင်ဘက်၌ ကာရန်ပျဉ်ပြား နှစ်ဆယ်ကို လုပ်ရမည်။ (၁၉) ထိုပျဉ်ပြားနှစ်ဆယ်တွင်၊ တပြားအောက်၌ ခြေထောက်နှစ်ခုစီစွပ်စရာဘို့ **ငွေခြေစွပ် လေးဆယ်ကိုလုပ်ရမည်။** .....(၂၉) **ပျဉ်ပြားတို့ကို ရွှေနှင့်မွမ်းမံရမည်။ ကန့်လန့်ကျင်လျှိုဘို့ရာ ရွှေကွင်းကို လည်း လုပ်၍၊** ကန့်လန့်ကျင်တို့ကို ရွှေနှင့်မွမ်းမံရမည်။ ထွက်မြောက်ရာကျမ်း ၂၆း၁၅-၁၉၊ ၂၉။

သန့်ရှင်းရာဌာနတော်တွင် အသုံးပြုထားသော အတွင်းကုလားကာများကို ရွှေချောင်းများဖြင့် တွဲဆက်ထားပြီး အပြင်ကုလားကာများကိုမူ ကြေးဝါချောင်းများနှင့် တွဲဆက်ထားပါသည်။

> တနည်းကား၊ ပြာသောအထည်၊ မောင်းသောအထည်၊ နီသောအထည်ဖြင့်ပြီးသော ခေရုဗိမ်အရုပ်နှင့် ချယ်လှယ်သော၊ ပိတ်ချောကုလားကာဆယ်ထည်ဖြင့် တဲတော်ကိုလုပ် ရမည်။... (၆) **ရွှေချောင်းငါးဆယ်ကိုလည်းလုပ်၍၊ ထိုရွှေချောင်းဖြင့် ကုလားကာများ ကို ပူးတွဲသဖြင့်၊** တဲတော်တဆောင်တည်းဖြစ်ရမည်။ ထွက်မြောက်ရာကျမ်း ၂၆း၁၊ ၆

> တဲတော်ဖုံးအုပ်ဘို့ အခြားသော ကုလားကာဆယ့်တစ်ထည်ကို ဆိတ်မွေးနှင့် လုပ်ရ မည်။ ...... (၁၁) **ကြေးဝါချောင်း ငါးဆယ်ကိုလည်း လုပ်၍၊ ကွင်းတို့၌ လျှိုပြီးလျှင်၊** အပေါ်တဲ တပိုင်းနှင့်တပိုင်း ပူးတွဲသဖြင့်၊ တဲတဆောင်တည်း ဖြစ်ရမည်။ (၁၂) ထို အပေါ်တဲ၌ ပိုသော ကုလားကာတဝက်ကိုကား၊ တဲတော်နောက်ဖေးမှာ တွဲလွဲ ဆွဲထား ရမည်။ ထွက်မြောက်ရာကျမ်း ၂၆း၇၊ ၁၁-၁၂

ဧဝံဂေလိတရားတော်အားဖြင့် စင်ကြယ်ခြင်းသို့ရောက်သောသူတို့၏ စာရိတ္တများတွင် ကြေးဝါနှင့် ဆိုင်သောအရာများ အလျင်းမရှိတော့ပါချေ။ သူတို့၏ စကားများသည် စင်ကြယ်သော စကားများ ဖြစ်လာသည်။

> လျော့က်ပတ်သော စကားသည် **ငွေအပြောက်မှာ စီချယ်သော ရွှေရှောက်ချိုသီးနှင့် တူ၏။** (၁၂) နားထောင်တတ်သောသူကို လျော့က်ပတ်စွာ ဆုံးမတတ်သောသူသည် ရွှေနားတောင်းကဲ့သို့၎င်း၊ ရွှေစင်တန်ဆာကဲ့သို့၎င်း ဖြစ်၏။ သုတ္တံကျမ်း ၂၅း၁၁-၁၂

သန့်ရှင်းရာဌာနတော်၏ အပြင်ပိုင်းကုလားကာများအား တွဲဆက်ထားပေးသည့် ကြေးဝါးချောင်းတို့သည် ကျွန်ုပ်တို့၏ ဇာတိခန္ဓာကို ပုံဆောင်သည်။ ဒုတိယအကြိမ်ကြွလာခြင်းတွင် ကျွန်ုပ်တို့၏ သေတတ်သောခန္ဓာကို မသေနိုင်သောခန္ဓာအဖြစ်သို့ ပြောင်းလဲပေးတော်မူခြင်းအားဖြင့် ဤကြေးဝါချောင်းများကို ဘုရားသခင်နှုတ်ပယ်ပစ်ပေးတော်မူမည်ဖြစ်ပါသည်။

> နက်နဲသော အရာတခုကိုငါပြဦးမည်။ ငါတို့ ရှိသမျှသည် အိပ်ပျော်ရကြမည်မဟုတ်။ (၅၂) သို့သော်လည်း၊ နောက်ဆုံးသော တံပိုးမှုတ်သောအခါ၊ တခဏခြင်းတွင် မျက်စိတမှိတ်၌ ငါတို့ရှိသမျှသည် ပြောင်းလဲခြင်းသို့ ရောက်ရကြမည်။ ထိုတံပိုးမှုတ်ချိန်ရောက်သောအခါ၊ သေလွန်သောသူတို့သည်၊ မပုပ်နိုင် သောအဖြစ်၌ တည်လျက်ထမြောက်၍၊ ငါတို့ရှိသမျှသည် ပြောင်းလဲခြင်းသို့ ရောက်ရကြမည်။ (၅၃) **ယခုမျက်မှောက်ပုပ်တတ်သောအရာသည် မပုပ်နိုင်သောအဖြစ်သို့ ဝင်စားရမည်။ ယခုမျက်မှောက် သေတတ်သောအရာသည် မသေနိုင်သောအဖြစ်သို့ ဝင်စားရမည်။** ၁ ကော ၁၅း၅၁-၅၃

ကောင်းကင်မြို့တော်ကြီးကို ရွှေစင်ဖြင့် တည်ဆောက်တော်မူလိမ့်မည်ဖြစ်သည်။ ထိုရွှေစင်ကားယင်းမြို့တော်တွင် နေထိုင်မည့်သူများတို့၏ အကျင့်စာရိတ္တကို ပုံဆောင်လေသည်။

> မြို့ရိုးကိုယ်သည် နဂါးသွဲ့ကျောက်ဖြစ်၏။ မြို့သည်လည်း **ကြည်လင်သောဖန်နှင့် တူသော ရွှေစင်ဖြစ်၏။** ဗျာဒိတ်ကျမ်း ၂၁း၁၈

> သင်သည်ဥစ္စာရတတ်ခြင်းငှါ၊ မီးနှင့်ချွတ်ပြီးသောရွှေကို၎င်း၊ …… ငါ့ထံမှာဝယ်လော့။ ဗျာဒိတ်ကျမ်း ၃း၁၈

ရှေ့ကသင်ခန်းစာတွင် လေ့လာခဲ့ရသည်အတိုင်း ကြေးဝါဆိုသည်မှာ လူလုပ်ပစ္စည်းတစ်မျိုးဖြစ်သည်။ (ကမ္ဘာ ၄း၂၂)။ ဘုရားနှင့် ဆိုင်သောအရာများကို လူ့အတွေးအခေါ်နှင့်အညီ ပေါင်းစပ်ဖို့ကြိုးစားနေခြင်းအမှုကို ပုံဆောင်ပါသည်။ ဘုရားသခင်၏လမ်းသည် သန့်ရှင်းရာဌာနတော်၌

ရှိပါ၏။ တဲတော်ဝင်း(ခေါ်) ဗိမာန်တော်တံတိုင်း အပြင်ဘက်မှနေ၍ အသန့်ရှင်းဆုံးသော အခန်းထဲသို့ ကျွန်ုပ်တို့ လျှောက်လှမ်းသွားကြသည့်အခါ ကြေးဝါသတ္တုများတို့သည် အပြင်ဘက်၌ ကျန်ရှိနေခဲ့မည်ဖြစ်ပြီး ရွှေနှင့် ငွေများကိုသာ အတွင်းပိုင်းတွင် ကျွန်ုပ်တို့တွေ့မြင်ရလိမ့်မည် ဖြစ်သည်။ ခရစ်ယာန်အသက်တာနှင့်အညီ ကျွန်ုပ်တို့ အသက်ရှင်လျှောက်လှမ်းလာကြသည့်အခါ တဲတော်ဝင်း (ခေါ်)ဗိမာန်တော်တံတိုင်းကို အပြင်ဘက်တွင် ကျွန်ုပ်တို့ ချန်ရစ်ထားခဲ့ရလိမ့် မည်ဖြစ်သည်။ အကြောင်းမှာ ထိုအရပ်ကို တပါးအမျိုးသားများလက်၌ အပ်ပေးထားတော်မူသော ကြောင့်ဖြစ်သည်။

> တဖန်လှံတံနှင့်တူသော ကျူပြင်တလုံးကို ငါ့အားပေး၍ ငါ့ကို ပြောဆိုသည်ကား၊ ထလော့။ ဘုရားသခင်၏ ဗိမာန်တော်နှင့်ယဇ်ပလ္လင်ကို တိုင်းလော့။ ဗိမာန်တော်၌ ကိုးကွယ်သော သူတို့ကိုလည်း ရေတွက်လော့။ (၂) **ဗိမာန်တော်တန်တိုင်းကို မတိုင်းနှင့်၊ ပယ်ထားလော့။ တပါးအမျိုးသားတို့၌ အပ်ပေးပြီ။** သူတို့သည် သန့်ရှင်းသော မြို့တော်ကို ၊ လ လေးဆယ်နှစ်လပတ်လုံး နင်းကြလိမ့်မည်။ ဗျာဒိတ်ကျမ်း ၁၁း၁-၂

တဲတော်ဝင်း(ခေါ်) ဗိမာန်တော်တံတိုင်းသည် တပါးအမျိုးသားများအဖို့ဖြစ်သည်။ ထိုအရပ်တွင် ကြေးဝါအတွေးအခေါ်များနှင့် ညစ်ညူးခြင်းရှိသော အပြစ်သားများက ဇဝ်ဂေလိသတင်းစကား နှင့် ပထမအကြိမ် စတင်တွေ့ဆုံရသည်။ မီးရှို့ရာယဇ်ပလ္လင်က ခရစ်တော်၏ လက်ဝါးကားတိုင် တော်ကို ပုံဆောင်ပါသည်။ ကားတိုင်တော်ကို ကြေးဝါသတ္တုနှင့် ပုံဆောင်ထားပါသည်။ ထို့ကြောင့် ထိုအရာသည် လူလုပ်သော အရာတစ်ခုပင်ဖြစ်ပေသည်။ လူနှင့်ဆိုင်သော တရားမှုစည်းမျဉ်း ဥပဒေသများနှင့် ညီညွတ်မှုရှိစေရန်အတွက် ထိုအရာ(ကားတိုင်)ကို လူသားများလိုအပ်ခဲ့ကြ ပါသည်။ ကားတိုင်တော်နှင့် ကျွန်ုပ်တို့ တွေ့ဆုံပြီးနောက်တွင်၊ ကြေးဝါအင်ဒုံ၌ တွေ့ရသည့် မှန်အားဖြင့် ကျွန်ုပ်တို့၏ ဒုစရိုက်အပြစ်ကို ဘုရားသခင် ပွားများစေတော်မူပါသည်။

> ပရိသတ်စည်းဝေးရာ တဲတော်တံခါးရှေ့မှာ စည်းဝေးတတ်သော မိန်းမတို့၏ **ကြေးဝါမှန်များကို** ယူ၍ ကြေးဝါ အင်တုံနှင့် ကြေးဝါခြေထောက်ကို လုပ်လေ၏။ ထွက်မြောက်ရာ ကျမ်း ၃၈း၈

ပညတ်တော်၏အလင်းတော်အောက်၌ လူသားများ မိမိကိုယ်ကိုယ် ပြန်လည်ရှုမြင်သုံးသပ် လာ ကြသောအခါ မိမိတို့ကိုယ်ကို စိတ်ပျက်မိသည့် အဆင့်တစ်ခုထိတိုင်အောင် မိမိတို့အပြစ်များကို

သူတို့ပြန်မြင်လာမိပါသည်။ ခရစ်တော်၏ဝိညာဉ်တော် ဝင်ရောက်လာသောအခါ ကိုယ်အပြစ်တို့ကို ကျွန်ုပ်တို့ နက်ရှိုင်းစွာ ပြန်လည်တွေ့မြင်လာရသည်။

ဥပဒ္ဒကာယ်ဆရာသည် ရောက်လာလျှင်၊ **ဒုစရိုက်အပြစ်ကိုင်း၊** အပြစ်ကင်းခြင်းကိုင်း၊ အပြစ်စီရင်ခြင်း ကိုင်း၊ **လောကီသားတို့အား ထင်ရှားစွာဘော်ပြမည်။** ရှင်ယောဟန်ခရစ်ဝင် ၁၆း၈

စိတ်ပျက်လက်ပျက်ဖြစ်နေစဉ်၊ မီးရှို့ရာယဇ်ပလ္လင်နံဘေးတွင်ရပ်လျက် ယဇ်ပလ္လင်ထက်က သိုးသငယ်ကို မျှော်ကြည့်ရင်း မိမိတို့အား ဘုရားသခင်ခွင့်လွှတ်တော်မူသည်ဟု အမှန်တကယ်ယုံကြည်ခံစားမိသောသူတို့အဖို့မှာမူကား ကျေးဇူးတော်ပွားများနေလျက်ရှိပြီး ဒုက္ခမှိုက်(ဒုက္ခမီးဖို)၌ စစ်ခြင်းခံရသည့် ရွှေ တည်းဟူသော စစ်မှန်သောယုံကြည်ခြင်းကို သူတို့စတင်သိမှီး လာကြလေတော့သည်။

ထိုမှတပါး၊ ပညတ်တရားသည် တဖန်ဝင်သဖြင့် ပြစ်မှားသောအပြစ်ပွါးများ၏။ သို့သော်လည်း အပြစ်ပွါးများသည် အရာမှာ ကျေးဇူးတော်သာ၍ ကြွယ်ဝ၏။ ရောမဩဝါဒစာ ၅း၂၀

ရွှေတည်းဟူသော ကျွန်ုပ်တို့၏ယုံကြည်ခြင်း ပွားများလာသည်နှင့်အမျှ ကြေးဝါတည်းဟူသော ကျွန်ုပ်တို့၏ ယခင်အတွေးအခေါ်များ တဖြည်းဖြည်းနှုတ်ပစ်ခြင်းခံရပြီး နောက်ဆုံးတွင် သံဝေဂတရား(အပြစ်ရှိသည့်ခံစားမှု) အလျင်းကွယ်ပျောက်သွားလေတော့သည်။

တည်စေနိုင်လျှင်၊ ဝတ်ပြုသောသူတို့သည် တခါတည်းနှင့် စင်ကြယ်ခြင်းသို့ရောက်ပြီးမှ၊ **နောက်တဖန် သံဝေဂတရားရစရာအကြောင်း အလျှင်းမရှိသည်ဖြစ်သောကြောင့်၊** ထိုယဇ်တို့ကို တခါတည်းသာပူဇော်၍၊ နောက်တဖန် မပူဇော်ဘဲနေရကြမည်မဟုတ်လော။ ဟေဗြဲဩဝါဒစာ ၁၀း၂

ထို့နောက်၊ ယဇ်ပူဇော်ခြင်း အတွေးများ အလျင်းမရှိတော့ပါချေ။ ကျောက်ကို ရိုက်ပစ်ခြင်းမျိုးမရှိတော့ပဲ ကျောက်ကို စကားပြော(မှာထား)ရုံမျှသာ ရှိတော့မည်ဖြစ်သည်။

ယခုမူကား ယဇ်ပူဇော်သည်တွင် အပြစ်များကို နှစ်တိုင်းအောက်မေ့ခြင်းရှိ၏။ (၄) **အကြောင်းမူကား၊ နွား၊ ဆိတ်၏အသွေးသည် အပြစ်ကို မပယ်နိုင်ရာ**။ (၅) ထိုကြောင့်၊ ခရစ်တော်သည် ဤလောကသို့ ကြွလာသောအခါ၊ အိုဘုရားသခင်၊ **ကိုယ်တော်သည် ယဇ်နှင့်ပူဇော်သက္ကာကို အလိုတော်မရှိ သည်ဖြစ်၍၊** အကျွန်ုပ်အဘို့ကိုယ်ခန္ဓာကို ပြင်ဆင်တော်မူပြီ။ (၆) **မီးရှို့ရာယဇ်နှင့် အပြစ်ဖြေရာယဇ်များကို အားရနှစ်သက်တော်မမူသောအခါ၊** ကျမ်းစာလိပ်၌ အကျွန်ုပ်ကို အမှတ်ပြု၍ ရေးထားသည်နှင့်အညီ၊ (၇) အကျွန်ုပ်သည် ကိုယ်တော်၏အလိုကို ဆောင်အံ့သောငှါ သွားပါမည်ဟု အကျွန်ုပ်ဝန်ခံပါသည်ဟု လျှောက်ဆို၏။ (၈) **ပညတ်တရားအတိုင်းပြုရသော** ဝတ်ကိုရည်ဆောင်လျက် ခရစ်တော်က၊ မီးရှို့ရာယဇ်၊ အပြစ်ဖြေရာယဇ်အစရှိသော **ယဇ်များနှင့် ပူဇော်သက္ကာများတို့ကို ကိုယ်တော်သည် အလိုတော်မရှိ၊ အားရနှစ်သက်တော်မမူဟု** အထက်ကဆိုနှင့်ပြီးမှ၊ (၉) **တဖန်တုံ၊ အိုဘုရားသခင်၊ အကျွန်ုပ်သည် ကိုယ်တော်၏ အလိုကို ဆောင်အံ့သောငှါ သွားပါမည်ဟု ဆိုသည်တွင်၊ ဒုတိယဝတ်ကို တည်စေခြင်းငှါ ပဌမဝတ်ကိုပယ်၏။** (၁၀) ထိုအလိုတော်နှင့်အညီ ယေရှုခရစ်၏ ကိုယ်တော်ကို တခါတည်း ပူဇော်သောအားဖြင့်၊ ငါတို့သည် စင်ကြယ်ခြင်းသို့ ရောက်ကြ၏။ ဟေဗြဲ ၁၀း၃-၁၀

ကြေးဝါမြွေရုပ်အားဖြင့် ပုံဖေါ်ထားခဲ့သည်အတိုင်းပင် လူသားအားလုံးတို့အဖို့ ယေရှုတစ်ခါတည်း အသေခံတော်မူခဲ့ပါသည်။ သို့ရာတွင် ဝိညာဉ်တော်နှင့် ကျွန်ုပ်တို့ပြည့်ဝကြသောအခါ ကားတိုင်တော်ကို လုံးဝခြားနားသည့် အမြင်တစ်မျိုးဖြင့် ကျွန်ုပ်တို့မြင်တတ်လာမည်ဖြစ်သည်။ ခရစ်တော်၏ ကိုယ်ကိုငြင်းပယ်ခြင်းအမှုနှင့် ထိုခရစ်တော်၌ ထင်ရှားတော်မူသည့် ဘုရားသခင်၏ စာရိတ္တတော်ကိုသာ ကျွန်ုပ်တို့ အဓိက အာရုံစိုက်လာကြမည်ဖြစ်သည်။ မီးရှို့ရာယဇ်ပလ္လင်(ကျောက်အားရိုက်ပစ်ခြင်း) နေရာတွင် နံ့သာပလ္လင်(ကျောက်အား စကားပြောခြင်း) ဝင်ရောက်နေရာယူလိမ့်မည်ဖြစ်ပါသည်။ ကရာနီကုန်းထက်က အသွေးသွန်းခြင်းအဖြစ်အပျက်မှသည် ဂေသရေမာန်ဥယျာဉ်အတွင်း အသွေးသွန်းခြင်းဘက်သို့ ကျွန်ုပ်တို့အာရုံစိုက်လာကြလိမ့်မည်ဖြစ်သည်။ ဂေသရေမာန်ကား ခမည်းတော် စေခိုင်းသောအမှုတော်ကို ယေရှု ပြီးစီးဆောက်ရွက်ခဲ့သည့် အရပ်ပေတည်း။

ရှင်ယောဟန်ခရစ်ဝင် ၁၇း ၄ - အကျွန်ုပ်သည် မြေကြီးပေါ်မှာကိုယ်တော်ကို ဘုန်းထင်ရှားစေပါပြီ။ အကျွန်ုပ်ဆောင်ရွက်စရာဘို့ အကျွန်ုပ်အပ်ပေးတော်မူသောအမှုကို အကျွန်ုပ်ဆောင်ရွက်၍ ပြီးပါပြီ။

ချစ်သောအပြစ်သား၊ မျှော်ကြည့်ခြင်းဖြင့် သင်အသက်ရှင်ပါလေ။ လောကကို စီရင်ခြင်းအလိုငှါ ဤလောကထဲသို့ မိမိသားတော်အား ဘုရားသခင် စေလွှတ်တော်မမူခဲ့ပါ။ (ယောဟန် ၃း၁၆-၁၇)။ မိမိစာရိတ္တာတော်ကို ထင်ရှားစေဖို့နှင့် ဘုရားသခင် ပေးတော်မူသော ခွင့်လွှတ်ခြင်းတရားအား ကျွန်ုပ်တို့ယုံကြည်နိုင်ကြဖို့အတွက် ကျွန်ုပ်တို့အပြစ်များကို ယူတင်ဝတ်ဆောက်ပေးရန် သားတော်ကို ဘုရားသခင် စေလွှတ်တော်မူခဲ့ခြင်းသာဖြစ်သည်။

"ဤအမှုကား သင့်အပြစ်ကြောင့် သင့်အပေါ်၌ ငါကျရောက်စေမည့်အမှုဖြစ်သော်လည်း သင့်အစား ငါ့အမျက်တော်အားဖြင့် ငါ၏သားတော်ကို အသေသတ်ရန် ငါဆုံးဖြတ်လေပြီ။"ဟု ကျွန်ုပ်တို့၌ မိန့်ကြားလိုသည့် ရည်ရွယ်ချက်ဖြင့် မိမိသားတော်အား ခမည်းတော် စေလွှတ်ခဲ့ခြင်းမဟုတ်ပါချေ။ မိမိ သားသမီးများအဖို့ အဘယ်မည်သော ရည်ရွယ်ချက်ဖြင့် သားတော်ကို ဘုရားသခင် စေလွှတ်တော်မူခဲ့သနည်း။ ရွှေ(ယုံကြည်ခြင်း) နယ်ပယ်မှနေ၍ ကားတိုင်တော်အား ပြန်လည်လေ့လာဆန်းစစ်ပြီး သင့်အား ဝမ်းသာမျက်ရည်ကို စီးကျလာစေမည့် အလွန်အဖိုးထိုက်သော အရာတစုံတခုကို သင် ရှုမြင်လိုက်ပါလေ။

ကြေးဝါတဲတော်ဝန်းကို စွန့်၍ ရွှေနှင့် ငွေအရပ်တည်းဟူသော သန့်ရှင်းသောအခန်းထဲသို့ သင်ဝင်ရောက်လာသောအခါ ဘုရားသခင်၏ တရားမှုသည် လူသားတို့၏ တရားမှုနှင့် လွန်စွာကွဲပြားခြားနားမှုရှိနေသည်ကို သင်တွေ့မြင်ရပေလိမ့်မည်။ ကျွန်ုပ်တို့အား မိန့်ထားတော်မူသည်ကား၊

> ဆိုးသော သူသည် မိမိလမ်းကိုငင်း၊ မတရား သောသူသည် မိမိအကြံတို့ကိုငင်း စွန့်ပစ်၍၊ ထာဝရဘုရားထံတော်သို့ ပြောင်းလဲပါစေ။ သို့ပြုလျှင် သနားတော်မူလိမ့်မည်။ **ငါတို့ ဘုရားသခင့်ထံတော်သို့ ပြောင်းလဲပါစေ။ သို့ပြုလျှင် အထူးသဖြင့် အပြစ်ကို လွှတ်တော်မူလိမ့်မည်**။ (၈) ထာဝရဘုရားမိန့်တော်မူသည်ကား၊ **ငါ၏ အကြံအစည်သည် သင်တို့၏ အကြံအစည်နှင့်မတူ။** ငါ၏ အကျင့်သည်လည်း သင်တို့၏ အကျင့်နှင့်မတူ။ (၉) **မိုဃ်းကောင်းကင်သည် မြေကြီးထက်သာ၍ မြင့်သကဲ့သို့ ငါ၏အကျင့်သည် သင်တို့၏ အကျင့်ထက်ငင်း၊ ငါ၏အကြံအစည်သည် သင်တို့၏ အကြံအစည်ထက်ငင်း သာ၍ မြင့်၏။** (၁၀) မိုဃ်းရေနှင့် မိုဃ်းပွင့်တို့သည် မိုဃ်းကောင်းကင်မှ ဆင်းသက်၍ နောက်တဖန်မပြန်၊ မြေသည် မျိုးစေ့ကြဲသောသူအား မျိုးစေ့ကိုငင်း၊ အစားစားသောသူအား အစာကိုငင်းပေးမည်အကြောင်း၊ မြေကို စိုစေသဖြင့်၊ အပင်ပေါက်စေ၍၊ အသီးကို သီးစေသကဲ့သို့၊ (၁၁)ထိုအတူ ငါ၏နှုတ်ကပတ်စကားသည် ဖြစ်လိမ့်မည်။

> အကျိုးမရှိဘဲ ငါ့ထံသို့ မပြန်ရ။ ငါ့အလိုကို ပြည့်စုံစေမည်။ ငါစေခိုင်းသော အမှု၌ အောင်လိမ့်မည်။ (၁၂) **သင်တို့သည် ဝမ်းမြောက်သော စိတ်နှင့်ထွက်၍၊ ချမ်းသာစွာ ပို့ခြင်းကို ခံရကြလိမ့်မည်။ တောင်ကြီး တောင်ငယ်တို့သည် သင်တို့ရှေ့မှာ သီချင်းဆိုသံနှင့် ကြွေးကြော်၍၊ တော၌ရှိသမျှသော အပင်တို့သည် လက်ခုပ်တီးကြလိမ့်မည်။** (၁၃) အမျိုးမျိုးသော ဆူးပင်အရာ၌ ထင်းရှူးပင်နှင့် မုရတုပင်တို့သည် ပေါက်ကြလိမ့်မည်။ **ထိုအမှုသည် ထာဝရဘုရားရှေ့တော်၌ အောက်မေ့ဘို့ရာ၊ မပျောက်မပျက်ရသော ထာဝရသက်သေ ဖြစ်ရလိမ့်မည်။** ဟေရှာယအနာဂတ္တိကျမ်း ၅၅း၇-၁၃

အပြစ်၌ ကျရှုံးသွားသော လူသားနှင့် ကောင်းကင်တမန်များတို့၏ ကြေးဝါတရားမျှတမှုကို စွန့်ထားချွတ်ပယ်လျက် ခရစ်တော်၏ ကားတိုင်တော်အား သာ၍ကျယ်သောအမြင်၊ ပိုမိုလှသော အလင်းဖြင့် သင်ရှုမြင်တတ်ဖို့ ကျွန်ုပ် အလေးအနက် ဆုတောင်းလိုပါ၏။ အလုံးစုံသော ကြောက်မက်ဖွယ်ရာအမှုများတို့ကို ဖယ်ရှားပေးနိုင်သည့် ဘုရားသခင့် အာဂပေမေတ္တာတော်၏ ချိုသာသောအလင်းတော် ထဲသို့ သင်တိုးဝင်ပါလေ။

ကျေးဇူးမေတ္တာ၊ အံ့ဖွယ်ချိုသာ၊ ပြစ်သားငါ့ကို ကယ်ရှာ။
ပျောက်ဆုံးရာမှ ပြန်တွေ့ခဲ့ပြီ၊ ကန်းသောမျက်စိ မြင်ပြီး။

သက်တာခရီး၊ ကြောက်ဖွယ်လမ်းမှား၊ ကျေးဇူးတော် စဉ်ရှိပါ။
ယုံသည့်ချိန်မှာ ရဲရင့်အားရှိ၊ ကြောက်ခြင်းလျှင်းမရှိပြီ။

ဒုက္ခပြည့်ဝ၊ ပြစ်နွံတွင်းမှ၊ ကိုယ်တော်ထံသို့လာပြီ။
ငါ့အားကယ်တင် ကျေးဇူးတော်သည်၊ အိမ်တော်သို့ ပို့ဆောင်မည်။

နေထက်တောက်ပ၊ ထိုပြည်တော်မှာ၊ အံ့ဖွယ်ကျေးဇူးတော်များ။
ရှေးကကဲ့သို့ ချီးမွမ်းဆိုမည်၊ ကုန်ဆုံးခြင်းမရှိပြီ။

## ၉။ နိဂုံးချုပ်ဆုတောင်း (Selah)

ချစ်စွာသော အကျွန်ုပ်၏ ကယ်တင်ရှင်၊ အကျွန်ုပ်ရှိရာ အပြစ်အမှောင်ကမ္ဘာထဲသို့ ကိုယ်တော် ဆင်းကြွခဲ့လေပြီ။ အကျွန်ုပ် နားလည်လက်ခံနိုင်မည့် အဓိပ္ပါယ်မျိုးနှင့် ခမည်းတော်၏ ခွင့်လွှတ်ခြင်းတရားကို အကျွန်ုပ်အား ကိုယ်တော်ပေးခဲ့လေပြီ။ ကျွန်ုပ်အဖို့ ကိုယ်တော်ခံစားရသည့် သောကများအတွက် အကျွန်ုပ်ငိုးကြွေးမိပါ၏။ ပျောက်သောသိုးများကို ကယ်တင်အံ့သောငှါ၊ ခမည်းတော်၏ ကရုဏာတော်အပြည့်ဖြင့် ဤလောကအမှောင်ညကို ရဲဝံ့စွာ ကိုယ်တော် ရင်ဆိုင်ခဲ့လေပြီ။

ကိုယ်တော်ပြုသော အမှုများကို ဆင်ခြင်စဉ်းစားကြည့်ရန် ကျွန်ုပ်၏ရင်ခုန်သံများ အလွန်ပင် နှေးကွေးနေခဲ့ပါသည်တကား။ ကိုယ်တော့်မေတ္တာတော်၏ အတိမ်အနက်ကို ထာဝရကာလပတ်လုံး အကျွန်ုပ် စစ်၍မကုန်နိုင်ပါ။ ကိုယ်တော့်မေတ္တာစမ်းရေတွင်းမှ စီးဆင်းသောရေကို အစဉ်သောက်သုံးပြီး အကျွန်ုပ်အစဉ် မြတ်နိုးခြင်းရှိပါမည်။

အဖိုးထိုက်သော သိုးသငယ်၊ ကိုယ်တော်သွားလေရာနောက်သို့ အကျွန်ုပ် လိုက်သွားလိုပါ၏။ အဆုံး အစမဲ့သော အဖိုးအခဖြင့် ကျွန်ုပ်အား ကိုယ်တော် ရွေးဝယ်ခဲ့လေပြီ။ ကိုယ်တော့်မေတ္တာတော်နှင့် အကျွန်ုပ်မထိုက်ပါဟု တခါတရံ ခံစားမိသော်လည်း ကျွန်ုပ်အား ကိုယ်တော် စွန့်ပစ်ချန်ရစ်မည်မဟုတ်ကြောင်း အကျွန်ုပ်ယုံကြည်ပါ၏။ ကျွန်ုပ်အား နှစ်သိမ့်ကောင်းချီးပေးခြင်းငှါ ကိုယ်တော် စေလွှတ်တော်မူသည့် အဖိုးထိုက်ဝိညာဉ်တော်အတွက် ကိုယ်တော်အား ကျွန်ုပ်ကျေးဇူးတင်ပါ၏။

ချစ်စွာသော ကယ်တင်ရှင်၊ ဤသတင်းစကားအားဖြင့် အကျွန်ုပ်၌ ကိုယ်တော်ပေးတော်မူသမျှသော သူတို့ကိုလည်း နိုင်ငံတော်ထဲသို့ အကျွန်ုပ် အလွန်တရာ ဝင်စားစေလိုပါ၏။ သူတို့အဖို့ ကိုယ်တော့်၏မေတ္တာတော်ကို အကျွန်ုပ် ခံစားမိပါ၏။ သူတို့၏ ကယ်တင်ခြင်းအဖို့အလို့ငှါ အကျွန်ုပ် အလွန်စိတ်အားကြီးပါ၏။ သားသမီးများအဖို့ ထားတော်မူသော ကိုယ်တော်၏ မေတ္တာတော်အား မြည်းစမ်းရသောအခွင့်နှင့်အတူ လောကကြီးအား ခမည်းတော်ကို ဧကန်သိကျွမ်းစေလိုသည့် ကိုယ်တော်၏အလိုတော်နှင့် ထပ်တူညီရသောအခွင့်အတွက် ကိုယ်တော်အား ကျေးဇူးတင်ပါ၏။

ခမည်းတော်၏ဘုန်းကို ကျွန်ုပ်တို့၌ ကိုယ်တော် လှပစွာထင်ရှားစေခဲ့သည်နည်းတူ ကိုယ်တော်၏ ဘုန်းကို အကျွန်ုပ် ထင်ရှားစေနိုင်ရန်အလို့ငှါ ချစ်ဖွယ်သောဝိညာဉ်တော်ကို ကျွန်ုပ်အား ကိုယ်တော် ပေးတော်မူပါ။ ရန်ငြိမ်းခြင်းအမှုတော်ကို အကျွန်ုပ်တို့၌ ကိုယ်တော် အပ်နှင်းထားသည်ဖြစ်၍၊ လူသားတို့၏နှလုံးသားများ စင်ကြယ်ခြင်းရှိရန်အလို့ငှါ အကျွန်ုပ်တို့အထဲ၌ ကိုယ်တော်ထင်ရှားခြင်း ရှိပါစေသော။

ကားတိုင်တော်၏ စစ်မှန်သောအလှတရားကို မြင်တွေ့နိုင်ရန်နှင့် ကိုယ်တော်သည် ချစ်ဖွယ်သော ခမည်းတော်၏ ဘုန်းထင်ရှားခြင်းအကြောင်းပင်ဖြစ်သည်ကို လူတိုင်း ဒူးထောက်၍ နှုတ်ဖြင့်ဝန်ခံ အံ့သောငှါ ဤစာအုပ်ကို ဖတ်ရှုသောသူအပေါင်းတို့အား မျက်စဉ်းကို ကိုယ်တော်ပေးတော်မူပါ။

မြတ်တော်မူသော သခင်ယေရှု နာမတော်အားဖြင့် ဆုတောင်းပါ၏။

အာမင်။

**https://maranathamedia-myanmar.com မှ ရရှိနိုင်မည့် အခြားသောစာအုပ်များ အသံဖိုင်များနှင့်တကွ အခမဲ့ ဒေါင်းလုတ်ဆွဲယူနိုင်ပြီး။**

## အာဂပေမေတ္တာ (Agape)

ဓမ္မဟောင်းကျမ်းဘုရားနှင့် ဓမ္မသစ်ကျမ်း၌ ယေရှုဖော်ပြခဲ့သည့် ဘုရားမှာ တစ်ဆူတည်းသော ဘုရားပင်ဖြစ်ကြောင်း ထောက်ခံပြထားပေးသည့် ကျမ်းအထောက်အထားများကို ဤစာအုပ်တွင် အတွင်းကျကျ လေ့လာတွေ့ရှိရပါမည်။ ယခင်က မတွေးမိဘူးသည့် များစွာသော ကျမ်းစာပုံပြင် များတို့ကို ဤစာအုပ်တွင် အသေးစိတ်နှင့် အချက်ကျကျ ဆွေးနွေးတင်ပြထားပေးပါသည်။ စာမျက်နှာ ၃၀၀ သာ ပါရှိသည့် ဤစာအုပ်သည် အမှန်တကယ် အဖြေရှာနေကြသူများအဖို့ စိတ်ဝင် စားစရာကောင်း သည့် စာအုပ်တစ်အုပ်ဖြစ်သည်။

## မူလမေတ္တာ (Original Love)

အိမ်ထောင်ရေးကိစ္စများတွင် ဆိုးရွားသည့် ခြိမ်းခြောက်မှုများ ရှိနေတတ်ပါသည်။ ယေဘုယျ အားဖြင့် အိမ်ထောင်ရေးနှင့် ပေါင်းသင်းဆက်ဆံရေးများတွင် လူအများအပြား အဘယ်ကြောင့် အဆင်မပြေဖြစ်နေကြရပါသနည်း။ ကျွန်ုပ်တို့၏ ပေါင်းသင်းဆက်ဆံရေးများ တိုးတက်ကောင်း မွန်လာဖို့ရန်အတွက် ကျမ်းစာထဲမှ ကျွန်ုပ်တို့သင်ယူရရှိနိုင်မည့် မူလပေါင်းသင်းဆက်ဆံရေး အကြောင်းအရာများကို ဤမူလမေတ္တာ စာအုပ်မှ ဆွေးနွေး တင်ပြထားပေးပါသည်။ စာမျက် ၄၄ မျက်နှာသာပါရှိသည့် ဤစာအုပ်ငယ်တွင် ပျော်ရွှင်သော အိမ်ထောင်တစ်ခုအတွက် မရှိမဖြစ်လို အပ်သည့် စဉ်းမျဉ်းဥပဒေသများကို ထည့်သွင်းဖော်ပြထားပေးပါသည်။

## ဇာစ်မြစ်ရှင်းတမ်း (Identity Wars)

ကိုယ်ပိုင်ဘဝတိုက်ပွဲများ စာအုပ်သည် မိမိကိုယ်ကို စူးစမ်းရှာဖွေမှုပြုရသည့် ဘဝခရီးစဉ်တစ်ခု အကြောင်းကို ပုံဖော်ပြထားပေးသည့် စာအုပ်ဖြစ်သည်။ မိမိ၏ဘဝတန်ဖိုးကို ကျိုးကြောင်းဆက် စပ်မှုရှိရှိဖြင့် သင်ယူနားလည်နိုင်ရန် ဤစာအုပ်မှ သင့်အား ဖိတ်ခေါ်ထားပါသည်။ စွမ်းဆောင်ရည် ကျဆင်းစေသည့် ဤလောက၏ ပုံသေအတွေးအခေါ်ထဲမှ သင့်အား လွတ်မြောက်စေပြီး သင်၏ အရေးအကြီးဆုံးသော ပေါင်းသင်းဆက်ဆံရေးမျာအတွက် လွတ်လပ်မှုကို ပေးစွမ်းမည့် စဉ်မျဉ်း ဥပဒေသများကို ဤစာအုပ်တွင် ထည့်သွင်းဖော်ပြထားပေးသည်။

# ကားတိုင်တော်အား ဆန်းစစ်ခြင်း

နှင့်

# ကားတိုင်တော်အား တွေ့ဆုံခြင်း

ကားတိုင်တော်အား အဘယ်ကြောင့် လိုအပ်ခဲ့သနည်း။ အဘယ်သူ လိုအပ်ခဲ့သနည်း။

ကျွန်ုပ်တို့၏ ကယ်တင်ခြင်းအဖို့ ကားတိုင်တော်ကို အဘယ်ကြောင့် လိုအပ်ခဲ့သနည်း။

မိမိသားတော်၏ အသေခံတော်မူခြင်းအားဖြင့် ဘုရားသခင် အမျက်တော်ပြေငြိမ်းခဲ့ပါသလား။

ဘုရားသခင်၏ တရားမှုကား အဘယ်နည်း။ ကျွန်ုပ်တို့၏ တရားမှုနှင့် ကွာခြားမှုရှိပါသလား။

တိုင်ပေါ်တွင်မြောက်ထားသည့် ကြေးဝါမြွေရုပ်နှင့် မိမိကိုယ်ကို ယေရှုအဘယ်ကြောင့် နှိုင်းယှဉ်ပြတော်မူခဲ့သနည်း။

ကားတိုင်တော်အကြောင်းနှင့် ပတ်သက်ပြီး ဣသရေလလူမျိုးတို့၏ သန့်ရှင်းရာဌာနတော်က အဘယ်သို့ပြောဆိုထားပါသနည်း။

https://maranathamedia-myanmar.com